ရတနာပုံ

yadanarbonnews.com

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

၁၃၈၇ ခုနှစ် ၊ တော်သလင်းလပြည့်ကျော် (၄)ရက် ၊ ဗုဒ္ဓဟူးနေ့ ၊ (10-9-2025) ၊ အတွဲ (၃၄) ၊ အမှတ် (၁၃၃)

ဒီတာဝန်အရေးသုံးပါး

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကို အလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့် အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် စက်မှုကဏ္ဍ(Agro-based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏ လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ် မြှင့်တင်ရေး။

၃။ နိုင်ငံတော်စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များအောင်မြင်ပြီး ပြည်သူလူထုတစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာလျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး။

သမိုင်းဝင် SCO ပေါင်းစည်းမှုကြီးနှင့် မြန်မာနိုင်ငံ၏ အခွင့်အလမ်း
ဆောင်းပါး — စာမျက်နှာ - ၁၉

တရုတ်နိုင်ငံ သို့မဟုတ် ယုံကြည်စိတ်အချရဆုံး အိမ်နီးချင်းနိုင်ငံ
ဆောင်းပါး — စာမျက်နှာ - ၂၃

မြန်မာနိုင်ငံ ဘိလပ်မြေထုတ်လုပ်သူများအသင်း၏ (၄/၂၀၂၅)ကြိမ် ညီနှိုင်းအစည်းအဝေးနှင့် စီမံကိန်းကြီးကြပ်မှုကော်မတီ ညီနှိုင်းအစည်းအဝေး ကျင်းပ
စာမျက်နှာ - ၁၇

ယခင်နှစ် နေကြာစိုက်ခင်းကို တွေ့ရစဉ်။

ကလေးဝမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ နေကြာ ၆၇၅၃ ဧက စိုက်ပျိုးမည်

ကလေးဝ စက်တင်ဘာ ၉

စစ်ကိုင်းတိုင်းဒေသကြီး ကလေးခရိုင် ကလေးဝမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ နေကြာ ၆၇၅၃ ဧက စိုက်ပျိုးမည်ဖြစ်ကြောင်း ကလေးဝမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ကလေးဝမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ နေကြာ ၆၇၅၃ ဧကစိုက်ပျိုးရန်လျာထားပြီး ယခုနှစ် အောက်တိုဘာလမှ စတင်စိုက်ပျိုးမည်ဖြစ်ကြောင်း သိရသည်။

"ကလေးဝမြို့နယ် ဆောင်းသီးနှံစိုက်ပျိုးရာသီမှာ နေကြာဧက ၆၀၀၀ ကျော် စိုက်ပျိုးဖို့လျာထားပါတယ်။ လျာထားဧကပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့အတွက် ဆောင်ရွက်ပေးသွားမယ်။ ပြည်ပက တင်သွင်းတဲ့ စားအုန်းဆီကို လျှော့ချနိုင်ဖို့အတွက် ဆီထွက်သီးနှံဖြစ်တဲ့ နေကြာကို တိုးချဲ့စိုက်ပျိုးဖို့ ဆောင်ရွက်ပေးသွားပါမယ်။ ဆီထွက်သီးနှံဖြစ်တဲ့ နေကြာတစ်ဧက ဆီထွက်ရှိမှုက ကျန်တဲ့ မြေပဲ၊ နှမ်းတွေထက်များပါတယ်"ဟု ကလေးဝမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးမျိုးနိုင်က ပြောပြသည်။

ကလေးဝမြို့နယ်တွင် နေကြာတိုးချဲ့စိုက်ပျိုးနိုင်ရေးအတွက် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက ပညာပေးသင်တန်းများ အရှိန်မြှင့်တင်ဆောင်ရွက်ခြင်း၊ ဝန်ထမ်းနှင့် နေကြာစိုက်တောင်သူများ

စာမျက်နှာ ၁၇ ကော်လံ ၁

စစ်တောင်းမြစ်ရေ တောင်ဂူမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်

နေပြည်တော် စက်တင်ဘာ ၉

ယနေ့နံနက် ၆ နာရီခွဲအချိန် တိုင်းထွာချက်အရ စစ်တောင်းမြစ်ရေသည် တောင်ဂူမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ပေဝက်ခန့်ကျော်လွန်နေပြီး နောက်တစ်ရက်အတွင်း သုံးလက်မခန့်မြင့်တက်လာနိုင်ကာ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ တောင်ဂူမြို့နယ်အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် ရေဘေးလွတ်ရာနေရာများသို့ ရှောင်ရှားနိုင်ရန် သတိပေးနှိုးဆော်ထားကြောင်း မိုးလေဝသနှင့် ဧလဗေဒညွှန်ကြားမှုဦးစီးဌာနမှ သိရသည်။

ရတနာပုံ

၂၀၂၅ ခုနှစ် စက်တင်ဘာ ၁၀ ရက်

အယ်ဒီတာ့အာဘော်

တပ်မတော်သားတို့၏ ထပ်ဆင့်လောင်းနိုင်ခဲ့သော အောင်မြင်မှုအပေါင်း

ကော့ကရိတ်-သယံနိုးညီနောင်-မြဝတီ အာရှလမ်းမကြီးသည် ထိုင်းနိုင်ငံနှင့် မြန်မာနိုင်ငံတို့၏ အဓိကကုန်စည်စီးဆင်းရာ နယ်စပ်ကုန်စည်စီးဆင်းမှုလမ်းမကြီးဖြစ်သည်။ KNU၊ KNLA၊ PDF အမည်ခံ အကြမ်းဖက်သောင်းကျန်းသူများသည် ၂၀၂၁ ခုနှစ်တွင် ဖြစ်ပွားခဲ့သည့် နိုင်ငံရေးဖြစ်စဉ်များကြောင့် ဘားအံ-ကော့ကရိတ်-မြဝတီ အာရှလမ်းမကြီးကိုထိန်းချုပ်ရန်၊ နယ်စပ်ကုန်စည်စီးဆင်းမှုနှင့် အစိုးရ အုပ်ချုပ်မှုယန္တရားများရပ်တန့်စေရန်၊ မြဝတီမြို့၊ ကော့ကရိတ်မြို့၊ ဘားအံမြို့တို့ကိုသိမ်းယူကာ သီးခြားလွတ်လပ်သော ကော်သူလေးပြည်နယ်နှင့် ကော်သူလေး အစိုးရထူထောင်ရေးစီမံဆောင်ရွက်ခဲ့ပြီး အဖျက်အမှောက်လုပ်ငန်းများကို နည်းလမ်းမျိုးစုံဖြင့် လုပ်ဆောင်ခဲ့သည်။

KNU၊ KNLA၊ PDF အမည်ခံ အကြမ်းဖက်သောင်းကျန်းသူများ ခေတ္တစိုးမိုးထားသည့် နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်းတွင် အဓိကအချက်အချာကျသော ဘားအံ-ကော့ကရိတ်-မြဝတီ အာရှလမ်းမကြီး၊ ကျုံဒိုးမြို့နှင့် ကော့ကရိတ်မြို့တို့ကို ၂၀၂၅ ခုနှစ် ဧပြီ ၁၃ ရက်နေ့တွင်လည်းကောင်း၊ ကျုံဒိုး-ကော့ကရိတ်လမ်းကြောင်းတစ်လျှောက်ကို ဇူလိုင် ၂၄ ရက်တွင်လည်းကောင်း ပြန်လည်ထိန်းချုပ်ဖွင့်လှစ်ပေးနိုင်ခဲ့သည်။ ထို့ပြင် သယံနိုးညီနောင်ကို ပြန်လည်သိမ်းပိုက်နိုင်ရေးအတွက် စနစ်တကျပြင်ဆင်စု ဖွဲ့ကာ ကော့ကရိတ်မှ သယံနိုးညီနောင်ထိ စစ်ကြောင်းလေးကြောင်းဖြင့်လည်းကောင်း၊ မြဝတီမှ သယံနိုးညီနောင်သို့ စစ်ကြောင်းတစ်ကြောင်းဖြင့်လည်းကောင်း စစ်ကြောင်းများခွဲကာ ၂၀၂၅ ခုနှစ် သြဂုတ် ၂၈ ရက်မှစ၍ အကြမ်းဖက်ချေမှုနှိမ်မှုစစ်ဆင်ရေး (Counter- Terrorism Operation) ဖြင့် ဟန်ချက်ညီဖြင့်အကြမ်းဖက်သမားများကို တစ်ဆင့်ပြီးတစ်ဆင့် လိုက်လံတိုက်ခိုက်ချေမှုန်းခဲ့ရာ ၁၀ ရက်အကြာ စက်တင်ဘာ ၆ ရက် မွန်းလွဲ ၁ နာရီတွင် သယံနိုးညီနောင်တပ်နယ်အားလုံးကို တပ်မတော်စစ်ကြောင်းများက ပြန်လည်တိုက်ခိုက်သိမ်းပိုက်နိုင်ခဲ့ပြီး ထိုင်းနိုင်ငံနှင့် မြန်မာနိုင်ငံတို့၏အဓိက ကုန်စည်စီးဆင်းရာ လမ်းမကြီးပေါ်တွင်ရှိသည့် ကော့ကရိတ်- သယံနိုးညီနောင်-မြဝတီ အာရှလမ်းမကြီးတစ်လျှောက်ကို ပြန်လည်ထိန်းချုပ်နိုင်ခဲ့သည်။

တပ်မတော်စစ်ကြောင်းများအနေဖြင့် ကော့ကရိတ်-သယံနိုးညီနောင်-မြဝတီ အာရှလမ်းမကြီးကို ဖွင့်လှစ်ပြီး နယ်စပ်ကုန်စည်စီးဆင်းမှု အမြန်ဆုံးပြန်လည်ဆောင်ရွက်နိုင်ရေးနှင့် အဆိုပါလမ်းမကြီးတစ်လျှောက်တွင် ဒေသခံပြည်သူများ၊ ခရီးသွားပြည်သူများ၊ ကုန်စည်ပို့ဆောင်သည့် မော်တော်ယာဉ်များ၊ ခရီးသွားမော်တော်ယာဉ်များ ဘေးကင်းစွာဖြင့် ပုံမှန်အတိုင်း ပြန်လည်သွားလာနိုင်ရေးအတွက် နယ်မြေလုံခြုံရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်သည်။ ဒေသခံတိုင်းရင်းသားပြည်သူများအနေဖြင့်လည်း မိမိတို့၏နေရပ်များသို့ စိတ်အေးချမ်းသာစွာ ပြန်လည်နေထိုင်နိုင်ကြတော့မည်ဖြစ်သည်။ တပ်မတော်သားများနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များသည် မိမိတို့၏အသက်၊ သွေး၊ ချွေးများစွာ ကိုပင်မငဲ့ကွက်ဘဲ စွန့်လွှတ်စွန့်စားစိတ်ဓာတ်ဖြင့် ပင်ပန်းဆင်းရဲခံကာ တိုင်းရင်းသားပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်စောင့်ရှောက်နေကြသူများပင်ဖြစ်သည်။

သို့ဖြစ်ရာ တပ်မတော်အနေဖြင့် ကော့ကရိတ်- သယံနိုးညီနောင်-မြဝတီ အာရှလမ်းမကြီးကို ပြန်လည်ထိန်းချုပ်နိုင်ခဲ့သည့်အတွက် KNU အကြမ်းဖက်သောင်းကျန်းသူများ၏ စိတ်ကူးယဉ်အိပ်မက်ဖြစ်သော မြဝတီမြို့၊ ကော့ကရိတ်မြို့နှင့် ဘားအံမြို့တို့ကိုသိမ်းပိုက်ကာ သီးခြားလွတ်လပ်သော ကော်သူလေးပြည်နယ်နှင့် ကော်သူလေး အစိုးရထူထောင်ရေးအိပ်မက်ကို အပြီးတိုင်ရိုက်ချိုး ဖျက်ဆီးနိုင်ခဲ့သည်။ ကော့ကရိတ်-သယံနိုးညီနောင်-မြဝတီ အာရှလမ်းမကြီးအပါအဝင် အကြမ်းဖက်သမားများ ခြေကုပ်ယူထားသော မြို့ရွာများကို တစ်စတစ်စပြန်လည်သိမ်းပိုက်ရယူနိုင်ခဲ့သာ တပ်မတော်သားများ၏ ရွှပ်ရွှပ်ချွဲချွဲတိုက်ပွဲဝင်စိတ်ဓာတ်နှင့် ထပ်ဆင့်လောင်းနိုင်ခဲ့သော အောင်မြင်မှုအပေါင်းတို့အပေါ် လေးစားဂုဏ်ယူမိပါကြောင်း ရေးသားလိုက်ရပေသည်။

ဝမ်းတွင်းမြို့နယ် ကန်အောက်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

ဝမ်းတွင်း စက်တင်ဘာ ၉

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် ဝမ်းတွင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကန်အောက်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းဖြင့် လုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်ထားရှိမှုအခြေအနေများကို စက်တင်ဘာ ၈ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်း စစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် ဝမ်းတွင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်ကိုကိုဦးနှင့် မြို့နယ်စီမံကိန်းတာဝန်ခံဝန်ထမ်းများသည် မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များနှင့် တွေ့ဆုံကာ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေဖြင့် ဆောင်ရွက်ထားရှိသော စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုအခြေအနေများနှင့် လအလိုက် ဖြည့်သွင်းရမည့် ငွေစာရင်းပုံစံများ ပြည့်စုံမှုရှိ၊ မရှိ စစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက လုပ်ငန်းများ သတ်မှတ်စံချိန် စံညွှန်းနှင့်အညီ အချိန်မီပြီးစီးအောင် ဆောင်ရွက်ရေး ပိုင်းဝန်းထိန်းသိမ်းကြရန် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့သည်။

အဆိုပါ ကန်အောက်ကျေးရွာ၌ စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူ ၄၉ ဦးကို ငွေကျပ် ၁၀ ဒသမ ၉၅ သန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၂၀၉ ဦးကို ငွေကျပ် ၃၉ ဒသမ ၈၅ သန်း၊ အခြားလုပ်ငန်းလုပ်ကိုင်သူ လေးဦးကို ငွေကျပ် ၁ ဒသမ ၃ သန်း၊ စုစုပေါင်းအသင်းသား၊ အသင်းသူ ၂၆၂ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကျပ် ၅၂ ဒသမ ၁ သန်း ထုတ်ချေးပေးထားကြောင်း သိရသည်။

အောင်ရဲကျော်

မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင် ကျောက်ဆည်ခရိုင်အတွင်း MSME လုပ်ငန်းများနှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို လိုက်လံကြည့်ရှု

မန္တလေး စက်တင်ဘာ ၉

မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်သည် တိုင်းဒေသကြီးဝန်ကြီးများနှင့် တာဝန်ရှိသူများလိုက်ပါပြီး စက်တင်ဘာ ၈ ရက် မွန်းလွဲပိုင်းက ကျောက်ဆည်ခရိုင်အတွင်း MSME လုပ်ငန်းများနှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို လိုက်လံကြည့်ရှုခဲ့သည်။

ရှေးဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်သည် ကျောက်ဆည်ခရိုင် ကျောက်ဆည်မြို့ ဆည်တော်နံ ရွှေမုဇ္ဇောဘုရားစေတီတော်ရောက်ရှိပြီး တာဝန်ရှိသူများက မန္တလေးငလျင်ကြီးကြောင့် ထိခိုက်ပြိုကျပျက်စီးခဲ့သည့် စေတီတော်ပရဝဏ်ရှိ ဘုရား၊ စေတီ၊ ပုထိုးများ၊ သာသနိက အဆောက်အအုံများ ပြန်လည် တည်ဆောက်ခြင်းနှင့် ပြုပြင်မွမ်းမံ ထိန်းသိမ်းခြင်း လုပ်ငန်းဆောင်ရွက်မှုအခြေအနေများ၊ ရွှေသာလျောင်းတောင်ပေါ်ရှိ ကျောက်သေတ္တာစေတီ၏အောက်ခြေကျောက်တုံးကြီးမှာ မူလအနေအထားမှ တိမ်းစောင်းသွားခဲ့ပြီး ဘေးပတ်ဝန်းကျင် အန္တရာယ်မဖြစ်ပေါ်စေရေး၊ အင်ဂျင်နီယာ ပညာရှင်၊ ဘူမိဗေဒပညာရှင်များ ပါဝင်သည့်အသိပညာရှင်၊ အတတ်ပညာရှင်များပူးပေါင်း၍ လုပ်ငန်းစဉ်အဆင့်ဆင့်ဆောင်ရွက်နေမှုအခြေအနေများကို ရှင်းလင်းတင်ပြကြရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေး၍ လိုက်လံကြည့်ရှုခဲ့သည်။

ထို့နောက် စဉ်ကိုင်မြို့နယ် ရှမ်းကန်ကျေးရွာအုပ်စု ရှမ်းကန်(မ) ကျေးရွာရှိ M-Steel (သံရည်ကျို)စက်ရုံသို့ရောက်ရှိပြီး စက်ရုံမှ တာဝန်ရှိသူများက စက်ရုံဆိုင်ရာ အချက်အလက်များနှင့် လုပ်ငန်းလည်ပတ်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က ထုတ်ကုန်များ အရည်အသွေးစံချိန်စံညွှန်းပြည့်မီရေး၊ စျေးကွက်လိုအပ်ချက်ပြည့်မီရေးအလေးထားကာ ဆောင်ရွက်သွားရန်တို့ကို ပြောကြားပြီးနောက် သက်ဆိုင်ရာဝန်ကြီးများနှင့် ပေါင်းစပ်ဆောင်ရွက်ကာ လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေး၍ စက်ရုံအတွင်း လိုက်လံကြည့်ရှုခဲ့သည်။

ထို့နောက် ညောင်ပင်ကြီးကျေးရွာအုပ်စု ညောင်ပင်ကြီးကျေးရွာရှိ ထိုက်ထိုက်(အထည်ချုပ်)စက်ရုံသို့ရောက်ရှိပြီး စက်ရုံမှတာဝန်ရှိသူများ၏ ရှင်းလင်းတင်ပြမှုများ အပေါ် ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေး၍ စက်ရုံအတွင်း လိုက်လံကြည့်ရှုခဲ့သည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် ရန်ကုန်-တောင်ငူ-မန္တလေးလမ်း မိုင် (၃၈၈/၇) နှင့် ပလိပ်မြို့ရှောင်လမ်း မိုင် (၃/၂) ဆုံရာ ပလိပ်လမ်းဆုံသို့ သွားရောက်ပြီး ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ် ကင်းရှင်းရေးနှင့် ယာဉ်များ အဆင်ပြေချောမွေ့စွာ သွားလာနိုင်ရေးအတွက် အခြေအနေများကို လိုက်လံကြည့်ရှု စစ်ဆေးပြီး တာဝန်ရှိသူများ၏ ရှင်းလင်း တင်ပြမှုများအပေါ် ပေါင်းစပ်ညှိနှိုင်း ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

မျိုးကျော်

ကျွန်းလှမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မတ်ပဲ ၁၁၂၇၅ ဧက စိုက်ပျိုးမည်

ကျွန်းလှ စက်တင်ဘာ ၉

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူခရိုင် ကျွန်းလှမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မတ်ပဲ ၁၁၂၇၅ ဧက စိုက်ပျိုးမည်ဖြစ်ကြောင်း ကျွန်းလှမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ကျွန်းလှမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မတ်ပဲ ၁၁၇၂၅ ဧကစိုက်ပျိုးရန်လျာထားပြီး ယခုနှစ် အောက်တိုဘာလမှစ၍ ဒီဇင်ဘာလထိ စိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ ကျွန်းလှမြို့နယ်မှာ မတ်ပဲ ဧက ၁၁၀၀၀ ကျော်စိုက်ပျိုးဖို့ လျာထားပါတယ်။ မတ်ပဲလျာထား ဧကပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့ ဆောင်ရွက်ပေးသွားပါမယ်"ဟု ကျွန်းလှမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မြင့်မြင့်ရီက ပြောပြသည်။

ကျွန်းလှမြို့နယ်တွင် မတ်ပဲစိုက်တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် ဒေသနှင့်ကိုက်ညီသည့် မျိုးကောင်းမျိုးသန့်ရရှိရေး၊ စိုက်နည်းစနစ်မှန်ကန်ရေး၊ ပိုးမွှားကျရောက်မှု ကင်းရှင်းရေး၊ ဓာတ်မြေသြဇာ စနစ်တကျသုံးစွဲရေး၊ အထွက်နှုန်းကောင်းမွန်ရေးတို့ကို အသိပညာပေးသွားမည်ဖြစ်ကြောင်း သိရသည်။

မတ်ပဲကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်မည်ဆိုပါက ဒေသတွင်းစားသုံးမှုဖူလုံစေရုံမျှမက ပိုလျှံမှုကိုရောင်းချနိုင်သဖြင့် ဝင်ငွေရရှိပြီး လူမှုစီးပွားဘဝများ မြင့်မားလာမည်ဖြစ်သောကြောင့် မတ်ပဲကို ကြိုးပမ်းစိုက်ပျိုးသင့်ကြောင်း မြို့နယ်ဦးစီးမှူး ဒေါ်မြင့်မြင့်ရီက ပြောပြ၍သိရသည်။

(၂၀၆)

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၆၈၊ စာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၊ ၀၉-၄၅၈၈၉၃၃၀၀၊ ကြော်ငြာ-၈၄ လမ်းနှင့် ၂၉-၃၀ လမ်းကြား- ၀၂-၄၀၆၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂၊
E-mail-yadanarbonnewspaper@gmail.com၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ဇဝရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

စလင်းမြို့နယ် အရှေ့ကန်ဘောင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

စလင်း စက်တင်ဘာ ၉

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် စလင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန အနေဖြင့် ကျေးလက်နေပြည်သူများဆင်းရဲမှု လျော့ကျစေရန်၊ တစ်နိုင်တစ်ပိုင် စိုက်ပျိုးမွေးမြူရေး လုပ်ငန်းများ၊ အခြားမိသားစုဝင်ငွေတိုးပွားစေရေး လုပ်ငန်းများ ဆောင်ရွက်ခြင်းဖြင့် မိသားစုဝင်ငွေ ပိုမိုတိုးပွားလာစေရန်ရည်ရွယ်၍ အရှေ့ကန်ဘောင်ကျေးရွာအုပ်စု အရှေ့ကန်ဘောင် ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ထုတ်ချေးခြင်းကို စက်တင်ဘာ ၈ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ ဓမ္မာရုံ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ စလင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမောင်မောင်သွင်က တက်ရောက်လာသူများအား မိတ်ဆက်အမှာစကား ပြောကြားပြီး မြစိမ်းရောင် ကျေးရွာစီမံကိန်း၏ ရည်ရွယ်ချက်နှင့် အကျိုးကျေးဇူးများ၊ စီမံကိန်းလုပ်ငန်းလည်ပတ်ဆောင်ရွက်ပုံအဆင့်ဆင့်၊ စီမံကိန်းလက်စွဲစာစောင်ပါ ဥပဒေ၊ နည်းဥပဒေပါ အကြောင်းအရာများ၊ စည်းမျဉ်းစည်းကမ်းများ၊ မတည်ရန်ပုံငွေ အရင်းအတိုးပေးဆပ်ရမည့်ကာလများနှင့် ငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းချက်များကို ရှင်းလင်းပြောကြားခဲ့ပြီး မြို့နယ်ဦးစီးမှူးက အရှေ့ကန်ဘောင်ကျေးရွာရှိ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံ စီမံကိန်းရန်ပုံငွေကျပ် ၅၁ ဒသမ ၁ သန်း လွှဲပြောင်းပေးအပ်ခဲ့ကြောင်း သိရသည်။

ထို့နောက် မြစိမ်းရောင် ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များက အရှေ့ကန်ဘောင် ကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူ၊ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူ၊ အရောင်းအဝယ် လုပ်ငန်းလုပ်ကိုင်သူ၊ အသေးစား စက်မှုလက်မှုလုပ်ငန်း လုပ်ကိုင်သူ စုစုပေါင်း အသင်းသား၊ အသင်းသူ ဦးရေ၂၁၀ ကို မြစိမ်းရောင်ကျေးရွာ စီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် ၅၁ ဒသမ ၁ သန်း ထုတ်ချေးပေးခဲ့ကြောင်း စလင်းမြို့နယ် ကျေးလက်ဦးစီးဌာန မြို့နယ်ဦးစီး မှူး ဦးမောင်မောင်သွင်က ဆက်လက်ပြောပြ၍ သိရသည်။

သန်းသန်းစိုး

မန္တလေး ချမ်းမြသာစည်မြို့နယ် ကန်တော်ကြီးကန်ပတ်လမ်းရှိ ဧဝိတဒါနသံဃာ့ဆေးရုံကြီးတွင် အလှူရှင် ရန်ကုန်မြို့နေ ဒေါ်မြတ်သီရိမွန် ၄၃ နှစ်ပြည့် မွေးနေ့အထိမ်းအမှတ်အဖြစ် ဆေးပဒေသာပင်အတွက် အလှူငွေကျပ် ၃၀၀၀၀၀ လှူဒါန်းရာ ဆွမ်းကွမ်းဝေယျာဝစ္စ ဆပ်ကော်မတီအတွင်းရေးမှူး ဦးဝဏ္ဏနှင့် ဆွမ်းကွမ်းအဖွဲ့ဝင် ဦးဝင်းမြင့်တို့က လက်ခံရယူစဉ်။

ဝပုတောမြို့နယ် ကုန်းသာယာကျေးရွာ၌ ကုန်ထုတ်လမ်းဖောက်လုပ်နေမှု စစ်ဆေး

ဝပုတော စက်တင်ဘာ ၉

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ဝပုတောမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက အုတ်တွင်းကျေးရွာအုပ်စု ကုန်းသာယာကျေးရွာ၌ တိုင်းဒေသကြီး ခွင့်ပြုရန်ပုံငွေဖြင့် ကုန်ထုတ်လမ်း ဖောက်လုပ်ခြင်း လုပ်ငန်းဆောင်ရွက်နေမှုကို စက်တင်ဘာ ၈ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်း စစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ဝပုတောမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်ဆန်းဦး၊ ဝပုတောမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစိုးရယ်လွင်နှင့် တာဝန်ရှိသူများက ကုန်းသာယာကျေးရွာ၌ ကုန်ထုတ်လမ်းဖောက်လုပ်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှု အခြေအနေများကို ကွင်းဆင်း စစ်ဆေးခဲ့ရာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌက လုပ်ငန်းများ သတ်မှတ် စံချိန်စံညွှန်းနှင့်အညီ အချိန်မီပြီးစီးအောင် ဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားသည်။

အဆိုပါ ကုန်းသာယာကျေးရွာ၌ အရှည် ခြောက်ဖာလုံ၊ အကျယ် ၁၂ ပေ၊ အမြင့် ခြောက်လက်မရှိ ကျောက်ချောလမ်း ခင်းခြင်းလုပ်ငန်းကို တိုင်းဒေသကြီးခွင့်ပြုရန်ပုံငွေကျပ် ၁၈၅ ဒသမ ၇ သန်းဖြင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ အင်ဂျင်နီယာများက ယခုနှစ် ဇွန်လ ဒုတိယပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၄၀ ရာခိုင်နှုန်း ဆောင်ရွက်ပြီးစီးပြီ ဖြစ်ကြောင်း ဝပုတောမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစိုးရယ်လွင်ထံမှ သိရသည်။

သံသာ

မုံရွာမြို့နယ်တွင် လာမည့် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ အစေ့ထုတ်ပြောင်းနှင့်ဖူးစားပြောင်း စုစုပေါင်း ၉၀၂၂ ဧက စိုက်ပျိုးမည်

ယခင်နှစ်က ဖူးစားပြောင်းစိုက်ခင်းကို တွေ့ရစဉ်။

မုံရွာ စက်တင်ဘာ ၉

မုံရွာခရိုင် မုံရွာမြို့နယ်တွင် လာမည့်ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ အစေ့ထုတ်ပြောင်းနှင့်ဖူးစားပြောင်း စုစုပေါင်း ၉၀၂၂ ဧက စိုက်ပျိုးမည်ဖြစ်ကြောင်း မုံရွာမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

မုံရွာမြို့နယ်တွင် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ အစေ့ထုတ်ပြောင်း ၁၀၈၂ ဧက၊ ဖူးစားပြောင်း ဧက ၇၉၄၀ စုစုပေါင်း ၉၀၂၂ ဧကစိုက်ပျိုးရန် လျာထားပြီး ယခုနှစ် အောက်တိုဘာလ ဒုတိယပတ်မှ စတင် စိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရသည်။

"လာမဲ့ ဆောင်းသီးနှံ စိုက်ပျိုးရာသီ မုံရွာမြို့နယ်မှာ အစေ့ထုတ်ပြောင်းနဲ့ဖူးစားပြောင်း ၉၀၂၂ ဧက စိုက်ပျိုးဖို့အတွက် လျာထားပါတယ်။ ပြောင်းသီးနှံတွေ ဖြစ်ထွန်းအောင်မြင်ဖို့၊ ပိုးမွှားရောဂါကျရောက်မှုမရှိဖို့ စတဲ့အသိပညာပေးလုပ်ငန်းတွေ ဆောင်ရွက်ပေးသွားမှာပါ"ဟု မုံရွာမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစိုးသက်အောင်က ပြောပြသည်။

မုံရွာမြို့နယ်တွင် အစေ့ထုတ်ပြောင်းနှင့်ဖူးစားပြောင်းသီးနှံစိုက်ပျိုးရာတွင် အစေ့ထုတ်ပြောင်း တစ်ဧကလျှင် တင်း ၅၀ ကျော် ထွက်ရှိပြီး တစ်ဧကစိုက်ပျိုးပါက ငွေကျပ် ငါးသိန်းခန့် ကုန်ကျစရိတ်ရှိကြောင်း၊ ဖူးစားပြောင်း တစ်ဧကလျှင် ပြောင်းဖူးရေ ၁၅၀၀၀ ထွက်ရှိပြီး တစ်ဧကစိုက်ပျိုးပါက ငွေကျပ် ငါးသိန်းခန့် ကုန်ကျစရိတ်ရှိကြောင်း သိရသည်။

ပြောင်းသီးနှံကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်မည်ဆိုပါက ဒေသတွင်း စားသုံးမှုဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်သောကြောင့် ပြောင်းသီးနှံကို ပိုမိုတိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းကြရမည်ဖြစ်ကြောင်း မုံရွာမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစိုးသက်အောင်က ပြောပြ၍ သိရသည်။

(၂၀၆)

ကျိုက်လတ်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဩဂုတ်လအတွင်း နှံကားစပါးတင်းရေ ၆၉၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့

ကျိုက်လတ် စက်တင်ဘာ ၉

ဧရာဝတီတိုင်းဒေသကြီး ဗျာပုံခရိုင် ကျိုက်လတ်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဩဂုတ်လအတွင်း နှံကားစပါးအမျိုးအစား တင်းရေ ၆၉၀၀၀ ထိတင်ပို့ ရောင်းချနိုင်ခဲ့ကြောင်း ကျိုက်လတ်မြို့နယ်မှ ဆန်စပါးရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်ငြေးငြေးက ပြောပြသည်။

ကျိုက်လတ်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ပြီးခဲ့သည့် ဧရုလိုင်လအတွင်း နှံကားစပါးအမျိုးအစားတင်းရေ ၅၂၀၀၀ ထိသာတင်ပို့ရောင်းချနိုင်ခဲ့ပြီး ဩဂုတ်လအတွင်း နှံကားစပါးအမျိုးအစားတင်းရေ ၆၉၀၀၀ ထိတင်ပို့ရောင်းချနိုင်ခဲ့ကြောင်း၊ အဆိုပါ စပါးအမျိုးအစားသည်စားသုံးသူများအကြိုက်များသည့် စပါးအမျိုးအစား ဖြစ်ကြောင်း သိရသည်

"ပြီးခဲ့တဲ့ ဧရုလိုင်လအတွင်း ကျိုက်လတ်မြို့နယ်ကနေ နှံကားစပါးတင်းရေ ၆၉၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရပါတယ်။ ကျိုက်လတ်မြို့နယ်ကနေ လယ်ယာထွက်ကုန်တွေကို ရန်ကုန်ဈေးကွက်ထဲ အများဆုံး တင်ပို့ရောင်းချနေပါတယ်။ အဲဒီ နှံကားစပါး အမျိုးအစားက အကြမ်းအုပ်စုထဲမှာပါတဲ့ စပါးအမျိုးအစားဖြစ်ပါတယ်။ နှံကားစပါးအမျိုးအစားကိုရန်ကုန်ဈေးကွက်က အခုလထဲမှာလဲ အများအပြားဝယ်ယူဖို့ ချိတ်ဆက်မှုတွေရှိပါတယ်"ဟု ကျိုက်လတ်မြို့နယ်မှ ဆန်စပါးရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်ငြေးငြေးက ပြောပြသည်။

ကျိုက်လတ်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ပြီးခဲ့သည့် ဩဂုတ်လအတွင်း တင်ပို့ရောင်းချခဲ့သည့် နှံကားစပါး အမျိုးအစား တင်းရေ ၁၀၀ လျှင် ငွေကျပ် ၁၄၉၅၀၀၀ ထိ ပေါက်ဈေးရှိကြောင်း၊ အဆိုပါစပါးများ အရောင်းအဝယ် ကောင်းလာသည့်အတွက် တောင်သူများ၊ ကုန်သည်များ၊ ကုန်တင်ကုန်ချလုပ်သားများ၊ ကုန်တင်ယာဉ်အင်ဂျင်းလိုက်သူများ အလုပ်အကိုင်အခွင့်အလမ်း အဆင်ပြေလျက်ရှိကြောင်း ကျိုက်လတ်မြို့နယ်မှ ဆန်စပါးရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်ငြေးငြေးထံမှ သိရသည်။

ကျော်ကျော်လင်း

လယ်တွင်း ၁၁ ခရိုင်ထဲက မြနဒီပျူကျောက်စာ

မောင်သာ(ရွေးဟောင်းသုတေသန)

မြန်မာနိုင်ငံ၏အတိတ်သမိုင်းကို ဖော်ထုတ်ရန် ခိုင်မာသောအထောက်အထားများကို ရှာဖွေကြရာတွင် ကျောက်စာများကို အများဆုံး အားကိုးအားထားပြုကြရသည်။ ရှေးဟောင်းကျောက်စာများတွင် ရေးထိုးခဲ့သည့် မှတ်တမ်းများကိုဖတ်ရှုကာ ခေတ်ကာလ၏သမိုင်းပုံရိပ်များကို ပြန်လည်ပုံဖော်နိုင်ခဲ့ကြသည်။

ထို့ကြောင့် မြန်မာ့စွယ်စုံကျမ်းတွင် ကျောက်စာများသည် ရေးထိုးသောခေတ်က ယုံကြည်မှုအယူဝါဒများ၊ ယဉ်ကျေးမှုအနုပညာများနှင့်လူမှုဆက်ဆံရေးများကို မှန်းဆအကဲခတ်နိုင်သဖြင့် နိုင်ငံသမိုင်းကိုများစွာ အထောက်အကူဖြစ်ကြောင်း ညွှန်းဆိုထားပေသည်။

မြန်မာနိုင်ငံတွင် ကမ္ဘည်းကျောက်စာဌာနကို ၁၉၀၂ ခုနှစ်က စတင်ထူထောင်ခဲ့ပြီး ၁၉၅၄ ခုနှစ်တွင် ရှေးဟောင်းသုတေသနဌာနအဖြစ် ပြောင်းလဲဖွဲ့စည်းခဲ့ကာ ကျောက်စာများစုဆောင်းခြင်း၊ မင်ကူးခြင်း၊ အက္ခရာဖလှယ်ခြင်း၊ စာအုပ်စာတမ်းများရိုက်နှိပ်ထုတ်ဝေခြင်း စသည့်ကျောက်စာသုတေသနလုပ်ငန်းများကို ဆောင်ရွက်ခဲ့သည်။ လက်ရှိအချိန်တွင် ကမ္ဘည်းကျောက်စာလုပ်ငန်းများကို သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ရှေးဟောင်းသုတေသနနှင့်အမျိုးသားပြတိုက်ဦးစီးဌာန တူးဖော်ရှေးပစ္စည်းကမ္ဘည်းကျောက်စာဌာနခွဲက တာဝန်ယူဆောင်ရွက်လျက်ရှိကာ စုဆောင်းရရှိထားသည့် ကျောက်စာများကို ၎င်းတို့ကိုတွေ့ရှိခဲ့သည့် မူလနေရာများ၊ ပြတိုက်များ၊ ကျောက်စာရုံများတွင် ထိန်းသိမ်းထားရှိသည်။

မြန်မာနိုင်ငံအတွင်းနေရာအနှံ့၌ တွေ့ရှိရသည့် ကျောက်စာများသည် အချပ်ရေ ၃၀၀၀ ခန့်ရှိမည်ဖြစ်ကြောင်း၊ ကျောက်စာများကို ဝေဘူကျောက်၊ သဲကျောက်နှင့်စကျင်ကျောက်များတွင် အများဆုံးရေးထိုးခဲ့ကြကြောင်း၊ ကျောက်စာအများစုကို မြန်မာနိုင်ငံအလယ်ပိုင်း မိုးခေါင်ရေရှားရပ်ဝန်းဒေသများတွင်တွေ့ရှိရကြောင်း ရှေးဟောင်းသုတေသန ပညာရှင် ဦးမြင့်အောင်က ရေးသားခဲ့သည်။

မြန်မာနိုင်ငံရှိ ရှေးဟောင်းကျောက်စာများအနက် မန္တလေးကုသိုလ်တော်ဘုရားဝင်းအတွင်း၌ မင်းတုန်းမင်း စိုက်ထူခဲ့သည့် ပိဋ္ဌကသုံးပုံကျောက်စာ ၇၂၉ ချပ်၊ ပုဂံ မြစေတီရင်ပြင်နှင့်ပုဂံရှေးဟောင်းသုတေသနပြတိုက်တို့ရှိ ရာဇကုမာရ်ကျောက်စာတို့ကို ယူနက်စကိုအဖွဲ့က ကမ္ဘာ့မှတ်တမ်းအမွေအနှစ် (Memory of the World) အဖြစ် အသိအမှတ်ပြုခဲ့သည်။

မြန်မာနိုင်ငံတွင်တွေ့ရှိခဲ့သည့် ကျောက်စာများ အားလုံးသည် သက္ကတဘာသာကို ဒေဝနာဂရီအက္ခရာဖြင့်လည်းကောင်း၊ ပါဠိဘာသာကို အိန္ဒိယနိုင်ငံတောင်ပိုင်းသုံး အက္ခရာတစ်မျိုးမျိုးဖြင့်လည်းကောင်း၊ ပျူဘာသာကို သီးသန့်အက္ခရာဖြင့်လည်းကောင်း၊ မွန်ဘာသာကို မွန်အက္ခရာဖြင့်လည်းကောင်း၊ မြန်မာဘာသာကို မြန်မာအက္ခရာဖြင့်လည်းကောင်း ရေးထိုးခဲ့ကြကြောင်း တွေ့ရှိနိုင်သည်။

၎င်းတို့အနက် ပျူဘာသာဖြင့် ရေးထိုးထားသည့် ကျောက်စာများကို ပျူယဉ်ကျေးမှု ထွန်းကားခဲ့သည့် နေရာများ၌တွေ့ရှိခဲ့ရာ လယ်တွင်း ၁၁ ခရိုင်တွင် ပါ၀င်သည့် မြစ်သားမြို့နယ်သည်လည်း တစ်ခုအပါအ၀င်ဖြစ်သည်။

သမိုင်းထဲက မြစ်သား

မြစ်သားသည် ပုဂံဘုရင်အနော်ရထာထူထောင်ခဲ့သည့် လယ်တွင်း ၁၁ ခရိုင်တွင် မ္လစ်သာခရိုင်အမည်ဖြင့် ထင်ရှားခဲ့သည့် ရှေးဟောင်းမြို့တစ်မြို့ဖြစ်သည်။ ကုန်းဘောင်ခေတ် ဗဒုံမင်းလက်ထက်(ခရစ်နှစ် ၁၇၈၂-၁၈၁၉)တွင် ဇော်ဂျီခရိုင်ရှိ မြောင်လှ၊ မြင်းခုံတိုင်၊ ပန်နန်၊ မြင်စိုင်း၊ မကွေရာနှင့် ပန်းလောင်ခရိုင်ရှိ စောလှ၊ ပင်လယ်၊ မြစ်သား၊ ပြည်မနားတို့ကိုပေါင်း၍ လယ်တွင်းကိုးခရိုင်ဟု ဖွဲ့စည်းခဲ့သဖြင့် မြစ်သားသည် ပန်းလောင်လေးခရိုင်မှ လယ်တွင်းကိုးခရိုင်အတွင်း သို့ရောက်ရှိခဲ့သည်။

ပုဂံခေတ်တွင် နိုင်ငံတော်၏စပါးကျီဖြစ်ခဲ့သည့် ကျောက်ဆည်လွင်ပြင်သည် စမုံ၊ စမာ၊ ဇော်ဂျီ၊ ပန်းလောင်၊ ဒုဋ္ဌ၀တီမြစ်တို့ ဖြတ်သန်းစီးဆင်းနေသည့်နေရာဖြစ်ကာ လယ်တွင်း ၁၁ ခရိုင်ဟုလည်း ထင်ရှားခဲ့သည်။ လယ်တွင်း ၁၁ ခရိုင်ကို ကျောက်ဆည်မြို့နယ်ရှိ ပနန်၊ တမုတ်၊ မြင်းခုံတိုင်၊ ရွာမုန်း၊ သင်တောင်း၊ မြစ်သားမြို့နယ်ရှိ ပင်လယ်၊ ပြည်မနား၊ မြစ်သာ၊ စဉ်ကိုင်မြို့နယ်ရှိ မကွေရာ၊ တပြတ်သာ၊

မြစ်သားမြို့ ရွှေမုဌော်ဘုရားဝင်းတွင်ထိန်းသိမ်းထားသည့် မြနဒီပျူကျောက်စာကို တွေ့ရစဉ်။

ခံလူးဟူသည့် ခံမြို့ ၁၁ မြို့ဖြင့် ဖွဲ့စည်းခဲ့သည်။

ပြည်ထဲရေးဝန်ကြီးဌာန၏ မှတ်တမ်းများတွင် မြစ်သား(မ္လစ်သာ) ဟူသည့်အမည်ကို အနော်ရထာဘုရင်က သမုတ်ခဲ့ကြောင်း ဖော်ပြထားသည်။ အနော်ရထာသည် ပန်းလောင်မြစ်နှင့်ဇော်ဂျီမြစ်ကိုအခြေတည်၍ လယ်မြေရှစ်သိန်းတွင် စိုက်ပျိုးရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် ကင်းတားဆည်၊ ငလိုင်သေဉ်ဆည်၊ ပြောင်ပြာဆည်၊ ကျီမည်းဆည်၊ နွားတက်ဆည်၊ သင်းတွဲဆည်၊ မင်းရဲဆည်တို့ကို တည်ဆောက်ခဲ့သည်။ ၎င်းတို့အနက် ကျီမည်းဆည်ကို ပန်းလောင်မြစ်ပေါ်တွင် နောက်ဆုံးတည်ဆောက်ခဲ့ရာ အနော်ရထာ မင်းကြီးသည် ဆည်တည်ဆောက်မည့်နေရာကို လက်ဆန့်တန်ညွှန်ပြ၍ မြစ်ကိုသားပြသည်ကို အစွဲပြု၍ မြစ်သားဟုမှည့်ခေါ်ခဲ့ကြောင်း မှတ်တမ်းပြုထားသည်။

တော်လှန်ရေးကောင်စီ အစိုးရလက်ထက်တွင် ပြည်ထဲရေးနှင့် သာသနာရေးဝန်ကြီးဌာနသည် မြစ်သားမြို့ကို ၁၉၇၂ ခုနှစ် သြဂုတ် ၃၁ ရက်တွင် လည်းကောင်း၊ မြို့နယ်အတွင်းရှိသည့် ရပ်ကွက်နှင့် ကျေးရွာအုပ်စုများကို ၁၉၇၃ ခုနှစ် ဇွန် ၁၆ ရက်တွင်လည်းကောင်း သတ်မှတ်ခဲ့ပြီး မြစ်သားမြို့နယ်ကို ရပ်ကွက်ခြောက်ခု၊ ကျေးရွာအုပ်စု ၈၂ ခု၊ ကျေးရွာ ၂၃၃ ရွာဖြင့် ဖွဲ့စည်းခဲ့သည်။

မြစ်သားမြို့သည် ကျောက်ဆည်မြို့မှ တောင်ဘက်သို့ ၁၆ မိုင်နှင့် မန္တလေးမြို့မှတောင်ဘက်သို့ ၄၈ မိုင်ကွာဝေး၍ အရှေ့မှ အနောက်သို့ မိုင် ၂၀၊ တောင်မှမြောက်သို့ ၁၇ ဒသမ ၅ မိုင်ရှည်လျားကာ ဧရိယာ ၃၄၂ ဒသမ ၆၃ စတုရန်းမိုင် ကျယ်ဝန်းသည်။ မြစ်သားမြို့နယ်သည် အရှေ့ဘက်တွင် ရွာင်မြို့နယ်၊ အနောက်ဘက်တွင် နွားထိုးကြီးမြို့နယ်၊ အနောက်တောင်ဘက်တွင် ဝမ်းတွင်းမြို့နယ်၊ မြောက်ဘက်တွင် ကျောက်ဆည်မြို့နယ်၊ အနောက်မြောက်ဘက်တွင် တံတားဦးမြို့နယ်တို့နှင့်ထိဆက်နေသည်။

မြစ်သားမြို့နယ်အတွင်း၌ ဘုရားစေတီ ၅၆၅ ဆူနှင့် ဘုန်းကြီးကျောင်း ၂၆၈ ကျောင်းရှိသည့် အနက် မြစ်သားမြို့ပေါ်ရှိ ပေတောပရဟိတ ဘုန်းကြီးကျောင်းဝင်းအတွင်း၌ ထူးခြားသော ဟန်ဖြင့် တည်ထားသည့် နဂါးပတ်စေတီတစ်ဆူနှင့် ရာဇကုမာရ်ကျောက်စာထက် ၃၃ နှစ်စောသော စောလူးမင်းကျောက်စာကို လေ့လာနိုင်ကြပေသည်။ ထို့အတူ မြစ်သားမြို့ပေါ် ရွှေမုဌော်ဘုရားဝင်းအတွင်းရှိ ကျောက်စာတိုက်၌ ပျူအက္ခရာများဖြင့် ရေးထိုးထားသည့် မြနဒီကျောက်စာကို လေ့လာနိုင်ကြသည်။

မြနဒီရွာနှင့် ပင်လယ်မြို့ဟောင်း သို့မဟုတ် မိုင်းမော

သရေခေတ္တရာ၊ ဗိဿနိုးနှင့်ဟန်လင်းတို့ကဲ့သို့ ပျူမြို့ပြတစ်ခုအဖြစ်ထင်ရှားခဲ့သည့် ပင်လယ်မြို့ဟောင်းသည် မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင် မြစ်သားမြို့နယ်တွင်တည်ရှိကာ ရန်ကုန်-မန္တလေးမော်တော်ကားလမ်းဟောင်းပေါ်ရှိ ကူမဲမြို့မှ အရှေ့တောင်ဘက်သို့ ငါးမိုင်ကွာဝေးသည်။ ၂၁ မိုင်ရှည်လျားသည့် ကူမဲကင်းတားဆည် မော်တော်ကားလမ်းမှ ပင်လယ်မြို့ဟောင်းသို့ အလွယ်တကူသွားရောက်နိုင်သည်။

မိုင်းမောမြို့ဟောင်းသမိုင်းအကျဉ်းတွင် မြန်မာနိုင်ငံ၌ အေဒီတစ်ရာစုမှ အေဒီ ၈၆၃ ခုနှစ်အတွင်း ပျူမြို့ဟောင်းများဖြစ်ကြသည့် သရေခေတ္တရာ၊ ဗိဿနိုး၊ ဟန်လင်း၊ မိုင်းမော၊ ဘိန္နကနှင့် ဝတီးတို့ပေါ်ထွန်းခဲ့ကြောင်းဖော်ပြထားရာ မိုင်းမောသည် ပင်လယ်မြို့ဟောင်းဖြစ်သည်။

သစ်တောဌာနမှ ဦးအောင်မြင့်သည် ၁၉၆၅ ခုနှစ်ခန့်က ကျောက်ဆည်လွင်ပြင်တစ်ဝိုက်ရှိ မြို့ဟောင်းနေရာများကို ကောင်းကင်မြေပုံဖြင့် ဖော်ထုတ်ခဲ့စဉ် ပင်လယ်မြို့ဟောင်းကိုတွေ့ရှိခဲ့သည်။ ပင်လယ်မြို့၏ အနောက်ဘက်တောင်ခြေရင်း၌ ယိုယွင်းပျက်စီးနေပြီဖြစ်သော မြို့ဟောင်းရာကြီးတစ်ခုကို ကောင်းကင်ဓာတ်ပုံထဲ၌တွေ့ရှိခဲ့ပြီး ၁၉၆၅ ခုနှစ်တွင် ကျောက်ဆည်လွင်ပြင် မြစ်သား ၁၁ ခရိုင်ရှိ မြို့ဟောင်းများကို ရှာဖွေတွေ့ရှိခဲ့သည်။

ပင်လယ်မြို့ဟောင်းသည် ပြည်မြို့နယ်ရှိ သရေခေတ္တရာ၊ ထားဝယ်မြို့နယ်ရှိ သာဂရ၊ နွားထိုးကြီးမြို့နယ်ရှိ ဝတီး စသည့်ရှေးဟောင်းမြို့များကဲ့သို့ အဝိုင်းပုံရှိပြီး မြို့ရိုးသုံးထပ်ရှိသည်။

မိုင်းမောသည် ခရစ်နှစ် နှစ်ရာစုတွင် တည်ရှိခဲ့သည်ဟုယူဆရပြီး တရုတ်ထန်မင်းဆက်သမိုင်းသစ်တွင် သရေခေတ္တရာ၏ ပျူတပ်မြို့ကိုးမြို့ဖြစ်သည့် သီပေါ၊ ကမ်းသီတာ၊ မြင်းခြံ၊ မြွေယင်း၊ ဟလင်း၊ သဲပုန်း၊ တောင်တွင်းကြီး၊ ထီးချိုင့်နှင့် ထုမင်တွင်ပါရှိသည့် ထုမင်သည် မိုင်းမောဖြစ်ကြောင်း ဦးရည်စိန်ကရေးသားခဲ့သည်။ ထုမင်သည် တရုတ်၊ ပျူ၊ အိန္ဒိယ ကုန်သွယ်ရေးလမ်းကြောင်းပေါ်တွင် တည်ရှိခဲ့ပြီး ကျောက်ဆည်လွင်ပြင်ရှိ မြို့ဟောင်းများအနက် ပင်လယ်မြို့ဟောင်းသည် အကြီးဆုံးဖြစ်သည်။

တစ်ချိန်က ပျူယဉ်ကျေးမှုထွန်းကားခဲ့သည့် မြစ်သားမြို့နယ်အတွင်းမှ ပျူဘာသာစကားဖြင့် ရေးထိုးထားသည့် ကျောက်စာနှစ်ချပ်ကို ရရှိခဲ့သည်။ ၎င်းတို့သည် မြစ်သားမြို့နယ် မြနဒီကျေးရွာမှ ရရှိခဲ့သည့် မြနဒီကျောက်စာနှင့် မြစ်သားမြို့ ပေတောပရဟိတဘုန်းကြီးကျောင်းဝင်းအတွင်းမှ ရရှိသည့် စောလူးမင်းကျောက်စာတို့ဖြစ်ကြသည်။

မြနဒီကျောက်စာကို မြစ်သားမြို့ ရွှေမုဌော်ဘုရားဝင်းအတွင်းရှိ ကျောက်စာတိုက်၌ ထိန်းသိမ်းထားပြီး စောလူးမင်းကျောက်စာကို မြစ်သားမြို့ ပေတောပရဟိတဘုန်းကြီးကျောင်း၌ ထိန်းသိမ်းထားသည်။

မြနဒီပျူကျောက်စာ

မြစ်သားမြို့နယ် ကူမဲမြို့မှအရှေ့တောင်ဘက်သို့ ငါးမိုင်ကွာဝေးသည့်ပင်လယ်မြို့ဟောင်း၏ အရှေ့မြောက်ဘက် ၁၀ မိုင်အကွာ (မျဉ်းဖြောင့်အတိုင်းလေးမိုင်အကွာ)တွင် ပန်းလောင်မြစ်ကို မေးတင်နေသည့် မြနဒီကျေးရွာတည်ရှိသည်။ ၎င်းကျေးရွာ၏ အရှေ့တောင်ဘက်မိုင်ဝက်အကွာ လှည်းလမ်းကြောင်း တစ်ခုဘေးမှရရှိခဲ့သည့် ကျောက်စာသည် မြနဒီရွာကိုအစွဲပြု၍ မြနဒီကျောက်စာဟု အမည်တွင်ခဲ့သည်။

လှည်းလမ်းကြောင်းတွင် မြေပ်နေရာမှ တစ်ပိုင်းတစ်စပေါ်နေခဲ့သည့် ကျောက်စာချပ်သည် လှည်းဘီးများပွတ်တိုက်မှုကြောင့် စာသားများ ပျက်စီးနေခဲ့သည်။ မြနဒီကျေးရွာမှ ဦးကျော်စိန်နှင့် ဦးလှမောင်တို့က စာသားများတွေ့ရှိရသည့် ကျောက်ပြားကို တွေ့ရှိသဖြင့် တူးဖော်ကြည့်ရာ မြနဒီကျောက်စာပေါ်ထွက်လာခဲ့သည်။

ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနမှ ကွင်းဆင်းလေ့လာရေးအဖွဲ့၏သုံးသပ်ချက်အရ မြနဒီကျောက်စာတွေ့ရှိသည့် နေရာ ဝန်းကျင်တွင် မည်သည့်သဲလွန်စမျှ မတွေ့ရှိခဲ့သဖြင့် ပျူကျောက်စာသည် ထိုနေရာသို့ မည်ကဲ့သို့ရောက်ရှိလာကြောင်း မခန့်မှန်းနိုင်ခဲ့ချေ။ ဖြစ်နိုင်ခြေတစ်ရပ်အဖြစ် မြနဒီကျောက်စာကို အခြားတစ်နေရာမှ ယူဆောင်လာခြင်း သို့မဟုတ် ထိုနေရာတွင် မြနဒီဒေသထွက်ကျောက်ဖြင့် လာရောက်ရေးထိုးခြင်းဖြစ်နိုင်ကြောင်း လေ့လာရေးအဖွဲ့က သုံးသပ်ခဲ့ကာ ခုနှစ်ရာစုနှင့် ရှစ်ရာစုအတွင်းက ရေးထိုးခဲ့သည့် ကျောက်စာဖြစ်နိုင်ကြောင်း ခန့်မှန်းခဲ့သည်။

ပျူအက္ခရာဖြင့် ရေးထားသော စာ ၁၀ ကြောင်းပါရှိသည့် ၎င်းကျောက်စာချပ်သည် အလျား ၅ ပေ ၁၁ လက်မ၊ အမြင့် နှစ်ပေရှစ်လက်မရှိကာ ကျောက်စာချပ်သည်အထူအပါးမညီဘဲ သုံးလက်မနှင့် ငါးလက်မကြားရှိ၍ ကျောက်စာကို တွေ့ရှိချိန်ကတည်းက ကျောက်စာအပေါ်ပိုင်းသည် ကျိုးနေခဲ့သည်။

စာမျက်နှာ ၅ သို့ ➤

လမ်းလျှောက်ခြင်းဖြင့် ကြွက်သားများ သန်မာစေနိုင်သည်

မိမိတို့ရဲ့ ခန္ဓာကိုယ်မှာ ကြွက်သားတွေကလည်း ပိုမိုအဆီပိုတွေ မရှိတော့ဘူးဆိုရင် ပေါ်လွင်လာပြီး သန်မာလာမှာ ဖြစ်ပါတယ်။

ဒီလို ဖြစ်ချင်တယ်ဆိုရင်တော့ တစ်ရက်ကို ခြေလှမ်းရေ ၁၀၀၀၀ လောက် လမ်းလျှောက်ပေးရုံနဲ့တင် ရရှိနိုင်ပါတယ်။

ဒီထက်ပိုပြီး ပြင်းထန်တဲ့ လေ့ကျင့်ခန်းမျိုးလိုချင်တယ်ဆိုရင်တော့ တောင်တက်လမ်းလျှောက်ခြင်းကိုလည်း ကြိုးစားကြည့်သင့်ပါတယ်။

ဒုံအပြင် စက္ကန့် ၃၀မှ ၁ မိနစ်၊ ၂ မိနစ်အထိ ခပ်မြန်မြန်လမ်းလျှောက်ပြီး ပုံမှန်လမ်းပြန်လျှောက်ခြင်း၊ အဲဒီနောက် ခပ်မြန်မြန်ပြန်ပြီး လမ်းလျှောက်ခြင်းလိုမျိုး လေ့ကျင့်ခန်းတွေကလည်း ထိရောက်မှုရှိလှပါတယ်။

လမ်းလျှောက်ခြင်းဟာ သင့် ခန္ဓာကိုယ်တစ်လျှောက်မှာရှိတဲ့ ကြွက်သားတွေရဲ့ တင်းအားကို တိုးမြင့်စေတာသာဖြစ်ပါတယ်။

လမ်းလျှောက်ခြင်းဟာ ပြင်းထန်တဲ့ လေ့ကျင့်ခန်းမဟုတ်တဲ့ အတွက် ကြွက်သားတွေနာကျင်ခြင်းမရှိစေပါဘူး။ ဒါကြောင့် အနာတရဖြစ်တာမျိုး၊ နောက်တစ်ခေါက် လမ်းလျှောက်ဖို့ အတွက် ကြွက်သားတွေနာလို့ မလျှောက်နိုင်တာမျိုးလည်း မဖြစ်စေပါဘူး။

ခန္ဓီးမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက်ဧက ၁၂၆၀ စိုက်ပျိုးမည်

ခန္ဓီး စက်တင်ဘာ ၉

စစ်ကိုင်းတိုင်းဒေသကြီး ခန္ဓီးခရိုင် ခန္ဓီးမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက်ဧက ၁၂၆၀ စိုက်ပျိုးသွားမည်ဖြစ်ကြောင်း ခန္ဓီးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ခန္ဓီးမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက်ဧက ၁၂၆၀ စိုက်ပျိုးရန် လျာထားပြီး ယခုနှစ် အောက်တိုဘာလမှ စတင် စိုက်ပျိုးသွားမည် ဖြစ်ကြောင်း သိရသည်။

ယခင်နှစ်က ဂေါ်ဖီထုပ်စိုက်ခင်းကို တွေ့ရစဉ်။

"ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ ခန္ဓီးမြို့နယ်မှာ ဟင်းသီးဟင်းရွက်ဧက ၁၀၀၀ ကျော် စိုက်ပျိုးဖို့ လျာထားပါတယ်။ မုန်ညင်း၊ ဂရုတ်၊ နံနံ၊ အာလူး၊ ဂေါ်ဖီထုပ်၊ ခရမ်း စတဲ့သီးနှံတွေ စိုက်ပျိုးဖြစ်ပါတယ်။ စိုက်ပျိုးတဲ့ ဟင်းသီးဟင်းရွက် အားလုံးကို GAP နည်းစနစ်နဲ့ စိုက်ပျိုးနိုင်အောင်၊ ဓာတုဓာတ်ကြွင်းအနည်းဆုံးဖြစ်အောင်၊ ကျန်းမာရေးနဲ့ ကိုက်ညီအောင်စိုက်ပျိုးဖို့ နည်းပညာတွေပေးသွားပါမယ်"ဟု ခန္ဓီးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်စုစုခိုင်က ပြောပြသည်။

ခန္ဓီးမြို့နယ်တွင် ဟင်းသီးဟင်းရွက်စိုက် တောင်သူများကို မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက GAP နည်းစနစ်ဖြင့် စိုက်ပျိုးရန် အတွက် နည်းပညာသင်တန်းပေးခြင်း၊ စိုက်ခင်းများမှ ထွက်ရှိလာသည့် ဟင်းသီးဟင်းရွက်များ ကျန်းမာရေးနှင့် ညီညွတ်သည့် သီးနှံဖြစ်စေရန် နည်းပညာများ ပေးခြင်း၊ တောင်သူများ ဟင်းသီးဟင်းရွက်များ တိုးချဲ့စိုက်ပျိုးလာရန်၊ စိုက်နည်းစနစ်မှန်ကန်ရန်၊ ပိုးမွှားကျရောက်မှု ကင်းစင်ရန်၊ သဘာဝမြေဩဇာ၊ သဘာဝပိုးသတ်ဆေး ပြုလုပ်သုံးစွဲရန် အသိပညာပေးသွားမည် ဖြစ်ကြောင်း သိရသည်။

ဟင်းသီးဟင်းရွက်ကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း စားသုံးမှုဖူလုံစေသည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိကာ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်သောကြောင့် ဟင်းသီးဟင်းရွက်ကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွှေ့ ကြိုးပမ်းသင့်ကြောင်း မြို့နယ်ဦးစီးမှူး ဒေါ်စုစုခိုင်က ပြောပြ၍ သိရသည်။

(၂၀၆)

အမျက်မကြီးစေဖို့

- အပြောအဆို စရိုက်ကြမ်း
  အမိုက်လမ်း မပြုရှောင်၊
  ကိုယ်မူရာ နှုတ်ထွက်စကား
  လေးစားလို့ဆောင်၊
  မိဘ၏ မြတ်ဂုဏ်ရောင်
  မည့်ကြားအောင် စောင့်ထိန်း၊
  ဆက်ဆံရာ ယဉ်ကျေးမှု
  တွေးရှုကောင်းကိန်း။

- ဘဝကို အလွယ်ဖျက်ဆီး
  အမျက်ကြီး အမှားတွေ၊
  အမှန်ကို ရှာမတွေ့
  မေ့လျော့တတ်ပေ၊
  လူ့စည်းကမ်း လိုက်နာစေ
  ကောင်းဖို့လေ ကြိုးစား၊
  ဒေါသကို ဖြေလျော့တတ်မှ
  မြင့်မြတ်လူသား။

- ပတ်ဝန်းကျင် ကုန်းမတိုက်
  အရှုံးမိုက် မပြုရာ၊
  ဆင်ခြင်ကာ နှစ်ဖက်တွေး
  ယဉ်ကျေးချိုသာ၊
  အစွန်းရောက် ပူလောင်မှာ
  တွေးဆပါ အများတွက်၊
  လောကကို မဖျက်ဆီး
  စည်းကမ်းထည့်တွက်။

- ကျင့်မှတ်လေ အသိတရား
  သတိထားလို့ ဆင်ခြင်၊
  ကိုယ်ပြုကံ ကိုယ့်ထံရောက်
  ခြောက်လှန့်မြဲပင်၊
  ကောင်းသောအမှု ပြုအစဉ်
  ပတ်ဝန်းကျင် နေထိုင်သွား၊
  တန်ဖိုးဝင် လူသားအဖြစ်
  ထုဆစ်စေသား။ ။

ရွှေမြိုင်သူ(မြန်မာစာ)

á စာမျက်နှာ ၄ မှအဆက်

မြနဒီကျောက်စာသည် လယ်တွင်း ၁၁ ခရိုင်တွင် အစောဆုံးတွေ့ရှိခဲ့သည့် ပျူစာပါ ကျောက်စာဖြစ်၍ ကျောက်စာတွေ့ရှိခဲ့သည့် နေရာအနီးဝန်းကျင်မှ အိုးစအိုးနများ၊ အုတ်ချပ်များစသည့် ရှေးဟောင်းအထောက်အထားများမတွေ့ရှိခဲ့ရချေ။

ကျောက်စာရေးထိုးထားသည့် ကျောက်သားသည် သဲကျောက်ထက် ပိုမိုမာကျောသဖြင့် ကျောက်သားမျက်နှာပြင် မညီညာသည့် နေရာများကိုကျော်ကာ စာများရေးထိုးခဲ့ကြောင်းနှင့် ၎င်းကျောက်သားသည် ဒေသထွက်ကျောက်ဖြစ်နိုင်ကာ မြနဒီကျေးရွာ အရှေ့တောင်ဘက် သို့သွားသည့်လမ်းတွင် အောက်ခံမြေသားမှ ထိုးထွက်နေသည့် ကျောက်များသည် မြနဒီကျောက်စာချပ် ကျောက်သားနှင့်တူညီနေကြောင်း ရှေးဟောင်းသုတေသနပညာရှင် ဦးကျော်မျိုးဝင်းက သုံးသပ်ခဲ့သည်။

မြနဒီကျောက်စာသည် အပေါ်ပိုင်းမပါရှိသည့် ကျောက်စာပိုင်းအကျိုးတစ်ခုဖြစ်သဖြင့် စာသားများကို ပြည့်စုံစွာမဖတ်နိုင်သော်လည်း ပျူစာပေပညာရှင် မစ်ကီဟာတ်က ဘုရင်၏ပညာရှိများနှင့် ရဟန်းတော်များ ပူးပေါင်းပြုပြင်ထားသော အမိန့်တော်ပြန်တမ်းဟု ပြန်ဆိုခဲ့သည်။

ထိုင်းနိုင်ငံတွင်နေထိုင်သည့် ပျူစာပေပညာရှင် မစ်ကီဟာတ်သည် မြနဒီပျူကျောက်စာပိုင်းကို အကွာရာဖလှယ်၍ မြန်မာအဓိပ္ပာယ်ကို အနီးစပ်ဆုံးဖော်ထုတ်ရေးသားခဲ့သည်။ ကျောက်စာလက်ရေး၊ ကာလ အပိုင်းအခြား၊ သုံးစွဲထားသော ဝေါဟာရများကို အားထားကာ ကျောက်စာရေးထိုးခဲ့ချိန်ကို သရေခေတ္တရာထက်စောပြီးသော် လည်းကောင်း၊ နောက်အကျဆုံး သရေခေတ္တရာ၏အစောပိုင်းဟု လည်းကောင်း ယူဆနိုင်ကြောင်း သုံးသပ်ခဲ့သည်။

ကိုးကား

- **မြန်မာ့ရှေးဟောင်းမြို့တော်များ(ဦးအောင်မြင့်)**
- **မြစ်သားမြို့နယ် ဒေသဆိုင်ရာအချက်အလက်များ (ပြည်ထဲရေးဝန်ကြီးဌာန)**
- **မိုင်းမောကိုတူးခဲ့တယ်(ဦးကျော်မျိုးဝင်း)**
- **နဝဝိစာရဏပျူ(မစ်ကီဟာတ်)**

ကိုဗစ်-၁၉ ရောဂါကူးစက်မှုမှ ကာကွယ်နိုင်ရန်

á Home Stay နေထိုင်ပါ။ တစ်ကိုယ်ရေသန့်ရှင်းရေး၊ နေအိမ်နှင့်ပတ်ဝန်းကျင်သန့်ရှင်းရေးတို့ကို အလေးထားဆောင်ရွက်ပါ။

á မကြာခဏထိတွေ့အသုံးပြုတဲ့ စားပွဲ၊ တံခါးလက်ကိုင်၊ ဖုန်း၊ လှေကားလက်ရန်း စသည်တို့ကို Alcohol ၇၀ ရာခိုင်နှုန်းပါဝင်သော ပိုးသန့်စင်ဆေးရည်ဖြင့် မကြာခဏ ဆေးကြောပါ။

နိုင်ငံတကာ သတင်းများ

နီပေါဝန်ကြီးချုပ် ရှာမားအိုလီ ရာထူးမှနုတ်ထွက်

ခတ္တမန္ဒူ စက်တင်ဘာ ၉

လူမှုမီဒီယာ အသုံးပြုခွင့် ပိတ်ပင်ရေးအစီအစဉ်ကို အကြောင်းပြု၍ အစိုးရဆန့်ကျင်ရေးဆန္ဒပြပွဲများနှင့် ပဋ္ဌိပက္ခများပေါ်ပေါက်ခဲ့ပြီးနောက် နီပေါဝန်ကြီးချုပ် ရှာမားအိုလီသည် ယနေ့တွင် ဝန်ကြီးချုပ်ရာထူးမှ နုတ်ထွက်ပေးခဲ့ကြောင်း သိရသည်။

စက်တင်ဘာ ၈ ရက်တွင် ဆန္ဒပြပွဲများ ပိုမိုပြင်းထန်လာခဲ့ပြီး ရဲတပ်ဖွဲ့နှင့် ဆန္ဒပြသမားများကြား ပဋ္ဌိပက္ခများကြောင့် လူပေါင်း ၁၉ ဦး သေဆုံးခဲ့ရပြီးနောက် နီပေါအစိုးရသည် လူမှုမီဒီယာသုံးစွဲခွင့် ပိတ်ပင်ရေးအစီအစဉ်ကို ပြန်လည်ရုပ်သိမ်းပေးခဲ့ပြီးဖြစ်သည်။

သို့ရာတွင် ယနေ့တွင်လည်း အစိုးရဆန့်ကျင်ရေး ဆန္ဒပြပွဲများ ဆက်လက် ဖြစ်ပွားနေမှုကြောင့် ဝန်ကြီးချုပ် ရှာမားအိုလီရာထူးမှ နုတ်ထွက်ခဲ့ရခြင်းဖြစ်သည်။

လက်ရှိ ပေါ်ပေါက်နေသည့် ဆန္ဒပြပွဲများနှင့် မငြိမ်သက်မှုများသည် နီပေါနိုင်ငံအတွက် နှစ်ပေါင်းများစွာအတွင်း အဆိုးရွားဆုံး မငြိမ်သက်မှုဖြစ်သည်။

နီပေါနိုင်ငံသည် ၂၀၀၈ ခုနှစ်တွင် ဘုရင်စနစ်ဖျက်သိမ်းခဲ့ပြီးနောက်ပိုင်း နိုင်ငံရေးနှင့် စီးပွားရေး မတည်ငြိမ်မှုများကို ဆက်တိုက်ရင်ဆိုင်ခဲ့ရသည်။

လက်ရှိဖြစ်ပွားနေသော ဆန္ဒပြပွဲများအတွင်း ဆန္ဒပြသမားများနှင့် ရဲတပ်ဖွဲ့တို့ကြား ပဋ္ဌိပက္ခများကြောင့် လူပေါင်း ၁၉ ဦး သေဆုံးခဲ့ရပြီး ဦးရေ ၁၀၀ ကျော် ဒဏ်ရာများရရှိခဲ့ကြောင်း သိရသည်။

Ref : RT

Trs : KKO

ထိုင်းဝန်ကြီးချုပ်ဟောင်းသက်ဆင်ကို တရားရုံး စီရင်ချက်အရ အကျဉ်းထောင်သို့ပို့ဆောင်

ဗန်ကောက် စက်တင်ဘာ ၉

ဆေးရုံ၌ ထိန်းသိမ်းခံထားရသည့်အချိန်ကာလကို ထောင်ဒဏ်ပြစ်ဒဏ်ကာလအား ရှောင်ရှားရန် ကြိုးပမ်းမှုအဖြစ် ထိုင်းတရားလွှတ်တော်ချုပ်က ယနေ့တွင် စီရင်ချက်ချခဲ့ပြီးနောက် ထိုင်းဝန်ကြီးချုပ်ဟောင်းသက်ဆင်ကို သက်ဆိုင်ရာ တာဝန်ရှိသူများက အကျဉ်းထောင်သို့ ပို့ဆောင်ခဲ့ကြောင်း သိရသည်။

ဝန်ကြီးချုပ်ဟောင်းသက်ဆင်သည် ဝန်ကြီးချုပ်တာဝန် ရယူထားစဉ် အခွင့်အာဏာအလွဲသုံးစားပြုလုပ်မှုအပါအဝင် စွဲချက်များဖြင့် ထောင်ဒဏ်ရှစ်နှစ် ချမှတ်ခံခဲ့ရသည်။

သို့ရာတွင် သက်ဆင်အပေါ် ချမှတ်ထားသည့် ထောင်ဒဏ်ရှစ်နှစ်ကို ထိုင်းဘုရင်က တစ်နှစ်သို့ လျှော့ချပေးထားပြီးဖြစ်သည်။

သို့သော် အဆိုပါပြစ်ဒဏ်ကာလတစ်နှစ်ကို ကျခံရာတွင် သက်ဆင်အနေဖြင့် စိုးရိမ်ရလောက်သည့်ရောဂါမျိုးမရှိဘဲ ဆေးရုံတက်ရောက်၍ ပြစ်ဒဏ်ကာလကို ရှောင်ရှားရန်ကြိုးပမ်းခဲ့ကြောင်း ထိုင်း တရားလွှတ်တော်ချုပ်က ယနေ့တွင် ထုတ်ပြန်သည့်စီရင်ချက်၌ ဖော်ပြထားသည်။

ယင်းအပြင် ဝန်ကြီးချုပ်ဟောင်းသက်ဆင်အနေဖြင့် ၎င်းအပေါ် ချမှတ်ထားသည့် ထောင်ဒဏ်တစ်နှစ်ပြစ်ဒဏ်ကို အကျဉ်းထောင်မှာပင် ကျခံရမည်ဖြစ်ကြောင်းထိုင်းတရားလွှတ်တော်ချုပ်တရားသူကြီးများက ဆုံးဖြတ်ခဲ့ကြသည်။

အသက် ၇၆ နှစ်ရှိ ဝန်ကြီးချုပ်ဟောင်းသက်ဆင်သည် ပြည်ပနိုင်ငံများ၌ ၁၅ နှစ်ကြာ ပြည်ပြေးအဖြစ် လှည့်လည်နေထိုင်ခဲ့ပြီးနောက် ၂၀၂၃ ခုနှစ် သြဂုတ်လတွင် ထိုင်းနိုင်ငံသို့ ပြန်လည်ရောက်ရှိခဲ့ကြောင်း သိရသည်။

Ref : Xinhua

Trs : KKO

မက္ကဆီကိုနိုင်ငံ အလယ်ပိုင်း၌ ကုန်တင်ရထားနှင့် ခရီးသည်တင်ယာဉ်ဝင်တိုက်မှုကြောင့် လူပေါင်း ၁၀ ဦးသေဆုံး

မက္ကဆီကိုစီးတီး စက်တင်ဘာ ၉

မက္ကဆီကိုနိုင်ငံ အလယ်ပိုင်း၌ ကုန်တင်ရထားတစ်စီးက ခရီးသည်တင်နှစ်ထပ်ဘတ်စကားတစ်စီးကို စက်တင်ဘာ ၈ ရက်တွင် ဝင်တိုက်ခဲ့ရာ လူပေါင်း ၁၀ ဦးသေဆုံး၍ ၆၁ ဦး ဒဏ်ရာများရရှိခဲ့သည်။

အဆိုပါ ခရီးသည်တင်ဘတ်စကားသည် ခုတ်မောင်းနေသည့် ကုန်တင်ရထား၏ရှေ့ဘက်မှ ဖြတ်မောင်းရန် ကြိုးပမ်းစဉ် ရထားနှင့် ဝင်တိုက်ခဲ့ခြင်းဖြစ်ကြောင်း ကုန်တင်ရထားစက်ခေါင်းမောင်းက ထုတ်ဖော်ပြောကြားထားသည်။

ကုန်တင်ရထားနှင့် ခရီးသည်တင်ဘတ်စကားဝင်တိုက်မှုဖြစ်စဉ်အတွင်း ဒဏ်ရာရရှိသူများထဲတွင် အခြေအနေစိုးရိမ်ရသူများ ပါဝင်ကြောင်း မက္ကဆီကိုတာဝန်ရှိသူများက ပြောကြားထားသည်။

မက္ကဆီကိုအပါအဝင် လက်တင်အမေရိကနိုင်ငံများ၌ ခရီးသည်တင်ဘတ်စကား မတော်တဆမှုများ အဖြစ်များသည်။

အစိုးရက ထုတ်ပြန်ထားသည့် တရားဝင် ကိန်းဂဏန်းများအရ ၂၀၂၃ ခုနှစ်အတွင်း မက္ကဆီကိုနိုင်ငံ တစ်ဝန်း အဝေးပြေးလမ်းများပေါ်၌ ယာဉ်မတော်တဆမှု ၁၂၀၉၉ မှ ထိရှိခဲ့ပြီး သေဆုံးသူ ၁၉၀၀နီးပါး၊ ဒဏ်ရာရသူ ၆၄၀၀နှင့် ပျက်စီးမှုတန်ဖိုး အမေရိကန်ဒေါ်လာ သန်း ၁၀၀ ကျော်ထိ ရှိခဲ့ကြောင်း သိရသည်။

Ref : RT

Trs : KKO

ဒုတိယသမ္မတသစ်ရွေးချယ်ရေးလုပ်ငန်း အိန္ဒိယလွှတ်တော်အမတ်များ စတင်

ဒေလီ စက်တင်ဘာ ၉

ဒုတိယသမ္မတသစ်ရွေးကောက်တင်မြှောက်ရေး လုပ်ငန်းကို အိန္ဒိယလွှတ်တော်အမတ်များက ယနေ့တွင် စတင်နေပြီဖြစ်သည်။

အိန္ဒိယဒုတိယသမ္မတ ဂျိုင်ဒီဟန်ကာရာထူးမှ ရုတ်တရက် နုတ်ထွက်ခဲ့ပြီး တစ်လကျော်အကြာတွင် ဒုတိယသမ္မတသစ်ရွေးချယ်ရေးလုပ်ငန်းစဉ်ကို အိန္ဒိယလွှတ်တော်အမတ်များက စတင်နေခြင်းဖြစ်သည်။

ဒုတိယသမ္မတ ဂျိုင်ဒီဟန်ကာသည် ကျန်းမာရေးအကြောင်းပြချက်ဖြင့် ယခုနှစ် ဇူလိုင်လအတွင်း ရာထူးမှ ရုတ်တရက် နုတ်ထွက်ခဲ့ခြင်းဖြစ်သည်။

အိန္ဒိယဖွဲ့စည်းပုံ အခြေခံ ဥပဒေအရ ဖက်ဒရယ်လွှတ်တော်အမတ်များသည် ဒုတိယသမ္မတသစ်ကို လျှို့ဝှက်မဲပေးစနစ်ဖြင့် ရွေးချယ်ကြရမည်ဖြစ်သည်။

အိန္ဒိယလွှတ်တော်၏ ဒုတိယသမ္မတသစ်ရွေးချယ်တင်မြှောက်ပွဲအတွက် ဝန်ကြီးချုပ် မိုဒီ၏ ညွှန့်ပေါင်းအုပ်စုသည် မဟာရက်ရ်ဘြပြည်နယ် အုပ်ချုပ်ရေးမှူး စီပီရာဟာခရစ္စနန်းကို အမည်စာရင်းပေးသွင်းထားသည်။

စီပီရာဟာခရစ္စနန်း သည် ဝန်ကြီးချုပ်မိုဒီ၏ ဘာရာတီယာဂျနေတာပါတီ(ဘီဂျေပီ)ကိုယ်စားပြု လွှတ်တော်အမတ်ဟောင်း တစ်ဦးဖြစ်ကြောင်း သိရသည်။

Ref : RT

Trs : KKO

အမေရိကန်၌ထိန်းသိမ်းခံထားရသော အလုပ်သမားများကို စင်းလုံးငှားလေယာဉ်ဖြင့် တောင်ကိုရီးယားပြန်လည်ခေါ်ယူမည်

ဆိုးလ် စက်တင်ဘာ ၉

အမေရိကန် လူဝင်မှုကြီးကြပ်ရေးတာဝန်ရှိသူများ ဖမ်းဆီးထိန်းသိမ်းထားသည့် အလုပ်သမားများကို ပြန်လည်ခေါ်ယူရေးအတွက် တောင်ကိုရီးယားနိုင်ငံက စီစဉ်ထားကြောင်း ယနေ့သတင်းများတွင် ရေးသားဖော်ပြထားသည်။

အမေရိကန်အစိုးရ လူဝင်မှုကြီးကြပ်ရေးဌာန တာဝန်ရှိသူများသည် ပြီးခဲ့သည့်ရက်သတ္တပတ်က ကျော်ဂျီယာ ပြည်နယ်အတွင်းရှိ ဟွန်ဒိုင်းကုမ္ပဏီ မော်တော်ယာဉ်ဘက်ထရီစက်ရုံကို ဝင်ရောက်စီးနင်းခဲ့ပြီး တောင်ကိုရီးယားနိုင်ငံသား ၃၀၀ခန့်အပါအဝင် အလုပ်သမား ၄၇၅ ဦးကို ဖမ်းဆီးထားသည်။

ယင်းသို့ ဖမ်းဆီးခံထားရသည့် အလုပ်သမားများအနက် တောင်ကိုရီးယားအလုပ်သမား ဦးရေ ၃၀၀ခန့်ကို စင်းလုံးငှားလေယာဉ် တစ်စင်းဖြင့် ပြန်လည်ခေါ်ယူရန် တောင်ကိုရီးယားအစိုးရက စီစဉ်ထားသည်။

ၔင်းတောင်ကိုရီးယား အလုပ်သမားများကို ပြန်လည်ခေါ်ယူရေးအတွက် ကိုရီးယားလေကြောင်းလိုင်းပိုင် ဘိုးအင်း ၇၄၇ လေယာဉ် တစ်စင်းကို စက်တင်ဘာ ၁၁ ရက်တွင် အတ္တလန်တာမြို့သို့ စေလွှတ်မည်ဖြစ်ကြောင်း တောင်ကိုရီးယားအစိုးရတာဝန်ရှိသူများက ပြောကြားခဲ့သည်။

ယင်းအပြင် တောင်ကိုရီးယားအလုပ်သမားများ အမေရိကန်နိုင်ငံအတွင်းသို့ ပြန်လည်ဝင်ရောက်ခွင့် ပြန်လည်ရရှိရေးအတွက် တောင်ကိုရီးယားအစိုးရက ကြိုးပမ်းမည်ဖြစ်သည်။

ဟွန်ဒိုင်းကုမ္ပဏီ ဘက်ထရီထုတ်လုပ်ရေးစက်ရုံ စီးနင်းဖမ်းဆီးမှုသည် အမေရိကန်အစိုးရ အမိမြေလုံခြုံရေးဝန်ကြီးဌာန သမိုင်းတစ်လျှောက် တစ်နေရာတည်းတွင် လူအများဆုံးဖမ်းဆီးမှုဖြစ်ကြောင်း သိရသည်။**Ref : Xinhua**

Trs : KKO

SCIENCE AND TECHNOLOGY

တရုတ်အမျိုးသားအာကာသအေဂျင်စီက ယောင်ကန်းအုပ်စုဝင် အဝေးအာရုံခံစနစ်ဂြိုဟ်တုအုပ်စုသစ်ကို အောင်မြင်စွာလွှတ်တင်ခဲ့

ပေကျင်း စက်တင်ဘာ ၉

တရုတ်အမျိုးသားအာကာသအေဂျင်စီသည် ယောင်ကန်းအုပ်စုဝင် အဝေးအာရုံခံစနစ်ဂြိုဟ်တုအုပ်စုသစ်ကို စက်တင်ဘာ ၇ ရက်တွင် အောင်မြင်စွာလွှတ်တင်ခဲ့ကြောင်း စက်တင်ဘာ ၈ ရက် သတင်းများအရ သိရသည်။

အဆိုပါ ယောင်ကန်းအုပ်စုဝင် ဂြိုဟ်တုများကို ရှန်ရီးပြည်နယ် တိုင်ယွန်းဂြိုဟ်တုလွှတ်တင်ရေး စခန်းမှတစ်ဆင့် လောင်းမတ်ချ်-ဖ ဒုံးပျံဖြင့် လွှတ်တင်ခဲ့ခြင်းဖြစ်သည်။

လွှတ်တင်ပြီး မကြာမီမှာပင် လောင်းမတ်ချ်-ဖ ဒုံးပျံသည် ယောင်ကန်း အဝေးအာရုံခံစနစ် ဂြိုဟ်တုများကို သတ်မှတ်ပတ်လမ်းပေါ်သို့ ပို့ဆောင်ပေးနိုင်ခဲ့ကြောင်း သိရသည်။

အဆိုပါ ဂြိုဟ်တုများသည် လျှပ်စစ်သံလိုက်စက်ကွင်းဝန်းကျင် ထောက်လှမ်းမှု နည်းပညာနှင့် ဆက်စပ်နည်းပညာများကို ပတ်လမ်းပေါ်၌ ပြုလုပ်မည်ဖြစ်ကြောင်း တရုတ် အာကာသအေဂျင်စီက သတင်းထုတ်ပြန်ထားသည်။

စက်တင်ဘာ ၇ ရက် ယောင်ကန်း-၄၀၀၃ မစ်ရှင်သည် တရုတ်အမျိုးသားအာကာသအေဂျင်စီက လွှတ်တင်ခဲ့သည့် တတိယမြောက် ယောင်ကန်းဂြိုဟ်တု အုပ်စုဖြစ်ကြောင်း သိရသည်။

ထို့ပြင် အထက်ပါမစ်ရှင်သည် တရုတ်အမျိုးသားအာကာသအေဂျင်စီအတွက် ယခုနှစ်၏ ၅၂ ခုမြောက် အာကာသမစ်ရှင်ဖြစ်ကြောင်း သိရသည်။

Ref : Xinhua News

Trs : KKO

စပေ့အိတ်ကုမ္ပဏီက စတားရှစ်အာကာသဒုံးပျံကို ၁၁ ကြိမ်မြောက် စမ်းသပ်ပစ်လွှတ်ရေးအတွက် ပြင်ဆင်နေ

ဝါရှင်တန် စက်တင်ဘာ ၉

အမေရိကန်နိုင်ငံ အခြေစိုက် စပေ့အိတ်ကုမ္ပဏီသည် စတားရှစ်အာကာသဒုံးပျံကို ၁၁ ကြိမ်မြောက် စမ်းသပ်ပစ်လွှတ်ရေးအတွက် ပြင်ဆင်နေကြောင်း စက်တင်ဘာ ၈ ရက် သတင်းများတွင် ရေးသားတင်ပြထားသည်။

စပေ့အိတ်ကုမ္ပဏီသည် စတားရှစ်ပင်မဒုံးပျံဖြစ်သည့် စူပါဟဲဗီးဒုံးပျံ၏ ဒုံးအင်ဂျင်များကို စက်တင်ဘာ ၇ ရက်တွင် စမ်းသပ်ခဲ့ကြောင်း သိရသည်။

အဆိုပါစမ်းသပ်မှုအတွင်း စပေ့အိတ်ကုမ္ပဏီသည် စူပါဟဲဗီးဒုံးပျံ၏ ရက်ပ်တာအမျိုးအစား ဒုံးအင်ဂျင် ၃၃ လုံးကို ၁၀ စက္ကန့်ကြာ စက်နှိုးစမ်းသပ်ခဲ့သည်။

လက်ရှိအချိန်တွင် စတားရှစ် အာကာသဒုံးပျံ ၁၁ ကြိမ်မြောက် စမ်းသပ်မှုပြုလုပ်မည့် နေ့ကို စပေ့အိတ်ကုမ္ပဏီက ကြေညာခြင်း မရှိသေးကြောင်း သိရသည်။

စပေ့အိတ်ကုမ္ပဏီသည် စတားရှစ်အာကာသဒုံးပျံ ၁၀ ကြိမ်မြောက် စမ်းသပ်လွှတ်တင်မှုကို ပြီးခဲ့သည့် သြဂုတ် ၂၆ ရက်က ပြုလုပ်ခဲ့ကြောင်း သိရသည်။

အဆိုပါမစ်ရှင်အတွင်း စတားရှစ်သည် ပထမဆုံးအကြိမ်အဖြစ် သယ်ဆောင်ထားသည့် စတားလင့်ဂြိုဟ်တုပုံစံတူများကို ကမ္ဘာပတ်လမ်းပေါ်သို့ ပထမဆုံးအကြိမ်အဖြစ် အောင်မြင်စွာပို့ဆောင်ပေးနိုင်ခဲ့ကြောင်း သိရသည်။

Ref : Sputnik News

Trs : KKO

အင်္ဂါဂြိုဟ်၏ အတွင်းဝတ်ဆံလုံးသည် ကမ္ဘာဂြိုဟ်၏ အတွင်းဝတ်ဆံလုံးကဲ့သို့ပင် သတ္တုအစိုင်အခဲတစ်ခုဖြစ်ဖွယ်ရှိ

ပေကျင်း စက်တင်ဘာ ၉

အင်္ဂါဂြိုဟ်၏ အတွင်းဝတ်ဆံလုံးသည် ကမ္ဘာဂြိုဟ်၏ အတွင်းဝတ်ဆံလုံးကဲ့သို့ပင် သတ္တုအစိုင်အခဲတစ်ခု ဖြစ်ဖွယ်ရှိကြောင်း တရုတ်သိပ္ပံပညာရှင်များ၏ အဆိုကို ကိုးကား၍ စက်တင်ဘာ ၈ ရက် သတင်းများအရ သိရသည်။

ရှေးယခင်က အင်္ဂါဂြိုဟ်၏ အတွင်းပိုင်းဗဟိုချက်ကို ကျောက်ရည်ပူများဖြင့် ဖွဲ့စည်းထားဖွယ်ရှိကြောင်း သိပ္ပံပညာရှင်များက ယူဆခဲ့ကြသည်။

သို့ရာတွင် တရုတ်သိပ္ပံပညာရှင်များ၏ အင်္ဂါဂြိုဟ်ငလျင်များ လေ့လာမှုမှ ပေါ်ထွက်လာသည့် ရလဒ်များအရ အင်္ဂါဂြိုဟ်မြေအောက်ဗဟိုချက်ရှိ အတွင်းဝတ်ဆံလုံးသည် ကမ္ဘာဂြိုဟ်၏ အတွင်းဝတ်ဆံလုံးကဲ့သို့ပင် သတ္တုအစိုင်အခဲတစ်ခု ဖြစ်နိုင်ကြောင်း သိရသည်။

တရုတ်သိပ္ပံပညာရှင်များသည် အမေရိကန်အစိုးရ အမျိုးသားလေကြောင်းနှင့် အာကာသစီမံခန့်ခွဲရေးအေဂျင်စီ(နာဆာ)၏ Insight အင်္ဂါဂြိုဟ်ဆင်းယာဉ်မှ ရရှိသော အင်္ဂါဂြိုဟ်ငလျင်ပေါင်း ၁၃၀၀ ကျော်တို့၏ အချက်အလက်များကို လေ့လာပြီးနောက် ၎င်းတို့၏တွေ့ရှိချက်ကို တင်ပြခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

အင်္ဂါဂြိုဟ်၏ အတွင်းဝတ်ဆံလုံးသည် အချင်းဝက် မိုင် ၃၈၀ ထိ ရှိနိုင်ကြောင်း တရုတ်သိပ္ပံပညာရှင်များက တွက်ချက်ထားသည်။

ထို့ပြင် အင်္ဂါဂြိုဟ်၏ အတွင်းဝတ်ဆံလုံးသည် ကမ္ဘာဂြိုဟ်၏ အတွင်းဝတ်ဆံလုံးကဲ့သို့ပင် သံနှင့် နီကယ်သတ္တုများဖြင့် ဖွဲ့စည်းထားဖွယ်ရှိကြောင်း တရုတ်သိပ္ပံပညာရှင်များ၏အဆိုအရ သိရသည်။

Ref : Xinhua News

Trs : KKO

HEALTH

ကိုယ်ဝန်ဆောင်ကာလအတွင်း အရက်၊ ဆေးလိပ်၊ ဆေးခြောက်နှင့် အခြားမူးယစ်ဆေးဝါးများ သုံးစွဲပါက သန္ဓေသား၏ဖွံ့ဖြိုးမှု ထိခိုက်နိုင်

နယူးယောက် စက်တင်ဘာ ၉

ကိုယ်ဝန်ဆောင်ကာလအတွင်း အရက်၊ ဆေးလိပ်၊ ဆေးခြောက်နှင့် အခြားမူးယစ်ဆေးဝါးများသုံးစွဲပါက သန္ဓေသား၏ဖွံ့ဖြိုးမှု ထိခိုက်သွားနိုင်ကြောင်း သုတေသနပညာရှင်များ၏ အဆိုကို ကိုးကား၍ စက်တင်ဘာ ၈ ရက် သတင်းများတွင် ရေးသားတင်ပြထားသည်။

အမေရိကန်နိုင်ငံ အနောက်ဗာဂျီးနီးယားပြည်နယ် တက္ကသိုလ်မှ သုတေသနပညာရှင်များ၏ အဆိုအရ ဆေးခြောက်အပါအဝင် မူးယစ်ဆေးဝါးများကို ကိုယ်ဝန်ဆောင်ကာလအတွင်း သုံးစွဲပါက သန္ဓေသားကို ထိခိုက်နိုင်ကြောင်း သိရသည်။

ကိုယ်ဝန်ဆောင်ကာလအတွင်း မူးယစ်ဆေးဝါး သုံးစွဲမှုကြောင့် ကိုယ်ဝန်ပျက်ကျခြင်း၊ သန္ဓေသားသေဆုံးခြင်း၊ နေ့မစေ့လမစေ့ မွေးဖွားခြင်းနှင့် ကလေးများ၌မွေးရာပါ ကိုယ်အင်္ဂါချို့ယွင်းချက်များ ပါလာခြင်း စသည့်ပြဿနာများပေါ်ထွက်လာနိုင်ကြောင်း သုတေသနပညာရှင်များက သတိပေးထားသည်။

ထို့ပြင် ကိုယ်ဝန်ဆောင်ကာလအတွင်း မူးယစ်ဆေးဝါးသုံးစွဲမှုကြောင့် ကလေးများ၌ အာရုံနာဗဗ်ဆဲလ်ကျန်းမာရေးပြဿနာများရှိလာနိုင်ကြောင်းလည်း သုတေသနပညာရှင်များက ပြောကြားသည်။

သုတေသန ပညာရှင်များ၏ အဆိုအရ ကိုယ်ဝန်ဆောင်ကာလတွင် အရက်၊ ဆေးလိပ်နှင့်ကိုကင်းများသုံးစွဲပါက သန္ဓေသား၏ ဖွံ့ဖြိုးမှု ထိခိုက်သွားနိုင်ကြောင်း သိရသည်။

Ref : Sputnik News

Trs : KKO

မိခင်နို့ရည်တွင်ပါရှိသော ဟော်မုန်းများက ရင်သွေးများအိပ်စက်မှုအပေါ် သက်ရောက်မှုရှိ

နယူးယောက် စက်တင်ဘာ ၉

မိခင်နို့ရည်တွင် ပါရှိသော ဟော်မုန်းများသည် ရင်သွေးများ၏ အိပ်စက်မှုအပေါ် အကျိုးသက်ရောက်မှုရှိတတ်ကြောင်း အမေရိကန်သုတေသနပညာရှင်များ၏ အဆိုကို ကိုးကား၍ စက်တင်ဘာ ၈ ရက် သတင်းများတွင် ရေးသားတင်ပြထားသည်။

သုတေသန ပညာရှင်များ၏ အဆိုအရ မိခင်များအနေဖြင့် နံနက်ပိုင်းတွင်စုထားသည့် နို့ရည်ကို ညနေပိုင်းတွင် တိုက်ပါက ကလေးများ အိပ်စက်မှုပုံစံပျက်ပြားသွားတတ်ကြောင်း သိရသည်။

ကလေးများ အိပ်ချိန်၊ နိုးချိန် အပေါ် အကျိုးသက်ရောက်မှုရှိသည့် ဟော်မုန်းများအပါအဝင် မိခင်နို့ရည်အတွင်းရှိ ဟော်မုန်းများမှာ တစ်နေ့တာလုံး ဖွဲ့စည်းပုံ ပြောင်းလဲနေတတ်ကြောင်း အမေရိကန်သုတေသနပညာရှင်များက ပြောကြားသည်။

အမေရိကန်သုတေသနပညာရှင်များသည် မိခင် ၂၁ ဦးထံမှရယူထားသည့် နို့ရည်နမူနာများအတွင်း မီလာတိုနင်ဟော်မုန်း၊ ကော်တီဆောဟော်မုန်းနှင့် အော့စီတိုစင်ဟော်တို့၏ တစ်နေ့တာအပြောင်းအလဲများကို လေ့လာခဲ့ကြသည်။

လေ့လာချက်ရလဒ်များအရ မီလာတိုနင်ဟော်မုန်းနှင့်ကော်တီဆောဟော်မုန်းတို့မှာ တစ်နေ့တာလုံး အတက်အကျရှိနေတတ်ပြီး မီလာတိုနင်ဟော်မုန်းမှာ ညသန်းခေါင်ယံတွင်လည်းကောင်း၊ ကော်တီဆောဟော်မုန်းမှာ နံနက်ပိုင်းတွင်လည်းကောင်း အမြင့်ဆုံးသို့ ရောက်ရှိနေတတ်ကြောင်း သိရသည်။

Ref : Russia Today

Trs : KKO

ပီအက်စ်ဂျီအသင်းက ဘာကိုလာကို စာချုပ်သက်တမ်းတိုးရန် ကမ်းလှမ်းမှုပြုလုပ်

ပဲရစ် စက်တင်ဘာ ၉

ပီအက်စ်ဂျီအသင်းသည် အသင်းတွင် ခြေစွမ်းပြကစားနေသည့် လူငယ်ကစားသမား ဘာကိုလာကို ကာလရှည် ဆက်လက်ထိန်းသိမ်းလိုသည့်အတွက် ၂၀၃၀ ပြည့်နှစ်ထိ သက်တမ်းတိုးစာချုပ် ချုပ်ဆိုရန် ကမ်းလှမ်းမှုပြုလုပ်ခဲ့သည်။

ဘာကိုလာသည် ပြီးခဲ့သည့် ဘောလုံးရာသီက ပီအက်စ်ဂျီ အသင်းကို ချန်ပီယံလီဂ်ပြိုင်ပွဲတွင် အောင်မြင်မှုရရှိအောင် အဓိက နေရာမှ ပါဝင်ခဲ့သူဖြစ်သဖြင့် နွေရာသီ အပြောင်းအရွှေ့ကာလက အာဆင်နယ်အသင်း၊ ချဲလ်ဆီးအသင်းနှင့် ဘိုင်ယန်မြူးနစ်အသင်းတို့က လူငယ်ကစားသမားကိုခေါ်ယူရန် အပြိုင်ကြိုးပမ်းခဲ့သောကြောင့် နည်းပြအန်းနရစ်က ၎င်း၏စီမံကိန်းတွင် အဓိက ကစားသမားဖြစ်သည့် ဘာကိုလာကို ဆက်လက်ထိန်းသိမ်းရန် ဆုံးဖြတ်ခဲ့သည်။

အသက် ၂၃ နှစ်ရှိ ဘာကိုလာသည် ပီအက်စ်ဂျီအသင်းနှင့် လာမည့် ၂၀၂၈ ခုနှစ်မှ စာချုပ်ကုန်ဆုံးမည် ဖြစ်သော်လည်း အသင်းအနေဖြင့် ၎င်း၏ခြေစွမ်းပိုင်းကို ချီးမြှောက်လိုသောကြောင့် စာချုပ်သက်တမ်း နှစ်နှစ်တိုး၍ ၂၀၃၀ ပြည့်နှစ်ထိ အသင်းတွင် ဆက်ရှိနေရန်အတွက် စာချုပ်သစ် ကမ်းလှမ်းမှုပြုလုပ်ခဲ့ပြီး မကြာမီ သက်တမ်းတိုးနိုင်မည်ကို ယုံကြည်နေကြောင်း သိရသည်။

၎င်းသည် ပြီးခဲ့သည့် ဘောလုံးရာသီက အသင်းအတွက် အမှတ်ပေးပွဲ ၃၄ ပွဲတွင် သွင်းဂိုး ၁၄ ဂိုးနှင့် ဂိုးဖန်တီးမှု ၁၁ ကြိမ် ပြုလုပ်နိုင်ခဲ့သူဖြစ်ပြီး ယခုနှစ်တွင်လည်း ဒမ်ဘီလီနှင့် ဒိုအီတို့ ဒဏ်ရာရနေသည့် တိုက်စစ်ပိုင်းကို ဘာကိုလာက ဦးဆောင်၍ ပြိုင်ပွဲစုံ လေးပွဲစလုံး ပွဲထွက်ကစားသမားအဖြစ် ပါဝင်ကစားပေးခဲ့ကြောင်း သိရသည်။

Ref : Goal.com

Trs : ML

အားကစားသတင်းအတိုအထွာများ

- ၂၀၂၅ ခုနှစ်အတွက် ပရီးမီးယားလီဂ် Hall Of Fame ဆန်ခါတင် ကစားသမားစာရင်း ထုတ်ပြန်ခဲ့ရာတွင် ဆိုးကမ်းဘဲလ်၊ မိုက်ကယ်ကာရစ်၊ ဂျာမိန်းဒီဖိုး၊ ပက်ထရစ်အီဗရာ၊ ဖာဘာရီ ဂတ်စ်၊ ဖာဒီနန်၊ ရော်ဘီဖောင်လာ၊ အာဂျာယူ၊ ဂယ်ရီနဗီးလ်၊ မိုက်ကယ်အိုဝင်၊ ရှာရင်ဂမ်၊ ဒေးဗစ်ဆေးဗား၊ ယာယာတိုရေး၊ ဗန်ဒါးဆား၊ ဗီဒစ်တို့ပါဝင်ခဲ့ပြီး မန်ယူအသင်း ကစားသမား ဟောင်းများ အများဆုံးပါဝင်ခဲ့သည်။
- အေစီမီလန်အသင်းက ရာစီနီအဒယ်လီကို ပြောင်းရွှေ့ကြေး ယူရှိ ခုနစ်သန်းဖြင့် ဆော်ဒီပရိုလီဂ်ကလပ် အယ်ရှာဘတ်အသင်းသို့ အပြီးသတ်ရောင်းချခဲ့ကြောင်း သိရသည်။
- ပဲလေ့စ်အသင်းက အသက် ၁၈ နှစ်ရှိ ကွင်းလယ်တိုက်စစ် ကစားသမား ဒန်ကာဆေးကို လျော်ကြေးပေးခေါ်ယူရန် အာဆင်နယ်အသင်းနှင့် သဘောတူညီမှု ရရှိခဲ့ကြောင်း သိရသည်။

ML

တောင်အာဖရိကဇုန် ကမ္ဘာ့ဖလားခြေစစ်ပွဲတွင် တူနီးရှားအသင်း ဒုတိယမြောက် ခြေစစ်ပွဲအောင်မြင်

တူးနစ် စက်တင်ဘာ ၉

Drone 40 ကို မစ်ရှင်မျိုးစုံအတွက် payloads မျိုးစုံ သယ်ဆောင်နိုင်သော သေးငယ်သည့် နည်းဗျူဟာမြောက်ဒရုန်းတစ်စီးအဖြစ် မိတ်ဆက်ခဲ့သည်။ Defend-Tex ကုမ္ပဏီက လုပ်ငန်းတာဝန်အလိုက် သီးသန့်အသုံးပြုနိုင်ရန် ရွေးချယ်စရာအများအပြားကို ပေးအပ်ထားသည်။ ၎င်းတို့အနက် ထောက်လှမ်းရေး၊ စောင့်ကြည့်ရေးနှင့် ခြေရာခံရေးတို့အတွက် ကင်မရာစနစ်သည် 3840x 2160 ရုပ်ထွက်အရည်အသွေးရှိသော အာရုံခံကိရိယာ၊ ၉၀ ဒီဂရီ အောက်ဘက်ထောင့်နှင့် 1080p ရုပ်ထွက်ရှိသော ဗီဒီယိုများကို 30fps နှုန်းဖြင့် လျှို့ဝှက်၍တိုက်ရိုက်ထုတ်လွှင့်ပေးနိုင်သည်။

ထို့ပြင် နေ့ရောညပါ စောင့်ကြည့်ထောက်လှမ်းနိုင်ရန် 640x480 sensorပါရှိသည့်အရာဝတ္ထုများ၏အပူချိန်ပေါ်မူတည်၍ ပုံရိပ်ဖော်စနစ်ကိုပြည့်စုံအောင် ဖြည့်ဆည်းပေးထားသည်။ ဤconfigurations များသည် Drone 40 ကို ပဋ္ဌိပက္ခဖြစ်ပွားနေသောဒေသများတွင် စစ်ဆင်ရေးအခြေအနေများကို အချိန်နှင့်တစ်ပြေးညီသိရှိနိုင်ရန် ယုံကြည်စိတ်ချရသောထောက်လှမ်းရေးကိရိယာအဖြစ် ပြောင်းလဲပေးနိုင်သည်။ ထောက်လှမ်းရေး၊ စောင့်ကြည့်ရေးနှင့် ခြေရာခံရေးစွမ်းရည်များအပြင် Drone 40 သည် ထိုးစစ်အတွက် တိုက်ခိုက်ရေး payloads များကိုပါပံ့ပိုးပေးနိုင်သည်။

Drone 40 တွင် ပါဝင်သော EFP pay-load သည် ပေါက်ကွဲအားကို ပုံသွင်းထားသည့် ကျည်ဆန်တစ်မျိုးဖြစ်ပြီး ၁၆ မီလီမီတာထိထူထဲသော သံချပ်ကာများကို ထိုးဖောက်နိုင်စွမ်းရှိသဖြင့် ပေါ့ပါးသော ယာဉ်များကို တန်ပြန်တိုက်ခိုက်ရန်အသုံးပြုနိုင်သည်။ အဖြူ၊ လိမ္မော်၊ အနီ၊ အဝါ၊ အစိမ်းရောင်ရှိသော မီးခိုးဗုံးpayloadsများကိုလည်းရရှိနိုင်ပြီး(အခြားအရောင်များကိုလည်း တီထွင်လျက်ရှိသည်) ၎င်းတို့သည် ရှုပ်ထွေးသော ပတ်ဝန်းကျင်များတွင် စစ်သည်များ၏လှုပ်ရှားမှုများကို ဖုံးကွယ်ရန် သို့မဟုတ် ပစ်မှတ်များကို အမှတ်အသားပြုရန် အထောက်အကူပြုသည်။ MSPO 2025 ပြပွဲတွင် Drone 40 ကို မိတ်ဆက်ပြသခဲ့ခြင်းသည် DefendTex ကုမ္ပဏီက နည်းဗျူဟာမြောက်ဒရုန်းများ၏ ဆင့်ကဲပြောင်းလဲမှုကို မည်သို့ပုံဖော်နေကြောင်းကို သရုပ်ဖော်ပြသနေသည်။

ခေတ်သစ်စစ်ပွဲများသည် ဒရုန်းများဖြင့် ပုံဖော်လာသည်နှင့်အမျှ Drone 40 ကဲ့သို့သောစနစ်များသည် နည်းပညာပိုင်းဆိုင်ရာ ဆန်းသစ်တီထွင်မှုတစ်ခုသာမက လက်နက်ကိုင်တပ်ဖွဲ့များ၏ လုပ်ငန်းတာဝန်များကို စီစဉ်ပုံနှင့် အကောင်အထည်ဖော်ပုံတို့တွင်လည်း ပြောင်းလဲမှုကို ကိုယ်စားပြုကြောင်း သိရသည်။

MSPO 2025: DefendTex Drone 40 highlights tactical flexibility with ISR and strike payloads ကို ဘာသာပြန်ဆိုထားပါသည်။

အိန္ဒိယနိုင်ငံက Hybrid VTOL အမျိုးအစား ABHINANDAN HNX50D ဒရုန်းကို တီထွင်ထုတ်လုပ်နိုင်ခဲ့

အိန္ဒိယနိုင်ငံသည် ဘက်ထရီနှင့် အင်ဂျင်စနစ်တို့ ပေါင်းစပ်ထားသည့် တောင်ပံပုံသေတပ်နှင့် ဒေါင်လိုက်အတက်အဆင်းပြုလုပ်နိုင်သော Hybrid VTOL ဒရုန်းအမျိုးအစားဖြစ်သော ABHINANDAN HNX50D ဒရုန်းကို တီထွင်ထုတ်လုပ်နိုင်ခဲ့ကြောင်း စက်တင်ဘာ ၄ ရက်တွင် Indian Defense သတင်းဌာနက ရေးသား ဖော်ပြထားသည်။

ABHINANDAN HNX50D ဒရုန်းသည် အိန္ဒိယနိုင်ငံ၏ IDDM (အိန္ဒိယနိုင်ငံ၌ တီထွင်ထုတ်လုပ်ခြင်း) စီမံကိန်းအောက်တွင် တီထွင်ထားသော မျိုးဆက်သစ် တောင်ပံပုံသေတပ်ပေါင်းစပ်နည်းပညာ ဒရုန်းအမျိုးအစားဖြစ်ပြီး ပြည်တွင်းကာကွယ်ရေးစွမ်းရည်များ အဆင့်မြှင့်တင်ရေးနှင့် ပြည်ပမှတင်သွင်းမှုများအပေါ် မှီခိုအားထားမှုလျှော့ချရေးတို့တွင် အရေးပါသော အခန်းကဏ္ဍမှပါဝင်သည်။

၎င်းဒရုန်းသည် မဟာဗျူဟာမြောက်စစ်ဆင်ရေးများအတွက်သာမက အဆင့်မြှင့်ထောက်လှမ်းရေး တာဝန်များအတွက် ဒီဇိုင်း ထုတ်လုပ်ထားခြင်းဖြစ်သည်။ ထို့ပြင် ဒေါင်လိုက်အတက်အဆင်းပြုလုပ်နိုင်ရန်အတွက် ဘက်ထရီဖြင့်မောင်းနှင်သော မော်တာလေးလုံးပါ လျှပ်စစ်စနစ်နှင့် ပုံသေတောင်ပံတပ်ပျံသန်းမှုအတွက် လောင်စာဆီသုံးအင်ဂျင်တို့ဖြင့် ပေါင်းစပ်ထားရှိသည်။ ထိုစနစ်သည် ဒရုန်းတစ်စင်း၏ အကွာအဝေးပြောင်းလွယ်ပြင်လွယ်ရှိမှုနှင့် လူစီးလေယာဉ်တစ်စင်း၏စွမ်းဆောင်ရည်တို့ကို ပေါင်းစပ်ပေးထားသည်။

အမြင့်ဆုံးပျံတက်အလေးချိန် (MTOW) ၅၀ ကီလိုဂရမ်ရှိသော HNX50D ဒရုန်းသည် သယ်ဆောင်ရလွယ်ကူခြင်းနှင့် payload တင်ဆောင်နိုင်မှုတို့ကြား အကောင်းဆုံးဟန်ချက်ညီမှုကို ရရှိထားသည်။ ၎င်းစွမ်းဆောင်ရည်များသည် ထောက်လှမ်းရေး၊ စောင့်ကြည့်ရေးနှင့် ခြေရာခံရေး (ISR)မစ်ရှင်များအတွက် EO/IR ကင်မရာအာရုံခံကိရိယာများအပြင် စစ်ဆင်ရေးဆိုင်ရာ တိုက်ခိုက်မှုများအတွက် ဒုံးကျည်ထိပ်ဖူးများ သို့မဟုတ် ခဲယမ်းများကို သယ်ဆောင်နိုင်သည်။

၎င်းဒရုန်းကို နာရီပေါင်း ခြောက်နာရီကြာ ဆက်တိုက်ပျံသန်းနိုင်ရန် တီထွင်ထုတ်လုပ်ထားရှိပြီး တာဝေးပျံသန်း ထောက်လှမ်းရေး၊ ဧရိယာကျယ်ပြန့်စွာ စောင့်ကြည့်ရေးနှင့် မဟာဗျူဟာမြောက် တိုက်ခိုက်ရေးမစ်ရှင်များအတွက် အဓိကအားသာချက်တစ်ခုဖြစ်သည်။ ဆက်သွယ်ရေးစနစ်မျိုးစုံ အသုံးပြုနိုင်ခြင်းသည် နောက်ထပ် အားသာချက်တစ်ခုဖြစ်ပြီး အကွာအဝေး ၅၀ ကီလိုမီတာမှ ၁၀၀ ကီလိုမီတာကြား လုံခြုံသောဆက်သွယ်ရေးစနစ်ကို ပေးစွမ်းနိုင်သဖြင့် ရှေ့တန်းစစ်မြေပြင်တပ်ဖွဲ့များမှ ဗဟိုကွပ်ကဲမှုဌာနချုပ်များထိ သတင်းအချက်အလက်များကို အချိန်နှင့်တစ်ပြေးညီပေးပို့နိုင်ခြင်းကြောင့် စစ်ဆင်ရေးများအတွက် အထူးသင့်လျော်သည်။

ပျမ်းမျှ ပင်လယ်ရေမျက်နှာပြင်အထက် မီတာ ၄၅၀၀ အမြင့်မှ ဒေါင်လိုက်အတက်အဆင်းပြုလုပ်နိုင်သော စနစ်ကို အသုံးပြုထားရှိသည့်အတွက် စစ်ဆင်ရေးဆိုင်ရာအမြင့်ပေစွမ်းဆောင်ရည်အတွက် နိုင်မာအားကောင်းစေသည်။ ၎င်းစနစ်သည် ဟိမဝန္တာတောင်တန်းကဲ့သို့သော တောင်တန်းဒေသများအတွက်လည်း မရှိမဖြစ်လိုအပ်သည့် စနစ်တစ်ခုဖြစ်သည်။ ပျံသန်းနေစဉ်အတွင်း ၎င်းဒရုန်းသည် ပျမ်းမျှမြေပြင်အထက် မီတာ ၂၀၀၀ တွင် တိကျသောစွမ်းဆောင်ရည်များကို ပေးစွမ်းနိုင်သည့်အပြင် ရှုပ်ထွေးသောစစ်မြေပြင်နေရာများကို ထိုးဖောက်ဝင်ရောက်နိုင်ခြင်းနှင့် တာဝေးပျံသန်းကင်းထောက်ခြင်းများအတွက်လည်း လုံလောက်သောစွမ်းဆောင်ရည်များကို ပေးစွမ်းနိုင်ကြောင်း သိရသည်။

ထို့ပြင် ABHINANDAN HNX50D ဒရုန်းသည် အသံဆူညံမှုနည်းစေရန် အကွာအဝေး မီတာ ၃၀၀ တွင် ဆူညံသံ DP ၇၀ အောက်ကို လျှော့ချပေးခြင်းဖြင့် ကိုယ်ပျောက်စွမ်းရည်ကို သိသိသာသာ အဆင့်မြှင့်တင်ပေးထားသည်။ အထူးသဖြင့် နယ်စပ်စောင့်ကြည့်ရေး သို့မဟုတ် ရန်သူ့နယ်မြေထောက်လှမ်းခြင်း၊ စောင့်ကြည့်ခြင်းလုပ်ငန်းများ ဆောင်ရွက်နေချိန်၌ ရန်သူများအတွက် တန်ပြန်ထောက်လှမ်းရန် အခက်အခဲဖြစ်စေသည်။ ABHI-NANDAN HNX50D ဒရုန်းသည် စစ်ဆင်ရေးဆိုင်ရာ ပြောင်းလွယ်ပြင်လွယ်ရှိမှု၊ ခံနိုင်ရည်ရှိမှု၊ ကိုယ်ပျောက်နိုင်မှုနှင့် ပြည်တွင်းတီထွင်ဆန်းသစ်မှုကို စနစ်တစ်ခုတည်းတွင် ပေါင်းစပ်ထားသော အဆင့်မြင့် နည်းပညာတစ်ခုဖြစ်သည်။ ၎င်းဒရုန်းသည် အိန္ဒိယတပ်ဖွဲ့များအတွက် အချိန်ကြာမြင့်စွာ စောင့်ကြည့်နိုင်ခြင်း၊ တိကျသောတိုက်ခိုက်မှုများ ပြုလုပ်နိုင်စေခြင်းနှင့် ကင်းထောက်ခြင်းများကို လုပ်ဆောင်ပေးနိုင်ကြောင်း သိရသည်။

VTOL Aviation Develops ABHI-NANDAN HNX50D Series of Hybrid Fixed Wing VTOL UAVs ကို ဘာသာပြန်ဆိုထားပါသည်။

မင်းမျိုး

တန့်ဆည်မြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မတ်ပဲ ဧက ၁၉၀၄၀ စိုက်ပျိုးမည်

ယခင်နှစ် မတ်ပဲစိုက်ခင်းကို တွေ့ရစဉ်။

တန့်ဆည် စက်တင်ဘာ ၉

စစ်ကိုင်းတိုင်းဒေသကြီး ရေဦးခရိုင် တန့်ဆည်မြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မတ်ပဲ ဧက ၁၉၀၄၀ စိုက်ပျိုးမည်ဖြစ်ကြောင်း ရေဦးခရိုင်စိုက်ပျိုးရေး ဦးစီးဌာနမှ သိရသည်။

ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ တန့်ဆည်မြို့နယ်တွင် မတ်ပဲ ဧက ၁၉၀၄၀ စိုက်ပျိုးရန်အတွက် လျာထားပြီး ယခုနှစ်အောက်တိုဘာလမှ စတင်စိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရသည်။

"ဒီနှစ် လာမဲ့ဆောင်းသီးနှံစိုက်ပျိုးရာသီ တန့်ဆည်မြို့နယ်မှာ မတ်ပဲ ဧက ၁၉၀၀၀ ကျော် စိုက်ပျိုးဖို့အတွက် လျာထားပါတယ်။မတ်ပဲလျာထားဧက ပြည့်မီအောင် စိုက်ပျိုးနိုင်ရေးအတွက် ဆောင်ရွက်ပေးသွားမှာပါ။ မတ်ပဲစိုက်ပျိုးချိန်မှာလဲ လိုအပ်တဲ့နည်းပညာတွေ၊ ပိုးမွှားရောဂါ ကာကွယ်နည်းလမ်းတွေကို ကွင်းဆင်းဆောင်ရွက်သွားမှာပါ"ဟု ရေဦးခရိုင် စိုက်ပျိုးရေး ဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဇော်မြင့်ထွန်းက ပြောပြသည်။

တန့်ဆည်မြို့နယ်တွင် မတ်ပဲစိုက်တောင်သူများကို မြို့နယ်စိုက်ပျိုးရေး ဦးစီးဌာနအနေဖြင့် ဒေသနှင့်ကိုက်ညီသည့် မျိုးကောင်းမျိုးသန့်ရရှိရေး၊ စိုက်နည်းစနစ်မှန်ကန်ရေး၊ ပိုးမွှားရောဂါကျရောက်မှုကင်းရှင်းရေး၊ ဓာတ်မြေသြဇာစနစ်တကျသုံးစွဲရေးတို့ကို အသိပညာပေးသွားမည် ဖြစ်ကြောင်း သိရသည်။

မတ်ပဲကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်မည်ဆိုပါက ဒေသတွင်းစားသုံးမှု ဖူလုံစေရုံမျှမက ပိုလျှံမှုကိုရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများ မြင့်မားလာမည်ဖြစ်သောကြောင့် မတ်ပဲကို ဒေသမရွေးကြိုးပမ်း စိုက်ပျိုးသင့်ကြောင်း ခရိုင်ဦးစီးမှူး ဦးဇော်မြင့်ထွန်းက ပြောပြ၍ သိရသည်။

(၂၀၆)

ကျွန်ုပ်စစ်မီးကို ချွေတာသုံးစွဲပါ

နိုင်ငံဧရိယာမီဗို့ဖြိုးရေးအတွက်

အဓိကအဖော်မွန်ဖြစ်သော လျှပ်စစ်မီးကို

- ဝန်နှင့်အား မျှတအောင် သုံးစွဲပါ။
- လေလွင့်ပျောက်ဆုံးမှုမရှိအောင် ဂရုစိုက်ပါ။
- အန္တရာယ်မဖြစ်အောင် သတိပြုပါ။
- နေ့စဉ် အကျိုးရှိစွာ ချွေတာသုံးစွဲပါ။

ပြောင်းမြမြို့နယ်တွင် ဒေသထွက်တိုင်ထောင်ပဲသီးများ အရောင်းအဝယ်ကောင်းမွန်နေ

ပြောင်းမြ စက်တင်ဘာ ၉

ဧရာဝတီတိုင်းဒေသကြီး ပြောင်းမြမြို့နယ်တွင် ဒေသထွက် တိုင်ထောင်ပဲသီးများ အရောင်းအဝယ် ကောင်းမွန်နေကြောင်း ပြောင်းမြမြို့နယ် ကုန်စိမ်းရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ညိုညိုက ပြောပြသည်။

ပြောင်းမြမြို့နယ် ကုန်စိမ်းစျေးကွက်တွင် ဒေသထွက် တိုင်ထောင်ပဲသီးများ ယခုနှစ် သြဂုတ်လ တတိယပတ်မှ ယနေ့ထိ အရောင်းအဝယ်ကောင်းမွန်လျက်ရှိပြီး လက်ရှိတစ်ရက်လျှင် တိုင်ထောင်ပဲသီး ပိသာချိန်၄၅၀၀ မှ ၅၅၀၀ ထိ ဝယ်ယူအား ကောင်းမွန်လာပြီး အရောင်းအဝယ်ကောင်းမွန်နေကြောင်း၊ အဆိုပါ တိုင်ထောင်ပဲသီးတစ်ပိသာလျှင် ငွေကျပ် ၉၅၀၀ ထိ စျေးပေါက်နေကြောင်း သိရသည်။

"ဒီဘက်ဒေသကနေ ထွက်တဲ့ တိုင်ထောင်ပဲသီးတွေကို အခြားမြို့နယ်တွေက ဝယ်ယူအားများနေတာပါ။ လက်ရှိ တိုင်ထောင်ပဲသီး ပိသာချိန် ၅၅၀၀ ထိ တစ်ရက်တာ အရောင်းအဝယ်ဖြစ်နေပါတယ်။ ဒေသထွက်ကုန်တွေ အများအပြား စိုက်ပျိုးထုတ်လုပ်ရောင်းချနိုင်တော့ သယ်ယူစရိတ်တွေလဲသက်သာပြီး သန့်ရှင်းလတ်ဆတ်တဲ့ စားသောက်ကုန်တွေကို စားသုံးနိုင်မှာဖြစ်ပါတယ်။ အခုလို ဒေသထွက်ကုန် တိုင်ထောင်ပဲသီးတွေ ဝယ်ယူအားကောင်းလာတော့ ဟင်းသီးဟင်းရွက်စိုက်တဲ့တောင်သူတွေ အလုပ်အကိုင်အခွင့်အလမ်း ပိုမိုအဆင်ပြေလာပါတယ်''ဟု ပြောင်းမြမြို့နယ် ကုန်စိမ်းရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ညိုညိုက ပြောပြသည်။

ပြောင်းမြမြို့နယ်တွင် လက်ရှိ တိုင်ထောင်ပဲသီးများ အပါအဝင် ဒေသထွက် ဟင်းသီးဟင်းရွက်များ ပေါ်နေသည့် အချိန်ဖြစ်ကြောင်း၊ အဆိုပါ တိုင်ထောင်ပဲသီးများ ဝယ်ယူအား ကောင်းလာသည့် အတွက် ထပ်မံတိုးချဲ့စိုက်ပျိုးရန်ပြင်ဆင်နေကြောင်း၊ ဒေသထွက်ကုန်များသာ ရောင်းချရသည့် အတွက် သယ်ယူစရိတ်ကုန်ကျမှု သက်သာခြင်း၊ လတ်ဆတ်သည့် သီးနှံများကိုသာ အရောင်းအဝယ်ပြုလုပ်ရခြင်းကြောင့် များစွာအကျိုးကျေးဇူးရှိကြောင်း ကုန်စိမ်းရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ညိုညိုက ပြောပြ၍ သိရသည်။

ကျော်ကျော်လင်း

မြိတ်မြို့နယ် ကျောက်ဖျာကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေထုတ်ချေး

မြိတ် စက်တင်ဘာ ၉

တနင်္သာရီတိုင်းဒေသကြီး မြိတ်ခရိုင် မြိတ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းများရရှိပြီး မိသားစုဝင်ငွေတိုးပွားလာကာ ကျေးလက်ဒေသ ဆင်းရဲမှုနှုန်းလျော့ကျလာစေရန် ရည်ရွယ်၍ ကျောက်ဖျာကျေးရွာ၌ ဒုတိယအကြိမ် မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေထုတ်ချေးခြင်းကို စက်တင်ဘာ ၈ ရက်နံနက်ပိုင်းက အဆိုပါ ကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရေးဦးစွာ မြိတ်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးထွန်းထွန်းဝင်းနှင့် ဝန်ထမ်းများက ကျောက်ဖျာကျေးရွာရှိ ကျေးရွာတာဝန်ရှိသူများ၊ မြစိမ်းရောင်ကျေးရွာ လုပ်ငန်းအဖွဲ့ဝင်များ၊ အသင်းသား၊ အသင်းသူများနှင့် တွေ့ဆုံကာ မြစိမ်းရောင်ကျေးရွာစီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်ပေးရခြင်း၏ ရည်ရွယ်ချက်များ၊ အကျိုးကျေးဇူးများ၊ စီမံကိန်း လက်စွဲစာစောင်ပါ အကြောင်းအရာများ၊ စီမံကိန်းစက်ဝန်းကာလနှင့် အတိုးနှုန်းသတ်မှတ်ချက်များ၊ ကျေးလက်နေပြည်သူများထားရှိရမည့် ကျေးရွာစိတ်ဓာတ်များ၊ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဥပဒေ၊ နည်းဥပဒေပါ အကြောင်းအရာများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံဝန်ထမ်းက ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီးနောက် မြို့နယ်ဦးစီးမှူးက စီမံကိန်းရန်ပုံငွေကျပ် ၃၄၂ သိန်းကိုမြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်း အဖွဲ့ဝင်များထံ လွှဲပြောင်းပေးအပ်သည်။

ထို့နောက် စီမံကိန်းတာဝန်ခံဝန်ထမ်း၏ ကြီးကြပ်ဆောင်ရွက်မှုဖြင့် မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်း အဖွဲ့ဝင်များက ကျောက်ဖျာကျေးရွာရှိ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူ ၁၄ ဦးကို ငွေကျပ် ၁၂၆ သိန်း၊ အရောင်းအဝယ်လုပ်ငန်း လုပ်ကိုင်သူ ၃၂ ဦးကိုငွေကျပ် ၉၆ သိန်း၊ ရေလုပ်ငန်းလုပ်ကိုင်သူ ၁၀ ဦးကို ငွေကျပ် သိန်း ၇၀၊ အခြားအသက်မွေးဝမ်းကျောင်းလုပ်ငန်း လုပ်ကိုင်သူ ၁၀ ဦးကို ငွေကျပ်သိန်း ၅၀ စုစုပေါင်း အသင်းသား၊ အသင်းသူ ၆၆ ဦးကို မြစိမ်းရောင်ကျေးရွာ စီမံကိန်း အရင်းမပျောက်လည်ပတ် ရန်ပုံငွေကျပ် ၃၄၂ သိန်းကို အတိုးနှုန်းသက်သာစွာဖြင့် ထုတ်ချေးပေးခဲ့ကြောင်း မြိတ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးထွန်းထွန်းဝင်းထံမှ သိရသည်။

ကိုညို

လှည်းကူးမြို့နယ် တလုပ်ကုန်းကျေးရွာ၌ ကျေးရွာတွင်းလမ်းကွန်ကရစ်ခင်းခြင်း စစ်ဆေး

လှည်းကူး စက်တင်ဘာ ၉

ရန်ကုန်တိုင်းဒေသကြီး လှည်းကူးခရိုင် လှည်းကူးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်း (VDP) ပံ့ပိုးရန်ပုံငွေဖြင့် တလုပ်ကုန်းကျေးရွာ၌ ကျေးရွာတွင်းလမ်းကွန်ကရစ်ခင်းခြင်း လုပ်ငန်းဆောင်ရွက်နေမှုကို စက်တင်ဘာ ၈ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် လှည်းကူးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်သန္တာစိုးနှင့် တာဝန်ရှိသူများသည် ကျေးရွာဖွံ့ဖြိုးရေး ကော်မတီဝင်များနှင့် အတူ တလုပ်ကုန်းကျေးရွာ၌ လမ်းအရှည် ပေ ၅၆၀၊ အကျယ်ရှစ်ပေ၊ အမြင့် ခြောက်လက်မရှိ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက ကျေးရွာ ဖွံ့ဖြိုးရေးကော်မတီဝင်များကို လုပ်ငန်းများစံချိန်စံညွှန်းပြည့်မီစွာဖြင့် သတ်မှတ်ကာလ အတွင်း အချိန်မီပြီးစီးအောင် ဆောင်ရွက်ရန်မှာကြားပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

အဆိုပါ ကျေးရွာတွင်းလမ်းကွန်ကရစ်ခင်းခြင်း လုပ်ငန်းကို ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်း စီမံကိန်း VDP ပံ့ပိုးရန်ပုံငွေကျပ် သိန်း ၁၅၀ အသုံးပြုကာ ဌာနဆ၏ နည်းပညာပံ့ပိုးမှု၊ အနီးကပ်ကြီးကြပ်မှုဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ယခုနှစ် သြဂုတ် ၂၈ ရက်က စတင်အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ရာ လုပ်ငန်းများ ၅၀ ရာခိုင်နှုန်း ပြီးစီးပြီဖြစ်ကြောင်း လှည်းကူးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

အထွေး

ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဗလာဒီဗော့စတော့ခ်မြို့တွင် ကျင်းပသည့် ၁၀ ကြိမ်မြောက် အရှေ့ဖျားစီးပွားရေးဖိုရမ်သို့ ပြည်ထောင်စုဝန်ကြီး ဦးမြထွန်းဦး ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ တက်ရောက်

နေပြည်တော် စက်တင်ဘာ ၉

ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြထွန်းဦး ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ရုရှားဖက်ဒရေးရှင်းနိုင်ငံသမ္မတ၏ အကြံပေးဖြစ်သူ ဖိုရမ်ကျင်းပရေးကော်မတီ အမှုဆောင်အတွင်းရေးမှူး Mr. Anton Kobyakov ၏ ဖိတ်ကြားမှုအရ စက်တင်ဘာ ၃ ရက်မှ ၆ ရက်ထိ ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဗလာဒီဗော့စတော့ခ်မြို့၌ကျင်းပသည့် ၁၀ ကြိမ်မြောက် အရှေ့ဖျားစီးပွားရေးဖိုရမ်သို့ တက်ရောက်ခဲ့သည်။

၁၀ ကြိမ်မြောက် အရှေ့ဖျားစီးပွားရေးဖိုရမ်သို့ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့်အတူ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ စွမ်းအင်ဝန်ကြီးဌာန၊ စက်မှုဝန်ကြီးဌာန၊ ကျန်းမာရေးဝန်ကြီးဌာန၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီး၊ ဝန်ကြီးဌာနများမှ ဘာသာရပ်ဆိုင်ရာ တာဝန်ရှိသူများနှင့် မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် ဒုတိယဥက္ကဋ္ဌတို့ ပါဝင်တက်ရောက်သည်။

ဖိုရမ်တက်ရောက်စဉ် ကာလအတွင်း စက်တင်ဘာ ၃ ရက် နံနက်ပိုင်းတွင် ပြည်ထောင်စုဝန်ကြီး ဦးမြထွန်းဦးနှင့် ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်တို့သည် ရုရှားဖက်ဒရေးရှင်းနိုင်ငံသမ္မတ၏ အကြံပေး Mr. Anton Kobyakov အား တွေ့ဆုံ၍ မြန်မာနိုင်ငံနှင့် ရုရှားနိုင်ငံတို့အကြား နီးကပ်စွာပူးပေါင်းဆောင်ရွက်လျက်ရှိသည့် ကိစ္စရပ်များ၊ မြန်မာနိုင်ငံတွင် ရွေးကောက်ပွဲကျင်းပရန် ပြင်ဆင်ဆောင်ရွက်နေသည့် အခြေအနေများ၊ နှစ်နိုင်ငံစီးပွားရေးပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရေးဆိုင်ရာ ကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။

မွန်းလွဲပိုင်းတွင် မြန်မာကိုယ်စားလှယ်အဖွဲ့သည် ရုရှားဖက်ဒရေးရှင်းနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံဂုဏ်ထူးဆောင် ကောင်စစ်ဝန်နှင့် ရော့စ်ကွန်ဂရက် ရင်းနှီးမြှုပ်နှံမှုရန်ပုံငွေ အဖွဲ့၏ကြီးကြပ်ရေးဘုတ်အဖွဲ့ဝင် Mr.SHATIROV Sergey Vladimirovich ခေါင်းဆောင်သော ကိုယ်စားလှယ်အဖွဲ့နှင့် တွေ့ဆုံပြီး မြန်မာနိုင်ငံနှင့် ရုရှားနိုင်ငံ ရော့စ်ကွန်ဂရက် ရင်းနှီးမြှုပ်နှံမှု ရန်ပုံငွေအဖွဲ့တို့အကြား ပူးပေါင်းဆောင်ရွက်လျက်ရှိသော လုပ်ငန်းများ၏ ဖြစ်ပေါ်တိုးတက်မှုအခြေအနေများနှင့် ရှေ့ဆက်လက်ဆောင်ရွက်မည့်ကိစ္စရပ်များအပါအဝင် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေး၊ ဘဏ္ဍာရေး၊ စိုက်ပျိုးရေး၊ လျှပ်စစ်၊ စွမ်းအင်၊ စက်မှုနှင့် ကျန်းမာရေးကဏ္ဍတို့တွင် ပူပေါင်းဆောင်ရွက်နေမှုများကို ရင်းနှီးပွင့်လင်းစွာဆွေးနွေးကြသည်။

ဖိုရမ်တက်ရောက်စဉ် ကာလအတွင်း စက်တင်ဘာ ၄ ရက် နံနက်ပိုင်းတွင် ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်သည် Russia-ASEAN Business Dialogue အစီအစဉ်တွင် Panelist အနေဖြင့်တက်ရောက်၍ ရုရှား-အာဆီယံဒေသတွင်း ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များ၊ ရုရှား-အာဆီယံ ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ မဟာဗျူဟာအစီအစဉ်ကို အကောင်အထည်ဖော်ဆောင်ရွက်မည့် နည်းလမ်းများ၊ ကုန်စည်နှင့် ဝန်ဆောင်မှုများ၊ စျေးကွက်များကို ချဉ်းကပ်ရမည့် ဘုံနည်းလမ်းများ၊ ရုရှားရင်းနှီးမြှုပ်နှံမှု စီမံကိန်းများ ဆွဲဆောင်နိုင်မည့်နည်းလမ်းများကို ဆွေးနွေးပြောကြားသည်။

မွန်းလွဲပိုင်းတွင် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဒုံးမားလွှတ်တော် ဒုတိယဥက္ကဋ္ဌ Mr. Sholban Valerievich KARA-OOL ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့နှင့် တွေ့ဆုံပြီး မြန်မာနိုင်ငံနှင့် ရုရှားနိုင်ငံတို့အကြား ရင်းနှီးချစ်ကြည်စွာ ပူးပေါင်းဆောင်ရွက်သည့် ကိစ္စရပ်များ၊ မြန်မာနိုင်ငံတွင် ရွေးကောက်ပွဲကျင်းပရန် ပြင်ဆင်ဆောင်ရွက်နေသည့် အခြေအနေများ၊ နှစ်နိုင်ငံ ခရီးသွားလုပ်ငန်းမြှင့်တင်ရေးဆိုင်ရာကိစ္စရပ်များ၊ သယ်ယူပို့ဆောင်ရေး၊ ဘဏ္ဍာရေး၊ လျှပ်စစ်၊ စွမ်းအင်၊ စက်မှု၊ ကူးသန်းရောင်းဝယ်ရေးနှင့် ကျန်းမာရေးကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်နေမှုများကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။

ညနေပိုင်းတွင် မြန်မာကိုယ်စားလှယ်အဖွဲ့သည်ရုရှား-အာဆီယံစီးပွားရေးကောင်စီ ဥက္ကဋ္ဌ Mr.Ivan Viktorovich Polyakov နှင့်တွေ့ဆုံ၍ ရုရှားနိုင်ငံနှင့် အာဆီယံနိုင်ငံများအကြား စီးပွားရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများ၊ မြန်မာနိုင်ငံနှင့် ရုရှားနိုင်ငံတို့အကြား ဆန်စပါး၊ ကော်ဖီ၊ သရက်သီးနှင့် ရေထွက်ကုန်ပစ္စည်းများ တင်ပို့ရေးအပါအဝင် ကုန်သွယ်မှုတိုးမြှင့်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေး၊ လျှပ်စစ်၊ စွမ်းအင်ကဏ္ဍ ဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုကိစ္စရပ်များအား ဆွေးနွေးကြပြီး ဖိုရမ်၌ ပြသထားသော ပြခန်းများကို လေ့လာကြည့်ရှုကြသည်။

စက်တင်ဘာ ၅ ရက် နံနက်ပိုင်းတွင် ပြည်ထောင်စုဝန်ကြီး ဦးမြထွန်းဦးသည် ရုရှားဖက်ဒရေးရှင်းနိုင်ငံ SYNERGY Corporation မှ International Recruitment Agency Director ဖြစ်သူ Ms. Lidia Filatova အား လက်ခံတွေ့ဆုံ၍ မြန်မာ-ရုရှား နှစ်နိုင်ငံအကြား အလုပ်သမားရေးရာကိစ္စရပ်များအား ပူးပေါင်းဆောင်ရွက်နိုင်ရေး အတွက် နားလည်မှုစာချွန်လွှာရေးထိုးနိုင်ရေးဆောင်ရွက်နေမှုများ၊ ပြည်ပနိုင်ငံများတွင် အလုပ်လုပ်ကိုင်လိုသူ နိုင်ငံသားများအတွက် အခွင့်အလမ်းများနှင့် လေ့ကျင့်သင်ကြားပေးရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များကို ဆွေးနွေးကြသည်။

အလားတူ ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်သည်''Global South and East:who will lead the new growth economy''ခေါင်းစဉ်ဖြင့်ကျင်းပသော စားပွဲဝိုင်းဆွေးနွေးပွဲတွင် Speaker အဖြစ်တက်ရောက်ဆွေးနွေးခဲ့ရာ မြန်မာကိုယ်စားလှယ်အဖွဲ့ဝင်များ ပါဝင်တက်ရောက်ကြသည်။

ဆက်လက်၍ မြန်မာကိုယ်စားလှယ်အဖွဲ့သည် ရုရှားဖက်ဒရေးရှင်းနိုင်ငံ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီး H.E. Mr. Maksim Reshetnikov ခေါင်းဆောင်သော အဖွဲ့နှင့်တွေ့ဆုံ၍ ပဉ္စမအကြိမ် ရုရှား-မြန်မာ အစိုးရအချင်းချင်း ကုန်သွယ်ရေးနှင့်စီးပွားရေး ပူးပေါင်းဆောင်ရွက်မှု ကော်မရှင်အစည်းအဝေးဆုံးဖြတ်ချက်များအရ ဆောင်ရွက်လျက်ရှိသည့်ကိစ္စရပ်များ၊ မြန်မာ-ရုရှား စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ ဖြစ်ပေါ်တိုးတက်မှု အခြေအနေများ၊ နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်မှု လမ်းပြမြေပုံအကောင်အထည်ဖော် ဆောင်ရွက်မှုအခြေအနေများ၊ စွမ်းအင်ကဏ္ဍတွင် ပူးပေါင်းဆောင်ရွက်မည့် ကိစ္စရပ်များ၊ စက်မှုဖွံ့ဖြိုးတိုးတက်ရေးကဏ္ဍတွင် ပူးပေါင်းဆောင်ရွက်မည့် ကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးကြသည်။

မွန်းလွဲပိုင်းတွင် မြန်မာကိုယ်စားလှယ်အဖွဲ့သည် ၁၀ ကြိမ်မြောက် အရှေ့ဖျားစီးပွားရေးဖိုရမ်၏ ပင်မအခမ်းအနားဖြစ်သည့် မျက်နှာစုံညီအစည်းအဝေး (Main Forum-Plenary Session)သို့ ပါဝင်တက်ရောက်သည်။

အဆိုပါ အစည်းအဝေးတွင် ရုရှားဖက်ဒရေးရှင်းနိုင်ငံသမ္မတ မစ္စတာ ဗလာဒီမာ ပူတင်က မိန့်ခွန်းပြောကြားခဲ့ပြီး နိုင်ငံတကာ စီးပွားရေးဖိုရမ်၏ ပင်မဆွေးနွေးမှုများကို ဦးဆောင်ဆွေးနွေးသည်။ လာအိုနိုင်ငံဝန်ကြီးချုပ် H.E. Mr.Sonsan Siphandon၊ မွန်ဂိုလီးယားနိုင်ငံဝန်ကြီးချုပ် H.E. Mr. Gombojavyn Zandanshatarနှင့် တရုတ်နိုင်ငံ ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ ပေါလစ်ဗျူရိုအဖွဲ့ဝင် အမျိုးသားပြည်သူ့ကွန်ဂရက် အမြဲတမ်းကော်မတီ ဒုတိယဥက္ကဋ္ဌ H.E. Mr. Li Hong Zhong တို့က ဆွေးနွေးဖက်များ အဖြစ် ပါဝင်ဆွေးနွေးကြသည်။

သမ္မတပူတင်က ၂၀၂၇ ခုနှစ် ဧန်နဝါရီ ၁ ရက်မှစ၍ ရုရှားအရှေ့ဖျားနှင့် အာတိတ်ဒေသကို ဒုတိယအထူးဦးစားပေး စီးပွားရေးဒေသအဖြစ် သတ်မှတ်သွားရန်ရှိကြောင်း၊ အနာဂတ်တွင် အာရှနှင့် ဥရောပတို့အကြား မြောက်ဘက် ပင်လယ်ရေလမ်းကြောင်းမှာ များစွာ အရေးကြီးလာမည်ဟု ရှုမြင်ထားကြောင်း၊ ယင်းအတွက် အာတိတ်ဒေသ ဖြတ်သန်းစကြီး ထူထောင်မည်ဖြစ်ပြီး ဆိုက်ဘေးရီးယားဒေသမြစ်ကြောင်းများကို သယ်ယူပို့ဆောင်ရေး လမ်းကြောင်းများ အတွက်အသုံးပြုနိုင်မှုအလားအလာကောင်းများရှိကြောင်း၊ အရှေ့ဖျားဒေသတွင် ဒရုန်းယာဉ်များအသုံးပြုမှု ကျယ်ပြန့်လာစေရေး အတွက် စမ်းသပ်လုပ်ဆောင်လျက်ရှိကြောင်း၊ ရုရှားနိုင်ငံ၏စီးပွားရေး တုံ့ဆိုင်းခြင်းမရှိစေရန် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ယူကရိန်းအရေးနှင့်စပ်လျဉ်း၍ လုံခြုံရေး အာမခံချက်အပေါ် ရုရှားနိုင်ငံအနေဖြင့် အလေးထားကြောင်း၊ အာမခံချက်ရရှိစေရန် နှစ်ဖက်စလုံးမှ ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ယူကရိန်းနိုင်ငံအတွင်းရှိ မည်သည့် နိုင်ငံ၊တပ်ဖွဲ့ကိုမဆို ဥပဒေအရ တိုက်ခိုက်ဖျက်ဆီးသွားမည်ဖြစ်ကြောင်းဖြင့် ဆွေးနွေးပြောကြားသည်။

မျက်နှာစုံညီ အစည်းအဝေးအပြီးတွင် ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်နှင့် စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလွင်တို့သည် ရုရှားဖက်ဒရေးရှင်းနိုင်ငံ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီး H.E. Mr. Maksim Reshetnikov နှင့် GAZPROM ကုမ္ပဏီတို့မှ တာဝန်ရှိသူများအား တွေ့ဆုံပြီး မြန်မာနိုင်ငံ၏ အလားအလာကောင်း၍ အာမခံချက်ရှိသည့် ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ကွက်များတွင် ရှာဖွေတူးဖော်ထုတ်လုပ်ရေးနှင့် မြန်မာနိုင်ငံတွင် Feasibility Study ပြုလုပ်ထားပြီးဖြစ်သည့် ရေနက်ဆိပ်ကမ်းများနှင့် တည်ဆောက်ထားပြီးဖြစ်သည့် ပိုက်လိုင်းများကို အသုံးပြု၍ LNG Hub ကဲ့သို့သော Energy Trading ပြုလုပ်နိုင်မည့် အခွင့်အလမ်းများတွင် ရင်းနှီးမြှုပ်နှံ ဆောင်ရွက်နိုင်ရေးအတွက် အလားအလာကောင်းများရှိမှုနှင့် နှစ်နိုင်ငံ စွမ်းအင်ကဏ္ဍ ပိုမိုပူးပေါင်းဆောင်ရွက်နိုင်ရေးကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးကြသည်။

စက်တင်ဘာ ၆ ရက် မွန်းလွဲပိုင်းတွင် ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်းသည် ရုရှားဖက်ဒရေးရှင်းနိုင်ငံ Valdivostok မြို့ရှိ Medical Center သို့ သွားရောက်ပြီး တာဝန်ရှိသူများနှင့်အတူ စက်ရုပ်အသုံးပြု၍ ခွဲစိတ်မှုများ(Robotic Surgery)၊ AI နည်းပညာ အသုံးပြု၍ မှန်ပြောင်းကြည့်ခွဲစိတ်ကုသမှုများ (Endoscopic Surgery)၊ ကလေးကုသဆောင်၊ မျက်စိ၊ နား၊ နှာခေါင်း၊ လည်ချောင်းနှင့် ဦးခေါင်းဌာန၊ ပြန်လည်သန်စွမ်းရေးဌာနများသို့ကြည့်ရှုပြီး အဆိုပါဆေးရုံရှိ ဆေးကုသမှုအခြေအနေများ၊ နိုင်ငံတကာ ဆေးကျောင်းသားများတက်ရောက်သင်ကြားပေးနေမှုအခြေအနေများ၊ မြန်မာနိုင်ငံမှ ပညာတော်သင်ကျောင်းသားများ စေလွှတ်ပြီး ဆေးလက်တွေ့သင်ကြားနိုင်ရေးကိစ္စရပ်များကို ဆွေးနွေးသည်။

အရှေ့ဖျားစီးပွားရေးဖိုရမ်ကို ၂၀၁၅ ခုနှစ်မှစ၍ နှစ်စဉ်ကျင်းပခဲ့ပြီး ရုရှားဖက်ဒရေးရှင်းနိုင်ငံနှင့် ရင်းနှီးမြှုပ်နှံမှုအဖွဲ့အစည်းများ အကြား ဆက်သွယ်မှုထူထောင်ရေးနှင့် အာရှနှင့် ပစိဖိတ်ဒေသစီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် နိုင်ငံတကာပူးပေါင်းဆောင်ရွက်ရေး ပလက်ဖောင်းတစ်ခုဖြစ်စေရေး ရည်ရွယ်ကျင်းပခြင်းဖြစ်သည်။ ယခုကျင်းပသည့် ၁၀ ကြိမ်မြောက် အရှေ့ဖျားစီးပွားရေးဖိုရမ်သို့ ကမ္ဘာတစ်ဝန်းရှိ နိုင်ငံပေါင်း ၇၅ နိုင်ငံမှ အကြီးအကဲများ၊ အစိုးရအဖွဲ့များ၊ ကျွမ်းကျင်ပညာရှင်များ၊ ပုဂ္ဂလိကစီးပွားရေးလုပ်ငန်းရှင်များ စုစုပေါင်း ဦးရေ ၇၀၀၀ ကျော် တက်ရောက်ခဲ့ကြကြောင်းနှင့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် စက်တင်ဘာ ၈ ရက် မွန်းလွဲပိုင်း၌ လေကြောင်းခရီးဖြင့် မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးရာပြည့် ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီး Mr.Filippo Grandi အား လက်ခံတွေ့ဆုံ

နေပြည်တော် စက်တင်ဘာ ၉

နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်သည် ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီး Mr. Filippo Grandi အား ယနေ့နံနက်ပိုင်းတွင် နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် မြန်မာနိုင်ငံအတွင်းရှိ နယ်စပ်ဒေသများ တည်ငြိမ်အေးချမ်းရေး၊ ဖွံ့ဖြိုးတိုးတက်ရေး၊ နယ်စပ်ဒေသများတွင် နေထိုင်ကြသည့် တိုင်းရင်းသားပြည်သူများ၏ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ပေးနေမှုများ၊ နိုင်ငံတော်အစိုးရက အကောင်အထည်ဖော်ဆောင်ရွက်နေသည့် အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ပြည်တွင်းငြိမ်းချမ်းရေး လုပ်ငန်းစဉ်များ၏ ဖြစ်ပေါ်တိုးတက်မှုများ၊ လူသားချင်းစာနာထောက်ထားမှုအကူအညီများ ပံ့ပိုးဆောင်ရွက်ပေးနေမှုအခြေအနေများ၊ ရခိုင်ပြည်နယ်အတွင်း၌ နယ်မြေတည်ငြိမ်အေးချမ်းမှု ရရှိလာပါက နေရပ်စွန့်ခွာသွားသူများအား ၎င်းတို့၏ဆန္ဒအလျောက် ဘေးကင်းပြီး ဂုဏ်သိက္ခာရှိစွာ နေရပ်ပြန်နိုင်ရေးအတွက် ဆက်လက်ညှိနှိုင်း ဆောင်ရွက်လျက်ရှိသည့် ကိစ္စရပ်များ၊ UNHCR နှင့် ရှေ့ဆက်လက်ပူးပေါင်းဆောင်ရွက်နိုင်မည့် ကိစ္စရပ်များနှင့် စပ်လျဉ်း၍ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲသို့ နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်ဖြိုးသန့်၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြန်မာနိုင်ငံ ဘိလပ်မြေထုတ်လုပ်သူများအသင်း၏ (၄/၂၀၂၅)ကြိမ် ညှိနှိုင်းအစည်းအဝေးနှင့် စီမံကိန်းကြီးကြပ်မှုကော်မတီ ညှိနှိုင်းအစည်းအဝေးကျင်းပ

နေပြည်တော် စက်တင်ဘာ ၉

မြန်မာနိုင်ငံ ဘိလပ်မြေထုတ်လုပ်သူများအသင်း၏ (၄/၂၀၂၅) ကြိမ် ညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် စက်မှုဝန်ကြီးဌာန ရုံးအမှတ်(၃၀) အစည်းအဝေးခန်းမ၌ ကျင်းပရာ စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူး၊ ဆက်စပ်ဝန်ကြီးဌာနများမှ အဖွဲ့ဝင်များ၊ မြန်မာနိုင်ငံ ဘိလပ်မြေထုတ်လုပ်သူများအသင်း၃ဌာနတို့နှင့် အဖွဲ့ဝင်များ၊ စက်မှုဝန်ကြီးဌာနမှ တာဝန်ရှိသူများ တက်ရောက်သည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက မန္တလေးငလျင်ကြီး လူပ်ခတ်မှုကြောင့် ထိခိုက်ပျက်စီးခဲ့သည့် တိုင်းဒေသကြီး၊ ပြည်နယ် ရှစ်ခုတို့တွင် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီကထောက်ပံ့မည့် ဘိလပ်မြေအိတ် ၅ သောင်း ၃၄ သန်းကို ဖြန့်ဝေနိုင်ရန် ဘိလပ်မြေထုတ်လုပ်သူများအသင်းနှင့် ညှိနှိုင်းရရှိပြီး ဖြစ်ကြောင်း၊ ဘိလပ်မြေထုတ်လုပ်မှုနည်းပညာများ တိုးတက်ပြန့်ပွားစေရေးအတွက် နည်းပညာတက္ကသိုလ်၊ နည်းပညာကောလိပ်စသည့် အသက်မွေးဝမ်းကျောင်းပညာသင်ကျောင်းများတွင် ဘာသာရပ်တစ်ခုအနေဖြင့် ထည့်သွင်းသင်ကြားပေးနိုင်ရေး ဆွေးနွေးလျက်ရှိကြောင်း၊ ဘိလပ်မြေစက်ရုံများအနေဖြင့် ကျောင်းသား၊ ကျောင်းသူများလက်တွေ့လာရောက်ကွင်းဆင်းရာတွင် လက်ခံဆောင်ရွက်ပေးနိုင်ရေး စီမံထားရှိရမည်ဖြစ်ကြောင်း။

ဘိလပ်မြေ ထုတ်လုပ်သူများအသင်းအနေဖြင့် ဘိလပ်မြေထုတ်လုပ်မှုနှင့် ဆက်စပ်လုပ်ငန်းများ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ စက်မှုဝန်ကြီးဌာနအနေဖြင့် ဘိလပ်မြေထုတ်လုပ်မှုနည်းပညာများနှင့် ပတ်သက်၍ လိုအပ်ချက်များရှိပါက ကူညီဖြည့်ဆည်းဆောင်ရွက်ပေးသွားမည် ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ အမှတ်(၂) အကြီးစားစက်မှုလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူးက (၃/၂၀၂၅) အစည်းအဝေးဆုံးဖြတ်ချက်များ အပေါ် လိုက်နာအကောင်အထည်ဖော်ဆောင်ရွက်မှု၊ စက်ရုံများ၏ ဘိလပ်မြေတိုးတက်ထုတ်လုပ်မှုနှင့် အခက်အခဲများကို ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်မှု အခြေအနေတို့ကိုလည်းကောင်း၊ မြန်မာနိုင်ငံဘိလပ်မြေထုတ်လုပ်သူများအသင်း၃ဌာနနှင့် ဒုတိယ ဥက္ကဋ္ဌတို့က ဘိလပ်မြေအရည်အသွေးကိုနိုင်ငံတကာအဆင့်မီ စစ်ဆေးနိုင်ရေးအတွက် ဓာတ်ခွဲခန်းတည်ဆောက်ရေးဆိုင်ရာ ကိစ္စရပ်များ၊ ထုတ်လုပ်မှု နည်းပညာအဆင့်ဆင့်အားလွှဲပြောင်းရရှိရေးဆောင်ရွက်နေမှု၊ ဘိလပ်မြေစက်ရုံများ ကုန်ထုတ်လုပ်မှုလုပ်ငန်းများ ဆောင်ရွက်ရာတွင် တွေ့ကြုံရသည့်အခက်အခဲများကို ပိုင်းဝန်းကူညီဖြည့်ဆည်းဆောင်ရွက်ပေးခဲ့မှုအခြေအနေတို့ကိုလည်းကောင်း၊ ဘိလပ်မြေစက်ရုံများမှ တာဝန်ရှိသူများက စက်ရုံအလိုက် ကုန်ထုတ်လုပ်မှုလုပ်ငန်းများ ဆောင်ရွက်နေမှု၊ ဖြန့်ဖြူးရောင်းချမှု၊ ကုန်ထုတ်လုပ်မှုလုပ်ငန်းများ ဆောင်ရွက်စဉ် တွေ့ကြုံရသည့် အခက်အခဲများကိုလည်းကောင်း၊ ဘိလပ်မြေထုတ်လုပ်သူများအသင်းတွင် ပါဝင်သည့် ဝန်ကြီးဌာန ကိုယ်စားလှယ်များက စက်ရုံအလိုက်လိုအပ်ချက်များကို ကူညီဖြည့်ဆည်း ဆောင်ရွက်ပေးနေမှုအခြေအနေတို့ကိုလည်းကောင်း၊ စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က ငလျင်ဒဏ်သင့်ဒေသများတွင် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် ဘိလပ်မြေများဖြန့်ဖြူးပေးနိုင်ရေး အခြေအနေတို့ကိုလည်းကောင်း၊ တက်ရောက်လာသူများက ဘိလပ်မြေများ အရည်အသွေးပြည့်မီစွာ ထုတ်လုပ်နိုင်ရေးအတွက် ဆောင်ရွက်သွားရမည့်အခြေအနေ၊ နည်းပညာလွှဲပြောင်းရရှိရေးဆိုင်ရာ ကိစ္စရပ်များ၊ စက်မှုလုပ်ငန်းများနှင့် ကျောင်းများ ချိတ်ဆက်ဆောင်ရွက်သွားမည့် အခြေအနေတို့ကိုလည်းကောင်း အသီးသီးပိုင်းဝန်းဆွေးနွေးကြပြီး စက်ရုံများကတင်ပြသည့် လိုအပ်ချက်များကို ပေါင်းစပ်ညှိနှိုင်းဖြေရှင်းဆောင်ရွက်ပေးကာ ပြည်ထောင်စုဝန်ကြီးက နိဂုံးချုပ်အမှာစကားပြောကြားသည်။

မွန်းလွဲပိုင်းတွင် စီမံကိန်းကြီးကြပ်မှုကော်မတီ ညှိနှိုင်းအစည်းအဝေးကို ဆက်လက်ကျင်းပရာ ပြည်ထောင်စုဝန်ကြီးကအမှာစကားပြောကြားပြီး ပြည်ထောင်စုဝန်ကြီးရုံး ညွှန်ကြားရေးမှူးချုပ်က ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်အတွင်း ရန်ပုံငွေပါလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုအခြေအနေ၊ အစည်းအဝေးတက်ရောက်လာသည့် အဖွဲ့ဝင်များက စီမံကိန်းလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နေမှု၊ သတ်မှတ်ဘဏ္ဍာနှစ်အလိုက် လုပ်ငန်းများဆောင်ရွက်ပြီးစီးမှုနှင့် ဆက်လက်ဆောင်ရွက်မည့် အခြေအနေတို့ကို ရှင်းလင်းတင်ပြခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ရှေ့ဖုံးမှအဆက်

စွမ်းဆောင်ရည် မြင့်မားရေးအတွက် ပညာပေးသင်တန်းများကို အရှိန်မြှင့်တင်ဆောင်ရွက်ပေးသွားမည် ဖြစ်ကြောင်း သိရသည်။

နေကြာကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်းဆီစားသုံးမှု ဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် ဆီထွက်သီးနှံနေကြာကို ပိုမိုတိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွှေးကြိုးပမ်းသင့်ကြောင်း မြို့နယ်ဦးစီးမှူး ဦးမျိုးနိုင်က ပြောပြ၍ သိရသည်။ (၂၀၆)

လျှပ်စစ်မီတာခ သက်သာဖို့

LED ပစ္စည်း သုံးကြစို့။

အလွတ်တန်းအဆင့် ဆောင်းပါးပြိုင်ပွဲကျင်းပမည်

၁။ ၂၀၂၅ ခုနှစ် အောက်တိုဘာ ၁၃ ရက်တွင် ကျရောက်မည့် အပြည်ပြည်ဆိုင်ရာသဘာဝဘေးအန္တရာယ်ထိခိုက်ဆုံးရှုံးနိုင်ခြေလျှော့ချရေးနေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် "သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲဆောင်ရွက်မှုများ"ခေါင်းစဉ်ဖြင့် အလွတ်တန်းအဆင့်ဆောင်းပါးပြိုင်ပွဲကို ကျင်းပပြုလုပ်သွားမည်ဖြစ်ပြီး ပထမဆု၊ ဒုတိယဆုနှင့် တတိယဆုရရှိသူများကို နေပြည်တော်တွင်ကျင်းပမည့် အထိမ်းအမှတ်အခမ်းအနားတွင် ဂုဏ်ပြုဆုငွေနှင့် ဆုတံဆိပ်များချီးမြှင့်သွားမည်ဖြစ်ပါသည်။

၂။ ပြိုင်ပွဲစည်းကမ်းသတ်မှတ်ချက်များကို https://bit.ly/47Md8CK တွင် ဝင်ရောက်ကြည့်ရှုနိုင်ပြီး တယ်လီဖုန်းအမှတ် ၀၆၇ ၃၄၀၄၀၄၉၊ ၀၆၇ ၃၄၀၄၀၇၁ တို့သို့လည်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန

ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန

ပြောင်းရွှေ့ခန့်အပ်တာဝန်ပေး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီရုံး
အမိန့်အမှတ် ၃၅ /၂၀၂၅
၁၃၈၇ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၃ ရက်
(၂၀၂၅ ခုနှစ်၊ စက်တင်ဘာလ ၉ ရက်)

ပြောင်းရွှေ့ခန့်အပ်တာဝန်ပေးခြင်း

အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၂၇၊ ပုဒ်မခွဲ(ခ)အရ အောက်ပါပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးများနှင့် မန္တလေးတိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးချုပ်တို့ကို ပြည်ထောင်စုရွှေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်အဖြစ် ပြောင်းရွှေ့ခန့်အပ်တာဝန်ပေးလိုက်သည်-

(၁) ဦးခင်မောင်ကြီး
(၂) ဦးမျိုးမောင်
(၃) ဦးကြည်သိန်း
(၄) ဒေါ်ခင်သင်းဝေ

အမိန့်အရ
အောင်လင်းဌေး
အမှုဆောင်ချုပ်
အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီရုံး

နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုထားခြင်းကို ပယ်ဖျက်၍ ပါတီများအား ဖျက်သိမ်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်
ကြေညာချက်အမှတ် (၉၅)/၂၀၂၅)
၁၃၈၇ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၃ ရက်
(၂၀၂၅ ခုနှစ်၊ စက်တင်ဘာလ ၉ ရက်)

နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုထားခြင်းကို ပယ်ဖျက်၍ ပါတီများအား ဖျက်သိမ်းခြင်း

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်း ဥပဒေပုဒ်မ ၅ ပုဒ်မခွဲ(စ)နှင့် (ဇ)တို့အရ နိုင်ငံရေးပါတီများ ပါတီဝင်ဦးရေနှင့် ပါတီရုံးခန်းများ သတ်မှတ်အရေအတွက် ပြည့်မီရေးဆောင်ရွက်ပြီး ကော်မရှင်သို့ နောက်ဆုံးတင်ပြရမည့်ရက်ကို ၇-၉-၂၀၂၅ ရက်နေ့သတ်မှတ်ကြောင်း ၂၀၂၅ ခုနှစ် သြဂုတ်လ ၂၀ ရက်နေ့တွင် အမိန့်ကြော်ငြာစာအမှတ် (၅၆/၂၀၂၅)ဖြင့် ထုတ်ပြန်ကြေညာခဲ့ပြီးဖြစ်ပါသည်။

၂။ နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်း ဥပဒေပုဒ်မ ၁၂ ပုဒ်မခွဲ (က) ပုဒ်မခွဲငယ် (၉)နှင့် (၁၀)အရ သတ်မှတ်ရက်ဖြစ်သည့် ၇-၉-၂၀၂၅ ရက်နေ့အထိ **ပုဒ်မ ၅ ပုဒ်မခွဲ (စ) ပါ သတ်မှတ်ပါတီဝင်ဦးရေမပြည့်မီသည့် အမျိုးသားဒီမိုကရေစီအင်အားစုပါတီ [National Democratic Force Party (NDF)]** နှင့် **ပုဒ်မ ၅ ပုဒ်မခွဲ (ဇ)ပါ ပါတီရုံးခန်းများ သတ်မှတ်အရေအတွက် မပြည့်မီသည့် အမျိုးသားနိုင်ငံရေးဒီမိုကရက်တစ်ပါတီ [Democratic Party of National Politics (DNP)]၊ အမျိုးသမီးပါတီ(မွန်)**နှင့် **ပြည်ထောင်စုလယ်သမားအလုပ်သမားအင်အားစုပါတီ** စုစုပေါင်းနိုင်ငံရေးပါတီ လေးပါတီကို နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်း ဥပဒေပုဒ်မ ၁၂ ပုဒ်မခွဲ (ခ)အရ ၂၀၂၅ ခုနှစ် စက်တင်ဘာလ ၉ ရက်နေ့မှစ၍ နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ထားခြင်းကို ပယ်ဖျက်၍ ပါတီများအား ဖျက်သိမ်းလိုက်သည်။

(ပုံ) သန်းစိုး
ဥက္ကဋ္ဌ
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

သံအမတ်ကြီး ဦးကျော်ကျော်မင်း အာရပ်စော်ဘွားများ ပြည်ထောင်စု သမ္မတထံ ခန့်အပ်လွှာပေးအပ်

နေပြည်တော် စက်တင်ဘာ ၉

အာရပ်စော်ဘွားများပြည်ထောင်စုဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သံအမတ်ကြီး ဦးကျော်ကျော်မင်းသည် ၎င်း၏ခန့်အပ်လွှာကို ၂၀၂၅ ခုနှစ် စက်တင်ဘာ ၈ ရက်တွင် အာရပ်စော်ဘွားများပြည်ထောင်စု အဘူဒါဘီမြို့ရှိ သမ္မတနန်းတော်၌ အာရပ်စော်ဘွားများပြည်ထောင်စုသမ္မတ ရှိတ် မိုဟာမက် ဘင် ဇာရိဒ် အယ်လ်နာရမ်ထံသို့ ပေးအပ်ခဲ့ပြီးဖြစ်သည်။ **(သတင်းစဉ်)**

ပြည်သူ့စစ်မှုထမ်းနည်းဥပဒေများကို ဖတ်ရှုနိုင်ရန် ဖော်ပြပေးထားသော Website နှင့် Webportal စာရင်း

၁။	ကာကွယ်ရေးဝန်ကြီးဌာန	(https://www.mod.gov.mm)
၂။	ဥပဒေရေးရာဝန်ကြီးဌာန	(https://www.mlis.gov.mm)
၃။	ပြန်ကြားရေးဝန်ကြီးဌာန	(https://www.moi.gov.mm)
၄။	Myawady Webportal	(https://myawady.net.mm)
၅။	Myanmar National Portal	(https://myanmar.gov.mm)

အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် ကွပ်ကဲမှုအောက်ရှိ ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များကို တွေ့ဆုံ

နေပြည်တော် စက်တင်ဘာ ၉

အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် ကွပ်ကဲမှုအောက်ရှိ ပြည်သူ့စစ်(ဌာနေ) တပ်ဖွဲ့ဝင်များ တွေ့ဆုံပွဲကို ယနေ့မွန်းလွဲပိုင်းတွင် တိုင်းစစ်ဌာနချုပ် သံလွင်ခန်းမ၌ ပြုလုပ်ရာ တိုင်းမှူး ဗိုလ်မှူးချုပ်နိုင်ဇော်ဦးနှင့် တာဝန်ရှိသူများ၊ ပြည်သူ့စစ်(ဌာနေ) တပ်ဖွဲ့ဝင်များ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးက အမှာစကားပြောကြားပြီး ပြည်သူ့စစ်(ဌာနေ) အဖွဲ့ဝင်များအား ချီးမြှင့်ငွေနှင့် စားသောက်ဖွယ်ရာများ ပေးအပ်ရာ ပြည်သူ့စစ်(ဌာနေ) တပ်ဖွဲ့ဝင်များက အသီးသီးလက်ခံရယူကြသည်။ ထို့နောက် ပြည်သူ့စစ်(ဌာနေ) တပ်ဖွဲ့ဝင်များ၏ တင်ပြချက်များအပေါ် တိုင်းမှူးနှင့် တာဝန်ရှိသူများက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ပြည်သူ့စစ်(ဌာနေ) ဆောင်ရွက်ပေးပြီး တပ်ဖွဲ့ဝင်များကို ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်ခဲ့ကြောင်း သတင်းရရှိသည်။ (၅၀၁)

အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်နိုင်ဇော်ဦး ပြည်သူ့စစ်(ဌာနေ) အဖွဲ့ဝင်များအား ချီးမြှင့်ငွေနှင့် စားသောက်ဖွယ်ရာများ ပေးအပ်စဉ်။

၂၀၂၅ ခုနှစ် စက်တင်ဘာ ၉ ရက် ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး (Market Rate)

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေ တစ်ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ ဈေးနှုန်း ၅၉၆၀၀၀ကျပ်။

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ

ပြည်သူ့စစ်မှုထမ်းဥပဒေပြဋ္ဌာန်းချက်ပါ ပြည်သူ့စစ်မှုထမ်းဆောင်ခြင်းတာဝန်မှ ကင်းလွတ်ခွင့်ရသူများ

ကင်းလွတ်ခွင့်

၁။ ပြည်သူ့စစ်မှုထမ်းဥပဒေပုဒ်မ-၂၂ တွင် အောက်ပါပုဂ္ဂိုလ်များသည် ပြည်သူ့စစ်မှုထမ်းတာဝန်မှ ကင်းလွတ်စေရမည်ဟု ပြဋ္ဌာန်းထားပါသည်-

(က) သာသနာ့ဝန်ထမ်းများ။
(ခ) အိမ်ထောင်သည် အမျိုးသမီးများ(အိမ်ထောင်ပျက်သော်လည်း သားသမီးရှိသူ အမျိုးသမီးလည်းပါဝင်သည်)။
(ဂ) ကိုယ်လက်အင်္ဂါတစ်ခုခု အမြဲတမ်းမသန်စွမ်းသူများ။
(ဃ) တပ်မတော်ဆေးစစ်ဆေးရေးဘုတ်အဖွဲ့က ပြည်သူ့စစ်မှုထမ်းရန် အမြဲတမ်းမသင့်လျော်သူဖြစ်ကြောင်း သတ်မှတ်ထားသူများ။
(င) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က အမိန့်ထုတ်ပြန်၍ ကင်းလွတ်ခွင့်ပြုထားသူများ။

၂။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က ပြည်သူ့စစ်မှုထမ်းဆောင်ခြင်းတာဝန်မှ ကင်းလွတ်ခွင့်ပြုသူများ

(က) ဉာဏ်အရည်အသွေးမမီခြင်းနှင့် အကျင့်စာရိတ္တပျက်ပြားခြင်းတို့ကြောင့် စစ်မှုထမ်းရန် မသင့်လျော်သူများ။
(ခ) ဆေးစစ်ဆေးခြင်းသတ်မှတ်ချက်အရ စိတ်ပေါ့သွပ် သူဖြစ်ခြင်း (သို့မဟုတ်) စိတ်ပေါ့သွပ်နေသည်ဟု သက်ဆိုင်ရာဥပဒေကပြဋ္ဌာန်းထားသည့်အတိုင်း သတ်မှတ်ခံရသူများ။
(ဂ) နိုင်ငံ့အတွက် တာဝန်ထမ်းဆောင်နေပြီး အစားထိုးရန် မဖြစ်နိုင်သေးသော အသိပညာရှင်(သို့မဟုတ်) အတတ်ပညာရှင်များ။
(ဃ) တိုက်ပွဲတွင်ကျဆုံးခဲ့သည့် တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ပြည်သူ့စစ်အဖွဲ့ဝင်များ၏ သားသမီးအရင်းအချာများ (ကိတ္တိမသားသမီးများ၊ မွေးစားသားသမီးများမပါ)။

မှတ်ချက်။ အကယ်၍ ၎င်းသားသမီးအရင်းများသည် ပြည်သူ့စစ်မှုထမ်းဆောင်ရန် သဘောဆန္ဒအလျောက် ဆန္ဒပြုပါက စစ်မှုထမ်းဆောင်ရန် ခွင့်ပြုနိုင်သည်။

(င) အာဆီယံအဆင့်၊ အာရှအဆင့်၊ ကမ္ဘာ့အဆင့် အားကစားပြိုင်ပွဲများတွင် နိုင်ငံ့ဂုဏ်ဆောင် ရွှေတံဆိပ်၊ ငွေတံဆိပ်၊ ကြေးတံဆိပ် တစ်ခုခုရရှိသော အားကစားသမားများ။
(စ) နိုင်ငံ့ဝန်ထမ်းတာဝန် ထမ်းဆောင်နေသော တစ်ဆက်စပ်တည်း လုပ်သက် နှစ်နှစ်နှင့်အထက်ရှိသော ဆရာဝန်နှင့် သူနာပြုများ။
(ဆ) တစ်ဆက်စပ်တည်း လုပ်သက် နှစ်နှစ်နှင့်အထက်ရှိသော တပ်မတော်စစ်သည်အစားခန့် အရပ်သားဝန်ထမ်းများ။
(ဇ) ကင်းလွတ်ခွင့်ပြုရန် မဖြစ်မနေလိုအပ်နေသူများအဖြစ် ကျိုးကြောင်းခိုင်လုံစွာ တင်ပြနိုင်သူများ။

သမိုင်းဝင် SCO ပေါင်းစည်းမှုကြီးနှင့် မြန်မာနိုင်ငံ၏အခွင့်အလမ်း

မောင်မိုး

မျက်မှောက်ခေတ်ကမ္ဘာ့နိုင်ငံရေးဟာ စစ်အေးကာလနဲ့ စစ်အေးကာလအလွန်ကဲ့သို့ စူပါပါဝါတစ်နိုင်ငံတည်း သို့မဟုတ် နှစ်နိုင်ငံ အပြိုင်အုပ်စိုးခြယ်လှယ်ခဲ့ကြတဲ့ ဒွိဝင်ရိုးကမ္ဘာ (Bipolar World) နဲ့ ဧကဝင်ရိုးကမ္ဘာ (Unipolar World) စနစ်များ ဆီမှ နိုင်ငံပေါင်းစုံပါဝင်လာတဲ့ ဗဟုဝင်ရိုး ခေါ် ဝင်ရိုးစုံကမ္ဘာသစ် (Multipolar World) အခင်းအကျင်းတစ်ခုဆီသို့ အလျင်အမြန် ကူးပြောင်းနေပြီဖြစ်ပါတယ်။ ယင်းအပြောင်းအလဲမှာ သီအိုရီဆိုင်ရာ ယူဆချက်တစ်ခု မျှသာမဟုတ်ဘဲ ကြီးမားတဲ့စီးပွားရေး၊ စစ်ရေးနဲ့အဖွဲ့အစည်းဆိုင်ရာ အပြောင်းအလဲများဖြင့် ဖြစ်ပေါ် လာတဲ့ "လက်တွေ့အဖြစ်မှန်" ပဲဖြစ်ပါတယ်။ ယနေ့ တရုတ်နိုင်ငံရဲ့ ဘက်စုံဆန်းသစ်တိုးတက်လာမှုနဲ့ အိန္ဒိယနိုင်ငံရဲ့ စီးပွားရေးလျင်မြန်စွာ ကြီးထွားလာမှုတို့ဟာ ကမ္ဘာ့စီးပွားရေး ဗဟိုချက်ကို အာရှဒေသသို့ ဦးတည်ရွှေ့လျားစေခဲ့ပါတယ်။ အထူးသဖြင့် BRICS၊ Shanghai Cooperation Organisation (SCO)၊ ASEAN စတဲ့ ဒေသတွင်းနဲ့ နိုင်ငံတကာအဖွဲ့အစည်းများရဲ့ပူးပေါင်းဆောင်ရွက်လာမှုများကလည်း Multipolar World အသွင် ပိုမိုအားဖြည့်လျက်ရှိပါတယ်။ အလားတူ ယနေ့ ရုရှား–ယူကရိန်းစစ်ပွဲ၊ အိန္ဒိယ–ပါကစ္စတန်စစ်ပွဲ၊ အီရန်–အစ္စရေးစစ်ပွဲနဲ့ အရှေ့အလယ်ပိုင်းပဋိပက္ခများစွာအပြင် အင်ဒို–ပစိဖိတ်ဒေသအတွင်း အင်အားကြီးနိုင်ငံများရဲ့ မဟာဗျူဟာတိုးတက်မှုများကလည်း မိတ်ဖက်အစုအဖွဲ့များအပေါ် တွန်းအားတစ်ရပ်ဖြစ်စေခဲ့ပါတယ်။

ယနေ့ တရုတ်နိုင်ငံ တီယန်ကျင်းမြို့မှာ ကျင်းပတဲ့ (၂၅)ကြိမ်မြောက် ထိပ်သီးအစည်းအဝေး (Shanghai Cooperation Organisation – SCO SUMMIT 2025 Plus) ဟာ ကမ္ဘာ့နိုင်ငံရေး၊ သံခင်းတမန်ခင်းနဲ့ စီးပွားရေးအခင်းအကျင်းများမှာ အရေးပါတဲ့ အပြောင်းအလဲများကို မီးမောင်းထိုးပြခဲ့ပါတယ်။ ဤအစည်းအဝေးဟာ အနောက်အင်အားကြီးနိုင်ငံတွေ ဦးဆောင်တဲ့ ကမ္ဘာ့အင်အားကြီးခြယ်လှယ်ချုပ်ကိုင်စနစ်များကို ရင်ဆိုင်ဖြေရှင်းဖို့နဲ့ ဒေသတွင်း ပူးပေါင်းဆောင်ရွက်မှုကို မြှင့်တင်နိုင်ဖို့ SCO ရဲ့ ကြီးထွားလာတဲ့ အခန်းကဏ္ဍကို ဖော်ပြနိုင်ခဲ့ပါတယ်။

သမိုင်းကြောင်းနဲ့ မျက်မှောက်အခြေအနေ

၂၀၂၅ ခုနှစ် ဩဂုတ်လ ၃၁ ရက်မှ စက်တင်ဘာလ ၁ ရက်အထိ ကျင်းပခဲ့တဲ့ ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်မှုအဖွဲ့ ထိပ်သီးအစည်းအဝေး (SCO) ဟာ သမိုင်းတစ်လျှောက် အကြီးမားဆုံးထိပ်သီးအစည်းအဝေးဖြစ်ခဲ့ပြီး အဖွဲ့ဝင်နိုင်ငံများ၊ လေ့လာသူနိုင်ငံများ၊ ဆွေးနွေးဖက်နိုင်ငံများနှင့် အခြားဖိတ်ကြားထားသည့် နိုင်ငံ ၂၄ နိုင်ငံမှ နိုင်ငံခေါင်းဆောင်များ၊ ကမ္ဘာ့ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ်နဲ့ နိုင်ငံတကာအဖွဲ့အစည်းများမှ ခေါင်းဆောင်များ တက်ရောက်ခဲ့တာကို တွေ့ရှိရပါတယ်။ တရုတ်သမ္မတ ရှီကျင့်ဖျင် ဦးဆောင်တဲ့ ဤထိပ်သီးအစည်းအဝေးကို ရုရှား၊ အိန္ဒိယ၊ ပါကစ္စတန်၊ အီရန်၊ တူရကီယဲနဲ့ မြန်မာနိုင်ငံမှ ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် အပါအဝင် အခြားနိုင်ငံခေါင်းဆောင် ၂၀ ကျော်တက်ရောက်ခဲ့ကြတာဖြစ်ပါတယ်။

SCO အဖွဲ့အစည်းရဲ့ သမိုင်းကြောင်း အရလည်း ၂၀၁၁ ခုနှစ်မှာ ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်မှုအဖွဲ့ကို ဒေသတွင်းတည်ငြိမ်ရေး၊ အကြမ်းဖက်မှုတိုက်ဖျက်ရေး၊ စီးပွားရေး၊ ကုန်သွယ်ရေးနဲ့ ယဉ်ကျေးမှုဖလှယ်ရေး စတဲ့နယ်ပယ်များမှာ အဖွဲ့ဝင်နိုင်ငံများ အကြား ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်နိုင်ရေးအတွက် တရုတ်၊ ရုရှား၊ ကာဇက်စတန်၊ ကာဂျစ္စတန်၊ တာဂျစ်ကစ္စတန်နဲ့ ဥဇဘက်ကစ္စတန်နိုင်ငံစတဲ့ ခြောက်နိုင်ငံနဲ့ စတင်တည်ထောင်ခဲ့တာဖြစ်တယ်။ အဖွဲ့ဝင်နိုင်ငံ (Member States) ခြောက်နိုင်ငံမှ အဖွဲ့ဝင် ၁၀ နိုင်ငံအဖြစ် အိန္ဒိယ၊ ပါကစ္စတန်၊ အီရန်၊ ဘီလာရုစ်နိုင်ငံများနဲ့ တိုးချဲ့ဖွဲ့စည်းခဲ့ပါတယ်။ လေ့လာသူနိုင်ငံများ (Observer States) အဖြစ် မွန်ဂိုလီးယားနဲ့ အာဖဂန်စ္စတန်နှစ်နိုင်ငံဖြစ်ပါတယ်။ ဆွေးနွေးဖက်နိုင်ငံများ (Dialogue Partners) အဖြစ် မြန်မာ၊ ကမ္ဘောဒီးယား၊ သီရိလင်္ကာ၊ တူရကီယဲ၊ မော်လဒိုက်၊ အဇာဘိုင်ဂျန်၊ နီပေါ၊ အာမေးနီးယား၊ အီဂျစ်၊ ကာတာ၊ ဆော်ဒီအာရေဗျ၊ ဘာရိန်း၊ ကူဝိတ်၊ ယူအေအီး စတဲ့ ၁၄ နိုင်ငံပဲဖြစ်ပါတယ်။ ယနေ့ပြုလုပ်တဲ့ (၂၅) ကြိမ်မြောက် SCO ထိပ်သီးအစည်းအဝေးကနေ လာအိုနိုင်ငံ အား ဆွေးနွေးဖက်နိုင်ငံအဖြစ်တရားဝင် သတ်မှတ်ခဲ့တာကြောင့် SCO အဖွဲ့အစည်း၏ အသိုက်အဝန်းအတွင်း ၂၇ နိုင်ငံအထိ ရှိလာပြီဖြစ်ပါတယ်။

SCO ဟာ ကမ္ဘာ့လူဦးရေရဲ့ တစ်ဝက်နီးပါး၊ ကမ္ဘာ့ GDP ရဲ့ လေးပုံတစ်ပုံနဲ့ ကမ္ဘာ့မြေဧရိယာရဲ့ လေးပုံတစ်ပုံကို ကိုယ်စားပြုပါတယ်။ ၂၀၂၄ ခုနှစ်မှာ တရုတ်နိုင်ငံနဲ့ SCO အဖွဲ့ဝင်များ၊ ဆွေးနွေးဖက်နိုင်ငံများနဲ့ လေ့လာသူနိုင်ငံများ အကြား ကုန်သွယ်မှုဟာ ဒေါ်လာ ၈၉၀ ဘီလီယံအထိရောက်ရှိခဲ့ပြီး SCO ဒေသများမှတစ်ဆင့် ဖြတ်သန်းတဲ့ တရုတ်–ဥရောပ ကုန်တင်ရထားများဟာ ၂၀၂၄ ခုနှစ်မှာ ခရီးစဉ်ပေါင်း ၁၉၀၀၀ အထိ ရောက်ရှိခဲ့ပြီး ၂၀၂၃ ခုနှစ်ထက် ၁၀ ဒသမ ၇ ရာခိုင်နှုန်း မြင့်တက်ခဲ့တာကိုလည်းတွေ့ရပါတယ်။

မဟာဗျူဟာစုစည်းမှုပုံရိပ်များ

ယနေ့ကျင်းပခဲ့တဲ့ SCO ထိပ်သီးအစည်းအဝေးကနေ နိုင်ငံတကာနဲ့ ဒေသတွင်းရပ်ဝန်းများမှာ နိုင်ငံရေး၊ လုံခြုံရေး၊ လူမှုစီးပွားရေးသာမက ဘက်စုံဖွံ့ဖြိုးတိုးတက်စေရေး ရည်ရွယ်ချက်များစွာကို ညှိနှိုင်းဆွေးနွေး အကောင်အထည်ဖော်နိုင်ခဲ့ကြတာဖြစ်ပါတယ်။ နိုင်ငံတကာ လေ့လာသူများရဲ့ အစည်းအဝေးရလဒ် ထုတ်နုတ်ချက်များ၊ SCO အဖွဲ့အစည်းကနေ တရားဝင်ကြေညာချက်များနဲ့ တရုတ်နိုင်ငံရဲ့ နိုင်ငံခြားရေးဝန်ကြီး ထုတ်ပြန်ပြောဆိုချက်များအရ ယနေ့ပြုလုပ်တဲ့ SCO ထိပ်သီးအစည်းအဝေးကနေ အောက်ပါအတိုင်း အဓိကဆွေးနွေးပူးပေါင်းဆောင်ရွက်ခဲ့မှု အသီးအပွင့်များကို ထုတ်နုတ်လေ့လာတွေ့ရှိရပါတယ်–

"ဖွံ့ဖြိုးတိုးတက်ရေး မဟာဗျူဟာ (၁၀ နှစ်တာ)"။ အဖွဲ့ဝင်နိုင်ငံများအတွက် အလုံးစုံပါဝင်သော လမ်းညွှန်ချက်ချကာ "ရှန်ဟိုင်းစိတ်ဓာတ်" အတိုင်း ပူးပေါင်းဆောင်ရွက်ရန် အခြေခံလမ်းပြ မြေပုံသတ်မှတ်နိုင်ခဲ့မှု။

"ဒုတိယကမ္ဘာစစ်သင်ခန်းစာ"။ သမိုင်းမှသင်ခန်းစာယူ၍ ငြိမ်းချမ်းရေးထိန်းသိမ်းရေး၊ ကုလသမဂ္ဂကို ဗဟိုပြုတဲ့ နိုင်ငံတကာစနစ်ကို တည်ဆောက်ဖို့ တိုက်တွန်းနိုင်ခဲ့မှု။

"တရားမျှတသော ကုန်သွယ်ရေးစနစ်"။ ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ (WTO)ကိုဗဟိုပြုတဲ့ နိုင်ငံစုံကုန်သွယ်ရေးစနစ်ကို ထောက်ခံကာ အင်အားကြီးနိုင်ငံများရဲ့ တစ်ဖက်သတ်အနိုင်ကျင့်မှုများကို ဆန့်ကျင်ကြောင်း ကြေညာနိုင်ခဲ့မှု။

"လုံခြုံရေးစင်တာလေးခု"။ SCO အဖွဲ့အစည်းအတွင်း လုံခြုံရေးဆိုင်ရာ ခြိမ်းခြောက်မှုတိုက်ဖျက်ရေး၊ သတင်းအချက်အလက်လုံခြုံရေး၊ နိုင်ငံဖြတ်ကျော်ပြစ်မှုတိုက်ဖျက်ရေးနဲ့ မူးယစ်ဆေးတိုက်ဖျက်ရေးစင်တာများကို တည်ထောင်နိုင်ခဲ့မှု။

"ဖွံ့ဖြိုးတိုးတက်ရေးဘဏ်"။ SCO အဖွဲ့အစည်းရဲ့ အခြေခံအဆောက်အအုံနှင့် လူမှုစီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးရည်မှန်းချက်များ လျင်မြန်လွယ်ကူစွာ အကောင်အထည်ဖော်နိုင်ဖို့ SCO ဖွံ့ဖြိုးတိုးတက်ရေးဘဏ် တည်ထောင်ရန်သဘောတူညီနိုင်ခဲ့မှု။

"ပလက်ဖောင်း ၆ခုနဲ့ စီမံချက် ၆ခု"။ စွမ်းအင်၊ အစိမ်းရောင်ထုတ်လုပ်မှု၊ ဒစ်ဂျစ်တယ်စီးပွားရေး၊ သိပ္ပံနည်းပညာ၊ ပညာရေး၊ အသက်မွေးဝမ်းကျောင်းနည်းပညာ စတဲ့နယ်ပယ်တွေမှာ ပိုမိုပူးပေါင်းဆောင်ရွက်ရေး အခြေခံပလက်ဖောင်းများ ထူထောင်ရေးနဲ့ စီမံချက်များ ထုတ်ပြန်ဆောင်ရွက်ရေး သဘောတူညီနိုင်ခဲ့မှု။

"SCO အသိုက်အဝန်းချဲ့ထွင်မှု"။ လာအိုနိုင်ငံကို ဆွေးနွေးဖက်နိုင်ငံအဖြစ် တရားဝင်သတ်မှတ်ခဲ့ပြီး ယနေ့အချိန်တွင် SCO အသိုက်အဝန်းအား ၂၇ နိုင်ငံအထိ တိုးမြှင့်လာနိုင်ခဲ့မှု။

စာမျက်နှာ ၂၀ သို့

(၂၅)ကြိမ်မြောက် ထိပ်သီးအစည်းအဝေး (Shanghai Cooperation Organisation – SCO SUMMIT 2025 Plus) ဟာ ကမ္ဘာ့နိုင်ငံရေး၊ သံခင်းတမန်ခင်းနဲ့ စီးပွားရေးအခင်းအကျင်းများမှာ အရေးပါတဲ့အပြောင်းအလဲများကို မီးမောင်းထိုးပြခဲ့ပါတယ်။ ဤအစည်းအဝေးဟာ အနောက်အင်အားကြီးနိုင်ငံတွေဦးဆောင်တဲ့ ကမ္ဘာ့အင်အားကြီးခြယ်လှယ်ချုပ်ကိုင်စနစ်များကို ရင်ဆိုင်ဖြေရှင်းဖို့နဲ့ ဒေသတွင်းပူးပေါင်းဆောင်ရွက်မှုကိုမြှင့်တင်နိုင်ဖို့ SCO ရဲ့ ကြီးထွားလာတဲ့အခန်းကဏ္ဍကို ဖော်ပြနိုင်ခဲ့ပါတယ်။

စာမျက်နှာ ၁၉ မှအဆက်

ယနေ့ အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်ရဲ့ ကုန်သွယ်ရေးမူဝါဒများကြောင့် ကမ္ဘာ့ကုန်သွယ်ရေး ကွင်းဆက်များ အနှောင့်အယှက်ဖြစ်နေချိန်မှာ SCO ဟာ ဖွံ့ဖြိုးတိုးတက်ရေးနဲ့ စီးပွားရေးတည်ငြိမ်မှုအတွက် အခြားရွေးချယ်စရာများကို ပေးအပ်တယ်လို့ နိုင်ငံရေးသုတေသီများက ထုတ်ဖော်ပြောဆိုလာကြပါတယ်။ ထို့ပြင် ရုရှား-ယူကရိန်းစစ်ပွဲကြောင့် နိုင်ငံရေး သံခင်းတမန်ခင်းကိစ္စများ မရေရာမှုများ ကြားမှာ တရုတ်၊ရုရှားနဲ့အိန္ဒိယတို့အကြား RIC သုံးပွင့်ဆိုင်ဆွေးနွေးပွဲကို ပြန်လည် အသက်သွင်းဖို့ အခွင့်အလမ်းများလည်း ပေါ်ထွက်လာတယ်။ အိန္ဒိယဝန်ကြီးချုပ် မိုဒီရဲ့ခုနစ်နှစ်အတွင်း ပထမဆုံး တရုတ်နိုင်ငံခရီးစဉ်ဟာ နှစ်နိုင်ငံအကြားနယ်စပ် ရှုန်ဟိုင်းပူးပေါင်းဆောင်ရွက်မှုအဖွဲ့ (SCO)၊ BRICS ၊ G20 စတဲ့ နိုင်ငံစုံပလက်ဖောင်းများမှာ ညှိနှိုင်းပူးပေါင်းဆောင်ရွက်မှုအားမြှင့်တင်ကာ လူသားမျိုးနွယ်အေးအတူပူအမျှအသိုက်အဝန်းတည်ဆောက်မှုအား အတူလက်တွဲတွန်းအားပေးသွားဖို့သဘောတူညီခဲ့ကြတာကိုလည်း တွေ့ရှိရပါတယ်။ BRICS နဲ့ SCO ကဲ့သို့အစုအဖွဲ့သစ်များမှာ ဘက်ပေါင်းစုံသဘောတူညီမှုအပေါ်အခြေခံပြီး အာရုံစိုက်ဆုံးဖြတ်ချက်ချမှုများက အပြန်အလှန်လေးစားမှုနဲ့ စစ်မှန်တဲ့ ပူးပေါင်းဆောင်ရွက်မှုအပေါ် အခြေခံထားတဲ့ သံတမန်ဆက်ဆံရေး ခေတ်သစ်တစ်ခုကို ဖော်ညွှန်းလျက်ရှိပါတယ်။

ယနေ့ ရုရှား-ယူကရိန်းစစ်ပွဲနဲ့စပ်လျဉ်းကာ NATO နဲ့ G7 ကဲ့သို့ အနောက်တိုင်းအဖွဲ့အစည်းများဟာ ကျစ်ကျစ်လျစ်လျစ်ပြန်လည်စုဖွဲ့နေချိန်မှာ အာရှရပ်ဝန်းနဲ့ တောင်ကမ္ဘာခြမ်း (Global South) ကို စင်စစ်ကိုယ်စားပြုနိုင်တဲ့ SCO အဖွဲ့အစည်းတစ်ခုအဖြစ် ပုံဖော်ရောက်ရှိခဲ့ပြီဖြစ်ပါတယ်။ SCO ရဲ့ ပူးပေါင်းဆောင်ရွက်မှုဟာ စီးပွားရေးဆိုင်ရာ ကုန်သွယ်မှုနဲ့ရင်းနှီးမြှုပ်နှံမှုများကို ကျော်လွန်ပြီး ပိုမိုကျယ်ပြန့်တဲ့ နိုင်ငံရေး၊ ကာကွယ်ရေးဆိုင်ရာ မဟာဗျူဟာမြောက် ရည်ရွယ်ချက်များနဲ့ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိနေတာကို မြင်တွေ့နိုင်ပါတယ်။ သာဓကအားဖြင့် မကြာသေးခင်က ပြုလုပ်ခဲ့တဲ့ တရုတ်-ရုရှား စစ်ရေးပူးပေါင်းဆောင်ရွက်မှုများဟာ ဒေသတွင်းလုံခြုံရေးအစီအစဉ်သစ်ကို ပုံဖော်ဖို့နဲ့ ဘက်ပေါင်းစုံမှဖိအားဒဏ်များကိုတန်ပြန်ဖို့ရည်ရွယ်တာမျိုးဖြစ်ပါတယ်။

အခုနောက်အင်အားကြီးနိုင်ငံများရဲ့ ဒဏ်ခတ်ပိတ်ဆို့မှုအခြေအနေများကြောင့် တရုတ်-ရုရှား- အိန္ဒိယကဲ့သို့ အာရှအင်အားကြီးသုံးနိုင်ငံကို ပိုမိုစည်းလုံးသွားစေတဲ့ အခွင့်အလမ်းများဖြစ်ပေါ်လာခဲ့ပါတယ်။ တရုတ်ပြည်သူများရဲ့ ဂျပန်ခုခံတော်လှန်ရေးစစ်ပွဲနဲ့ ကမ္ဘာ့ဖက်ဆစ်ဆန့်ကျင်ရေးစစ်ပွဲအောင်နိုင်ခြင်း နှစ်(၈၀)ပြည့် အထိမ်းအမှတ် စစ်ရေးပြအခမ်းအနားကို မြောက်ကိုရီးယားခေါင်းဆောင်ကင်ဇျုံအန်းတက်ရောက်လာခဲ့တာဟာလည်း ထူးခြားမှုများစွာရှိနေခဲ့ပါတယ်။ ကင်ဇျုံအန်းရဲ့ ဒီပွဲတက်ရောက်မှုဟာ ၁၉၅၉ ခုနှစ်နောက်ပိုင်း ပေကျင်းက တရုတ်စစ်ရေးပြအခမ်းအနားကို မြောက်ကိုရီးယားခေါင်းဆောင်တစ်ဦး အနေနဲ့ တက်ရောက်တာ ပထမဆုံးအကြိမ်ဖြစ်ပါတယ်။ ဒါဟာ Multipolar World ကို ပိုမိုပီပြင်စွာပေါ်ထွန်းစေခဲ့တဲ့ သမိုင်းတင်းမာမှုများရှိနေပေမယ့် အေးစက်နေတဲ့ ဆက်ဆံရေးကို ပြန်လည်တည်ဆောက်နွေးထွေးစေခဲ့ပါတယ်။ အလားတူ ယခုအစည်းအဝေးမှာ ရုရှားသမ္မတဗလာဒီမာပူတင်နဲ့ ၎င်းရဲ့အရေးကြီးဆုံး စွမ်းအင်မိတ်ဖက်နှစ်ဦးဖြစ်တဲ့ တရုတ်၊ အိန္ဒိယတို့နဲ့ တစ်ပြိုင်နက်တွေ့ဆုံခဲ့ကြတာကလည်း သမိုင်းဝင်ပေါင်းစည်းမှုတစ်ခုအဖြစ် တွေ့မြင်ခဲ့ရပါတယ်။ အစည်းအဝေးမှာ သုံးနိုင်ငံတွေ့ဆုံခဲ့ကြပြီး မြောက်ပိုင်းပင်လယ်စကြီ (Northern Sea Route) ကို အသုံးပြုကာ ကုန်သွယ်ရေးချဲ့ထွင်ရန် သဘောတူညီခဲ့ကြသလို ရုရှားရဲ့စွမ်းအင်အရင်းအမြစ်များ၊ အိန္ဒိယရဲ့ ဒစ်ဂျစ်တယ်နည်းပညာနဲ့ တရုတ်ရဲ့လမ်းပန်းဆက်သွယ်ရေးစီမံချက်များကို ပေါင်းစပ်ဆောင်ရွက်နိုင်ရေးဆွေးနွေးခဲ့ကြတယ်လို့ သိရှိရပါတယ်။ လုံခြုံရေးဆိုင်ရာပူးပေါင်းဆောင်ရွက်မှုအနေနဲ့ အာရှတိုက်အတွင်း စစ်ရေးအရ တင်းမာမှုများလျှော့ချရေးအတွက်သုံးနိုင်ငံအကြား နယ်စပ်ယုံကြည်မှုတည် ဆောက်ရေး ဆွေးနွေးခဲ့ကြပြီး အထူးသဖြင့် အာဖဂန်နစ္စတန်နဲ့ဗဟိုအာရှ ဒေသမငြိမ်သက်မှုများကို ကိုင်တွယ်ဖြေရှင်းဖို့ ညှိနှိုင်းခဲ့ကြတာကိုလည်းတွေ့ရှိရပါတယ်။ အလားတူကုလသမဂ္ဂ (UN)၊ ကလည်း SCO အား စီးပွားရေးဆိုင်ရာ ကုန်သွယ်ရေးအဖွဲ့အစည်းတစ်ခုထက်ပိုမိုတဲ့ အာရှဗဟိုပြု မဟာဗျူဟာကျတဲ့စုစည်းမှုကြီးတစ်ခုအဖြစ် သန်မာအားကောင်းစေပြီး ကမ္ဘာ့အင်အားကြီးနိုင်ငံများရဲ့ စနစ်ကို ဟန်ချက်ညီတုံ့ပြန်နိုင်စေဖို့ အသင့်ဖြစ်စေခဲ့ပါတယ်။ ဒုံအပြင် ယနေ့ တရုတ်နိုင်ငံရဲ့ ဦးဆောင်မှုဖြင့် Global South နိုင်ငံများရဲ့ ပေါင်းစည်းအားထုတ်မှုများကိုလည်း ကမ္ဘာကိုပြသဖို့ အကောင်းဆုံးအချိန်အခါကောင်းအဖြစ် ရောက်ရှိလာပြီလို့ဆိုရမှာဖြစ်တယ်။

မြန်မာနိုင်ငံအတွက် အခွင့်အလမ်းများ

လက်ရှိကမ္ဘာ့နိုင်ငံရေးအခြေအနေများ၊ အထူးသဖြင့် အမေရိကန်သမ္မတ အပြောင်းအလဲနဲ့အတူ ကုန်သွယ်ခွန်ကိစ္စရပ်များ၊ မြေရှားသတ္တုကိစ္စများနဲ့ အိမ်နီးချင်း ထိုင်းနဲ့ ဘင်္ဂလားဒေ့ရှ်တို့ရဲ့ ပြည်တွင်းနိုင်ငံရေး မတည်ငြိမ်မှုများအကြား တရုတ်နိုင်ငံ အနေဖြင့် အိမ်နီးချင်းမြန်မာနိုင်ငံအတွင်း နိုင်ငံရေး၊ စီးပွားရေး၊ စစ်ရေး၊ လုံခြုံရေး အဘက်ဘက်မှဖွံ့ဖြိုးတိုးတက်ဖို့နဲ့တည်ငြိမ်အေးချမ်းမှုရှိနေဖို့ အထူးလိုအပ်လာပါတယ်။ တရုတ်နိုင်ငံရဲ့ "ပိုးလမ်းမစီမံကိန်း" မှာ အဓိကအစိတ်အပိုင်းဖြစ်တဲ့ မြန်မာနိုင်ငံကိုဖြတ်သန်းကာ ပင်လယ်ထွက်ပေါက်ရရှိခြင်းအပါအဝင် မဟာဗျူဟာမြောက် အကျိုးစီးပွားများစွာ တည်ရှိနေတာကြောင့် တရုတ်နိုင်ငံရဲ့ မြန်မာအပေါ်ထားရှိတဲ့ မူဝါဒဟာ ပိုမိုပြတ်သားလာပြီလို့ လေ့လာသူများက မှတ်ချက်ပြုပါတယ်။ လက်ရှိ မြန်မာနိုင်ငံဟာ SCO ရဲ့ ဆွေးနွေးဖက်နိုင်ငံ (Dialogue Partner)အဆင့်သာရှိသေးသော်လည်းယခုအစည်းအဝေးမှာ အမြဲတမ်းအဖွဲ့ဝင်ဖြစ်လာစေရေး အဖွဲ့ဝင်အားလုံးရှေ့မှာ ဆန္ဒပြုပြောဆိုခဲ့တာ တွေကိုလည်း တွေ့ရှိရပါတယ်။ SCO ဟာ ကမ္ဘာ့လူဦးရေရဲ့တစ်ဝက်နီးပါးနဲ့ ကမ္ဘာ့မြေဧရိယာရဲ့ လေးပုံတစ်ပုံကို ကိုယ်စားပြုတဲ့ Major Powers များစုစည်းရာ အဖွဲ့အစည်းဖြစ်ပြီး ယင်းရဲ့ ဆက်စပ်အစည်းအဝေး၊ ဆွေးနွေးပွဲများကို တက်ရောက်ခြင်းနဲ့အကြီးအကဲများ အချင်းချင်း တွေ့ဆုံဆွေးနွေးခဲ့ခြင်းများဟာ မြန်မာနိုင်ငံအားနိုင်ငံတကာအသိုက်အဝန်းရဲ့ နွေးထွေးစွာ အသိအမှတ်ပြုမှုကို ပိုမိုရရှိစေခဲ့ပါတယ်။ ဤစင်မြင့်မှာ ပြည်တွင်းငြိမ်းချမ်းရေး၊ နယ်စပ်လုံခြုံရေး၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကြိုးပမ်းမှုများနဲ့ ရွေးကောက်ပွဲလုပ်ငန်းစဉ်များအကြောင်း ကမ္ဘာကို အသိပေးချပြနိုင်ခဲ့ပါတယ်။ ယခုကဲ့သို့ သမိုင်းဝင်တွေ့ဆုံမှုများက နိုင်ငံတကာ အသိုင်းအဝိုင်းရဲ့ နားလည်မှုနဲ့ထောက်ခံမှုကိုရရှိစေပြီး နိုင်ငံတော်ရဲ့ အမျိုးသားအကျိုးစီးပွားအတွက် အထောက်အကူပြုမယ့် နိုင်ငံတကာဆက်ဆံရေးနယ်ပယ်ကို ခိုင်မာလေးနက်စွာ ပုံဖော်ချိတ်ဆက်တည်ဆောက်နိုင်ခဲ့ပြီဖြစ်ပါတယ်။

SCO အဖွဲ့ဝင်နိုင်ငံများရဲ့ ကုန်သွယ်မှုပိုင်းဆိုင်ရာအား လေ့လာကြည့်ရာမှာ ၂၀၂၄ ခုနှစ်မှာ တရုတ်နဲ့အခြား SCO အဖွဲ့ဝင်နိုင်ငံများကြား ကုန်သွယ်မှုဟာ အမေရိကန်ဒေါ်လာ ၅၁၂ ဒသမ ၄ ဘီလီယံ အထိ ရှိခဲ့ကြောင်းတွေ့ရှိရတယ်။ တရုတ်လုပ်ငန်းကုမ္ဗဏီများဟာ SCO အခြားအဖွဲ့ဝင်နိုင်ငံများမှာ လုပ်ငန်းစုစုပေါင်း ၃၀၀၀ ကျော်တည်ထောင်ထားပြီးဖြစ်ကာ နှစ်စဉ်ပျမ်းမျှအလုပ်အကိုင်နေရာနှစ်သိန်းကျော်ကို ဖန်တီးပေးနေပါတယ်။ မြန်မာနိုင်ငံအနေဖြင့် SCO နဲ့ ဆက်ဆံမှုများ

စာမျက်နှာ ၂၁ သို့

စာမျက်နှာ ၂၀ မှအဆက်

နက်ရှိုင်းလာတာနဲ့အမျှ ရင်းနှီးမြှုပ်နှံမှုများစွာကို ပိုမိုဆွဲဆောင်နိုင်လာနိုင်မှာ ဖြစ်ပါတယ်။ ၂၀၂၄ ခုနှစ်အတွင်း တရုတ်နိုင်ငံဟာ SCO အဖွဲ့ဝင်နိုင်ငံများမှ အမေရိကန်ဒေါ်လာ၉၀ဘီလီယံတန်ဖိုးရှိရေနံစိမ်း၊ သဘာဝဓာတ်ငွေ့နဲ့ ကျောက်မီးသွေးများ တင်သွင်းနိုင်ခဲ့ပါတယ်။ ဒါ့ကြောင့်မြန်မာနိုင်ငံအနေဖြင့် SCO အတွင်း သဘာဝဓာတ်ငွေ့နဲ့ စွမ်းအင်ထောက်ပံ့ရေး ကဏ္ဍတွေမှာ ရှေ့တန်းကပါဝင်လာနိုင်ပြီး စိုက်ပျိုးရေးထုတ်ကုန်များ (ဆန်၊ ပဲ၊ နှမ်း)နဲ့ သစ်တောထွက်ပစ္စည်းများအပါအဝင် အခြားစွမ်းအင်သုံးကုန်ကြမ်းများကို နိုင်ငံတကာစျေးကွက်ကြီးဆီသို့ တင်ပို့နိုင်ဖို့အခွင့်အလမ်းများစွာရရှိနိုင်မှာဖြစ်ပါတယ်။ SCO ရဲ့ **"စီမံလန်းတဲ့ ဖွံ့ဖြိုးမှုဖိုရမ်"** ကဲ့သို့ မဟာဗျူဟာမြောက် ဆွေးနွေးပွဲများကိုတက်ရောက်ပြီး အကောင်အထည်ဖော်ဆောင်ရွက်ခြင်းဖြင့် သယ်ယူပို့ဆောင်ရေး၊ စွမ်းအင်နဲ့ဒစ်ဂျစ်တယ်အခြေခံအဆောက်အအုံများ ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် ငွေကြေးနဲ့နည်းပညာပံ့ပိုးမှုများ ရရှိလာမှာဖြစ်ပါတယ်။ SCO အဖွဲ့ဝင် နိုင်ငံအချို့ဟာ စိုက်ပျိုးရေး အဆင့်မြင့်နည်းပညာများ ပိုင်ဆိုင်ထားရှိခြင်းနဲ့အတူ ယင်းတို့ထံမှ ခေတ်မီစိုက်ပျိုးရေးနည်းပညာများသင်ယူနိုင်ပြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးကို အရှိန်အဟုန်မြှင့်ဆောင်ရွက်နိုင်မှာ ဖြစ်ပါတယ်။

လုံခြုံရေးဆိုင်ရာ ပူးပေါင်းရယူနိုင်မယ့် အခွင့်အလမ်းများအဖြစ် SCO ရဲ့ ဒေသတွင်း အကြမ်းဖက်မှုတိုက်ဖျက်ရေးအဖွဲ့ (Regional Anti-Terrorist Structure – RATS)မှတစ်ဆင့် ဒေသတွင်းလုံခြုံရေး ခြိမ်းခြောက်မှုများဖြစ်တဲ့ အကြမ်းဖက်ဝါဒ၊ ဆိုက်ဘာလုံခြုံရေး၊ မူးယစ်ဆေးဝါးကုန်ကြမ်းများ တင်သွင်းမှုနဲ့ လက်နက်မှောင်ခိုကိစ္စရပ်များ စတာတွေကိုပူးပေါင်းတိုက်ဖျက်ရာမှာ နည်းပညာနဲ့ သတင်းအချက်အလက်ဖလှယ်မှုများကို ထိထိရောက်ရောက် ပြုလုပ်လာနိုင်မှာဖြစ်ပါတယ်။ အဖွဲ့ဝင်နိုင်ငံများနဲ့ နယ်စပ်ဒေသ လုံခြုံရေး ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်နိုင်ခြင်းနဲ့အတူ နယ်စပ်ဒေသတစ်လျှောက် တည်ငြိမ်ဖွံ့ဖြိုးတိုးတက်ရေးကို ပိုမိုအားကောင်းစေမှာပဲ ဖြစ်ပါတယ်။ ဒါ့ကြောင့်လည်း ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က **"ယခုအခါ အင်အားကြီးနိုင်ငံအချို့သည် အခြားနိုင်ငံများ၏ ၎င်းတို့နှင့်လိုက်လျောညီထွေဖြစ်သည့် ဒီမိုကရေစီနှင့်အညီ ရပ်တည်ဆောင်ရွက်နေမှု၊ ၎င်းတို့နိုင်ငံ အတွင်းဖြစ်ပျက်နေသည့် အခြေအနေများကို ဥပေက္ခာပြုပြီး နိုင်ငံရေး၊ စီးပွားရေး၊ ဘဏ္ဍာရေး၊ စစ်ရေးဖိအားပေးမှုမျိုးစုံဖြင့် အနိုင်ကျင့်နေကြပါကြောင်း၊ ယခုကဲ့သို့ အခြေအနေမျိုးကို တုံ့ပြန်နိုင်ဖို့အတွက် SCO အဖွဲ့ကို စီးပွားရေးပေါင်းစည်းမှု၊ ယဉ်ကျေးမှုဖလှယ်မှုနှင့် မဟာဗျူဟာကျသည့် အဖွဲ့အစည်းတစ်ခုအဖြစ်သို့ အသွင်ကူးပြောင်းလာခဲ့ရာ လက်ရှိအခြေအနေတွင် အဖွဲ့ဝင်နိုင်ငံများ၊ ဆွေးနွေးဖက်နိုင်ငံများ၊ လေ့လာသူအဆင့်နိုင်ငံများ အကြား ကဏ္ဍစုံပူးပေါင်းဆောင်ရွက်ရေး Platform တစ်ခုအဖြစ်ကိုရောက်ရှိလာပြီး ကမ္ဘာလုံးဆိုင်ရာ စိန်ခေါ်မှုများကို ရင်ဆိုင်**

ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က "ယခုအခါ အင်အားကြီးနိုင်ငံအချို့သည် အခြားနိုင်ငံများ၏ ၎င်းတို့နှင့်လိုက်လျောညီထွေဖြစ်သည့် ဒီမိုကရေစီနှင့် အညီ ရပ်တည်ဆောင်ရွက်နေမှု၊ ၎င်းတို့နိုင်ငံအတွင်းဖြစ်ပျက်နေသည့်အခြေအနေများကို ဥပေက္ခာပြုပြီး နိုင်ငံရေး၊ စီးပွားရေး၊ ဘဏ္ဍာရေး၊ စစ်ရေးဖိအားပေးမှုမျိုးစုံဖြင့် အနိုင်ကျင့်နေကြပါကြောင်း၊ ယခုကဲ့သို့အခြေအနေမျိုးကို တုံ့ပြန်နိုင်ဖို့အတွက် SCO အဖွဲ့ကို စီးပွားရေးပေါင်းစည်းမှု၊ ယဉ်ကျေးမှုဖလှယ်မှုနှင့် မဟာဗျူဟာကျသည့် အဖွဲ့အစည်းတစ်ခုအဖြစ်သို့ အသွင်ကူးပြောင်းလာခဲ့ရာ လက်ရှိအခြေအနေတွင် အဖွဲ့ဝင်နိုင်ငံများ၊ ဆွေးနွေးဖက်နိုင်ငံများ၊ လေ့လာသူအဆင့်နိုင်ငံများအကြား ကဏ္ဍစုံပူးပေါင်းဆောင်ရွက်ရေး Platform တစ်ခုအဖြစ်ကိုရောက်ရှိလာပြီး ကမ္ဘာလုံးဆိုင်ရာ စိန်ခေါ်မှုများကို ရင်ဆိုင်တုံ့ပြန်လျက်ရှိပါကြောင်း၊ မိမိတို့မြန်မာနိုင်ငံအနေဖြင့် ၂၀၂၅-၂၀၃၅ ကာလအတွက် ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်မှုအဖွဲ့ ဖွံ့ဖြိုးတိုးတက်ရေးမဟာဗျူဟာ (SCO Development Strategy for the Next Decade : 2025-2035) ကို ကြိုဆိုထောက်ခံပါကြောင်း၊ အနာဂတ်တွင်လည်း ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်မှုအဖွဲ့(SCO)၏မူဘောင်များအတွင်း ရှိရင်းစွဲချစ်ကြည်ရင်းနှီးမှု၊ အပြန်အလှန်နားလည်မှုနှင့် လေးစားမှုတို့အပေါ်အခြေခံပြီး ဘုံအကျိုးဖြစ်ထွန်းစေမည့် ပူးပေါင်းဆောင်ရွက်မှုများကို တက်ကြွစွာဆက်လက်ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း" အလေးအနက်ဆွေးနွေးပြောကြားခဲ့ပါတယ်။

တို့ပြန်လျက်ရှိပါကြောင်း၊ မိမိတို့ မြန်မာနိုင်ငံအနေဖြင့် ၂၀၂၅-၂၀၃၅ ကာလအတွက် ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်မှုအဖွဲ့ ဖွံ့ဖြိုးတိုးတက်ရေးမဟာဗျူဟာ (SCO Development Strategy for the Next Decade : 2025–2035) ကို ကြိုဆိုထောက်ခံပါကြောင်း။ အနာဂတ်တွင်လည်း ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်မှုအဖွဲ့(SCO) ၏မူဘောင်များအတွင်း ရှိရင်းစွဲချစ်ကြည်ရင်းနှီးမှု၊ အပြန်အလှန်နားလည်မှုနှင့် လေးစားမှုတို့အပေါ်အခြေခံပြီး ဘုံအကျိုးဖြစ်ထွန်းစေမည့် ပူးပေါင်းဆောင်ရွက်မှုများကို တက်ကြွစွာဆက်လက်ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း" အလေးအနက်ဆွေးနွေးပြောကြားခဲ့ပါတယ်။

သို့ဖြစ်ရာ မကြာသေးခင်က တီယန်ကျင်းမှာ အောင်မြင်စွာကျင်းပပြီးစီးခဲ့တဲ့ SCO ထိပ်သီးအစည်းအဝေးဟာ မြန်မာနိုင်ငံအတွက် နိုင်ငံရေး၊ စီးပွားရေး၊ လုံခြုံရေးနဲ့ နည်းပညာဆိုင်ရာ အခွင့်အလမ်းများစွာကို ဆောင်ကြဉ်းပေးလာခဲ့ပြီဖြစ်ပါတယ်။ အထူးသဖြင့် အမြဲတမ်းအဖွဲ့ဝင်နိုင်ငံဖြစ်ရေး၊ ကုန်သွယ်ရေးနဲ့ ရင်းနှီးမြှုပ်နှံရေးကဏ္ဍများ တိုးမြှင့်ဆောင်ရွက်နိုင်ရေး သာမက လုံခြုံရေးဆိုင်ရာကိစ္စရပ်များမှာ SCO နိုင်ငံများအကြား ပိုမိုပူးပေါင်းဆောင်ရွက်သွားနိုင်တော့မှာဖြစ်ပါတယ်။ ယနေ့ ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်မှုအဖွဲ့ (SCO) ထိပ်သီးအစည်းအဝေးကြီးဟာ မကြာခင် မြန်မာနိုင်ငံမှာကျင်းပတော့မယ့်အထွေထွေရွေးကောက်ပွဲကြီး အောင်မြင်စွာကျင်းပပြီးစီးရေးနဲ့ အနာဂတ်စာမျက်နှာသစ်ဖွင့်လှစ်ရာမှာ ရေရှည်တည်တံ့ပြီး ကြံ့ကြံ့ခံနိုင်ရည်ရှိသော ဖွံ့ဖြိုးတိုးတက်မှုများနဲ့ပြည့်စုံကြွယ်ဝတဲ့ နိုင်ငံတော်တည်ဆောက်ရေးကဏ္ဍတို့အတွက် အခွင့်အလမ်းကောင်းများရရှိစေခဲ့ပြီး မဟာဗျူဟာပေါင်းစည်းမှုမှတ်တိုင်ကြီးတစ်ခုအဖြစ် သမိုင်းတင် စွဲထင်ကျန်ရစ်စေမှာ ဖြစ်ပါကြောင်း.....။

မန္တလေးတိုင်းဒေသကြီး ၂၀၂၅ ခုနှစ် ၂၆ ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကျင်းပ

မန္တလေး စက်တင်ဘာ ၉

မန္တလေးတိုင်းဒေသကြီး ၂၀၂၅ ခုနှစ် ၂၆ ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဖွင့်ပွဲ အခမ်းအနားကို ယနေ့ နံနက်ပိုင်းက ချမ်းအေးသာစံမြို့နယ်ရှိ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီရုံး မြို့တော်ခန်းမတွင် ကျင်းပသည်။

အခမ်းအနားသို့ တိုင်းဒေသကြီးအဆင့် ပြိုင်ပွဲကျင်းပရေး ဦးစီးကော်မတီဥက္ကဋ္ဌ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီးတရားလွှတ်တော်တရားသူကြီးချုပ်၊ တိုင်းဒေသကြီးဝန်ကြီးများ၊ ပြိုင်ပွဲကျင်းပရေးကော်မတီ၊ ဆပ်ကော်မတီတို့မှ တာဝန်ရှိသူများ၊ အကဲဖြတ်ဒိုင်အဖွဲ့ဝင် ပညာရှင်များ၊ ပြိုင်ပွဲဝင် ခရိုင်နှင့် တက္ကသိုလ်များမှ ပြိုင်ပွဲဝင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် တိုင်းဒေသကြီးဝန်ကြီးချုပ်က အဖွင့်အမှာစကား ပြောကြားသည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းဒေသကြီးဝန်ကြီးများ၊ အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ် (မန္တလေး) ပါမောက္ခချုပ်နှင့် တာန်ရှိသူများက အခမ်းအနားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး ဆိုကရေးတီး ဂုဏ်ပြုတေးဖြင့် ဖျော်ဖြေတင်ဆက်မှုများ၊ ပဋ္ဌာဂီတယိမ်းအကဖြင့် ဖျော်ဖြေတင်ဆက်မှုများ၊ အိုးစည်အဖွဲ့လိုက် ဖျော်ဖြေတင်ဆက်မှုများကို ကြည့်ရှုအားပေးပြီး ပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ တိုင်းဒေသကြီးဝန်ကြီးချုပ်က ဂုဏ်ပြုငွေများချီးမြှင့်ခဲ့ကြောင်းနှင့် အခမ်းအနား ဒုတိယပိုင်းကို အစီအစဉ်အတိုင်း ဆက်လက်ကျင်းပရာ ၂၆ ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ယိမ်းအကအဖွဲ့များ ယှဉ်ပြိုင်နေမှုများကို ကြည့်ရှုအားပေးခဲ့ကြကြောင်း သတင်းရရှိသည်။

မျိုးကျော်

ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲများကို နှောင့်ယှက်ဟန့်တား ဖျက်ဆီးခြင်းမှ ကာကွယ်ပေးရေးဥပဒေပုဒ်မ ၂၃(က)အရ ပြစ်ဒဏ်ချမှတ်

နေပြည်တော် စက်တင်ဘာ ၉

ရှမ်းပြည်နယ်(တောင်ပိုင်း)တောင်ကြီးမြို့နယ်၌ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကို ပျက်ပြားစေရန်ရည်ရွယ်၍ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ လုပ်ဆောင်ခဲ့သူတစ်ဦးကို ပြစ်မှုထင်ရှားသဖြင့် တောင်ကြီးမြို့နယ်တရားရုံးက အလုပ်နှင့်ထောင်ဒဏ် ခုနစ်နှစ်တိတိကျခံစေရန် အမိန့်ချမှတ်ခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ သြဂုတ် ၂၅ ရက်တွင် တောင်ကြီးမြို့နယ် အေးသာယာမြို့ရပ်ကွက်(၁)နေ နေသွေး ၃၆ နှစ် (ဘ) ဦးအောင်ခင်သည် ၎င်းအသုံးပြုသည့် “Lashio Baegyi” Facebook Account လူမှုကွန်ရက်စာမျက်နှာပေါ်တွင် “မဲပေးဖို့ချည်း ဇွတ်ပြောပြီ၊ မင်းတို့က ဘာကောင်တွေလဲ၊ စောက်လုံးပါရင် သေချာကြည့်ပြည်သူဆီက မဲလိုချင်ရင် ပြည်သူကို ဘယ်လိုအကျိုးပြုရမလဲစဉ်းစား၊ အလကားနေ ဘာမှစောက်ပြစ်မရှိဘဲ ပြည်သူဆီကပဲ လိုချင်ရင်တော့...” စသည့်စာသားများကိုဖြန့်ဝေကာ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကို ပျက်ပြားစေရန်ရည်ရွယ်၍ ပြုလုပ်နေကြောင်း စစ်ဆေးတွေ့ရှိရသဖြင့် တောင်ကြီးမြို့နယ် အေးသာယာနယ်မြေရဲစခန်းက (၀)၉၉/၂၀၂၅ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲများကို နှောင့်ယှက်ဟန့်တားဖျက်ဆီးခြင်းမှ ကာကွယ်ပေးရေးဥပဒေပုဒ်မ ၂၃(က) ဖြင့် အမှုရေးဖွင့်စစ်ဆေး၍ တောင်ကြီးမြို့နယ်တရားရုံးသို့ တရားစွဲတင်ပို့ခဲ့ရာ ရာဇဝတ်ကြီးမှုအမှတ် ၂၇၁၄/၂၀၂၅ ဖြင့် လက်ခံစစ်ဆေးခဲ့ပြီး ယနေ့တွင် ပြစ်မှုထင်ရှားသဖြင့် တရားခံ နေသွေးအား ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲများကို နှောင့်ယှက်ဟန့်တားဖျက်ဆီးခြင်းမှ ကာကွယ်ပေးရေးဥပဒေပုဒ်မ ၂၃(က)အရ အလုပ်နှင့်ထောင်ဒဏ် ခုနစ်နှစ်တိတိကျခံစေရန် အမိန့်ချမှတ်ခဲ့ကြောင်း သတင်းရရှိသည်။ (၅၀၁)

အေးသာယာနယ်မြေရဲစခန်းက (၀)၉၉/၂၀၂၅ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲများကို နှောင့်ယှက်ဟန့်တားဖျက်ဆီးခြင်းမှ ကာကွယ်ပေးရေးဥပဒေပုဒ်မ ၂၃(က)အမှုမှ တရားခံ နေသွေး၏ မှတ်တမ်းဓာတ်ပုံ။

☆ **ကျောဖုံးမှုအဆက်**

ရန်ကုန်ယူနိုက်တက်အသင်းက နှစ်ဂိုး ဂိုးမရှိဖြင့်အနိုင်ရရှိခဲ့ပြီး ရန်ကုန်ယူနိုက်တက်အသင်းအတွက် သွင်းဂိုးများကို ပွဲချိန် ၂၅ မိနစ်တွင် ခွန်ချိုထူးနှင့်ပွဲချိန် မိနစ် ၄၀ တွင် လမင်းပြည့်စုံက သွင်းယူပေးနိုင်ခဲ့သည်။

အလားတူ ပဒုမ္မာအားကစားကွင်းတွင် ဒဂုံစတားအသင်းနှင့် မဟာယူနိုက်တက်အသင်းတို့ယှဉ်ပြိုင်ကစားခဲ့ရာ ဒဂုံစတားအသင်းက လေးဂိုး တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ပြီး ဒဂုံစတားအသင်းအတွက် သွင်းဂိုးများကို ပွဲချိန် သုံးမိနစ်နှင့် ၃၇ မိနစ်တို့တွင် စောအောင်မျိုးမင်းသိန်း၊ မိနစ် ၂၀တွင် ဖိုးသောကြာ၊ ၇၉ မိနစ်တွင် ဆုမင်းအောင်တို့က သွင်းယူပေးနိုင်ခဲ့ပြီး မဟာယူနိုက်တက်အသင်းအတွက် သွင်းဂိုးကို ပွဲချိန် ၂၄ မိနစ်တွင် ဇော်မင်းသန့်က သွင်းယူပေးနိုင်ခဲ့ကြောင်း သိရသည်။ STA

အကြမ်းဖက်မှုပယောက်ရေးအတွက် ပြည်သူ့အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟုသုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များလုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကိုအားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်၊ ခဲယမ်းကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

“ပြည်သူ့ကြားက ပြည်သူ့စကား”အစီအစဉ်

မျက်မှောက်ကာလတွင်ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှုတားဆီးရေးဆိုင်ရာ ကိစ္စရပ်များနှင့်ပတ်သက်၍ ပရိသတ်များ၏ ရင်တွင်းခံစားချက်စကားသံများကို သဇင် FM ၏ **“ပြည်သူ့ကြားက ပြည်သူ့စကား”** အစီအစဉ်မှ **“NUG၊ PDF တို့အတွက် အမှားကိုဝန်ချတောင်းပန်ပြီး ဥပဒေဘောင်ဝင်ရောက်ရုံမှတစ်ပါး အခြားမရှိ”** ခေါင်းစဉ်ဖြင့် ၁၀-၉-၂၀၂၅ ရက် (ယနေ့) မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့်တင်ဆက်ပေးသွားမည်ဖြစ်ပါသည်။ လာမည့်အပတ် ဗုဒ္ဓဟူးနေ့ မွန်းလွဲ ၁ နာရီတွင် **“ကျိုက်မရောမြို့နယ် ကော့ပနောကျေးရွာအနီး အရပ်သားပြည်သူနဲ့ခရီးသွားပြည်သူများ ကြောက်ရွံ့ထိတ်လန့်ထိခိုက်စေရန် KNU၊ PDF အကြမ်းဖက်သမားများက Drop Bomb ချတိုက်ခိုက်ခဲ့မှုကြောင့် ထိခိုက်ဒဏ်ရာရရှိခဲ့တဲ့ ပြည်သူ ၁၁ ဦး”** ခေါင်းစဉ်ဖြင့် ဆွေးနွေးတင်ဆက်မည်ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူ ပရိသတ်များအနေဖြင့် အပတ်စဉ်ကြာသပတေးနေ့ နံနက် ၁၀ နာရီမှ ၁၁ နာရီအတွင်း ဖုန်းနံပါတ် ၀၉-စ၉၉၀၉၉၅၅၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့် ဖုန်းနံပါတ်တို့ကို Message ပေးပို့ပါဝင်နိုင်ပြီဖြစ်ကြောင်းနှင့် ပါဝင်လာသည့်ပရိသတ်များ၏ ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များကို လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

❑ **ဖမ်းဆီးရမိမှ**

စစ်ဆေးမှုများ ဆောင်ရွက်လျက်ရှိသည်။

စက်တင်ဘာ ၆ ရက်တွင် စစ်ကိုင်းမြို့ပန်းဘဲတန်းရပ်ကွက်၌ လူသုံးကုန်ပစ္စည်း ၁၁ မျိုး ခန့်မှန်းတန်ဖိုးငွေကျပ် ၂၀၃၃၀၀၀၀ ကိုလည်းကောင်း၊ စက်တင်ဘာ ၇ ရက်တွင် ရွှေဘိုမြို့နယ်နှင့် စစ်ကိုင်းမြို့နယ်တို့အတွင်း၌ လိုင်စင်မဲ့ မော်တော်ယာဉ် တစ်စီးနှင့် လိုင်စင်မဲ့မော်တော်ဆိုင်ကယ် ငါးစီး ခန့်မှန်းတန်ဖိုးငွေကျပ် ၁၅၀၀၀၀၀၀ ကိုလည်းကောင်း စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၂၁၅၃၀၀၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့် အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ ပဲခူးတိုင်းဒေသကြီး တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ဩဂုတ် ၂၆ ရက်တွင် လယ်ဝေးမြို့နယ် သရက်ကုန်းကျေးရွာ၌ လိုင်စင်မဲ့သုံးဘီး မော်တော်ဆိုင်ကယ် တစ်စီး ခန့်မှန်းတန်ဖိုးငွေကျပ် ၂၀၀၀၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ ပဲခူးတိုင်းဒေသကြီး တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ စက်တင်ဘာ ၄ ရက်တွင် မကွေးမြို့နယ်၊ စလင်းမြို့နယ်နှင့် ရေနံချောင်းမြို့နယ်တို့၌ လိုင်စင်မဲ့မော်တော်ဆိုင်ကယ် ၁၁ စီး ခန့်မှန်းတန်ဖိုးငွေကျပ် ၄၁၅၀၀၀၀ ကို ပို့ကုန်သွင်းကုန်ဥပဒေ အရလည်းကောင်း၊ မင်းဘူးမြို့နယ် ရွာသာယာကျေးရွာအနီး၌ တရားမဝင် ရေနံစိမ်ဂါလန် ၁၆၀ ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၈၅၀၀၀ ကိုပြည်သူပိုင်ပစ္စည်းကာကွယ်ရေးအက်ဥပဒေအရ လည်းကောင်း၊ အောင်လံမြို့နယ် စမ်းချောင်းရပ်ကွက်၌ တရားမဝင်လောင်းကစားပြုလုပ်ရာတွင် အသုံးပြုသည့် လက်ကိုင်ဖုန်းငါးလုံးနှင့် ငွေစက္ကူရောရာ ခန့်မှန်းတန်ဖိုးငွေကျပ် ၂၁၃၄၀၀၀ ကို လောင်းကစားဥပဒေအရ လည်းကောင်း စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၇၃ဖြ၉၀၀၀ ကို ဖမ်းဆီးအရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ ဧရာဝတီတိုင်းဒေသကြီး တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ စက်တင်ဘာ ၃ ရက်နှင့် ၄ ရက်တို့တွင် ဟသံတမြို့နယ်၊ ငပုတောမြို့နယ်၊ ညောင်တုန်းမြို့နယ်နှင့် ကြံခင်းမြို့နယ်တို့၌ တရားမဝင်ကျွန်းသစ် ၁ ဒသမ ၈၃၄ တန်၊ သစ်မာ ၈ ဒသမ ၂၆၁ တန်၊ အခြားသစ် ၅ ဒသမ ၇၉၁ တန် စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၇ဖစ၉၀၅၅ ကို ဖမ်းဆီးရမိခဲ့ပြီးသစ်တောဥပဒေနှင့်အညီအရေးယူဆောင်ရွက်လျက်ရှိသည်။

အလားတူ နေပြည်တော်တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ဩဂုတ် ၂၆ ရက်တွင် လယ်ဝေးမြို့နယ် သရက်ကုန်းကျေးရွာ၌ လိုင်စင်မဲ့သုံးဘီး မော်တော်ဆိုင်ကယ် တစ်စီး ခန့်မှန်းတန်ဖိုးငွေကျပ် ၂၀၀၀၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ စက်တင်ဘာ ၇ ရက်တွင် ကော့သောင်းမြို့ တော်ဝင်ဆိပ်ကမ်းတံတား၌ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်းတစ်မျိုး ခန့်မှန်းတန်ဖိုးငွေကျပ် ၄ဖ၂၀၀၀၀ ကို လည်းကောင်း၊ တာချီလိတ်မြို့နယ် စေခမ်းရပ်ကွက်ရှိ ခြံဝင်းတစ်ခုအတွင်းမှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်ပစ္စည်းခြောက်မျိုး ခန့်မှန်းတန်ဖိုးငွေကျပ် ၁၅၈၂၄၀၀၀ ကိုလည်းကောင်း စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၂၀၄၄၄၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

သြဂုတ် ၂၆ ရက်မှ စက်တင်ဘာ ၇ ရက်ထိ ဖမ်းဆီးရမိမှုစုစုပေါင်း အမှုတွဲ ၃၇ မှုမှ ခန့်မှန်းတန်ဖိုးငွေကျပ် ၄၄၂စ၈ဖ၄၃၅ ကို ဖမ်းဆီးရမိခဲ့သည်။ ထိုကဲ့သို့ တရားမဝင်တင်သွင်းလာမှုများကြောင့် တရားဝင်တင်သွင်းသည့် ကုန်သည်လုပ်ငန်းရှင်များအတွက် စျေးကွက်ယှဉ်ပြိုင်နိုင်မှုစွမ်းအားကျဆင်းခြင်းနှင့် ထိခိုက်နစ်နာမှုများဖြစ်ပေါ်နိုင်စေပြီး နိုင်ငံတော်အတွက် ရသင့်ရထိုက်သည့် အခွန်ဘဏ္ဍာဆုံးရှုံးနစ်နာခြင်းများဖြစ်ပေါ်စေနိုင်သည်။

သို့ဖြစ်ပါ၍ တရားမဝင်ကုန်စည်တင်သွင်းမှုများကို သက်ဆိုင်ရာတာဝန်ရှိသူများက ယခုထက်ပိုမိုတားဆီးစစ်ဆေးကြပ်မတ် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီမှ သတင်းရရှိသည်။ **(သတင်းစဉ်)**

တရုတ်နိုင်ငံ သို့မဟုတ် ယုံကြည်စိတ်အချရဆုံး အိမ်နီးချင်းနိုင်ငံ

မောင်ဇော်(မိုးကောင်း)

"မြန်မာနိုင်ငံဟာ တရုတ်နိုင်ငံရဲ့ ယုံကြည်စိတ်ချရတဲ့ မိတ်ဆွေကောင်းနိုင်ငံ တစ်နိုင်ငံဖြစ်ပါတယ်။ တရုတ်နိုင်ငံ ကလည်း ကျွန်တော်တို့နိုင်ငံရဲ့ ယုံကြည်စိတ်ချရတဲ့မိတ်ဆွေနိုင်ငံအဖြစ် အမြဲမျှော်လင့်ထားပါတယ်" ဟု တရုတ်နိုင်ငံသို့ အလုပ်သဘောခရီးစဉ်အဖြစ် ရောက်ရှိနေသော ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က ချန်ဒုံးမြို့၌ တရုတ်သတင်းမီဒီယာများနှင့် တွေ့ဆုံမှုတွင် ထည့်သွင်းပြောကြားခဲ့သည်။ အဆိုပါ တရုတ်နိုင်ငံသည် မြန်မာနိုင်ငံ၏ယုံကြည်စိတ်ချရသော အိမ်နီးချင်းနိုင်ငံဖြစ်ကြောင်းကို ဗိုလ်ချုပ်မှူးကြီးအနေဖြင့် ခရီးစဉ်ကာလအတွင်း အကြိမ်ကြိမ်အလေးထားပြောကြားခဲ့သည်ကို တွေ့ရှိရသည်။

မကြာသေးမီရက်ပိုင်းက တရုတ်နိုင်ငံတွင်ကျင်းပသော ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်မှုအဖွဲ့(SCO) ထိပ်သီးအစည်းအဝေးနှင့် တရုတ်ပြည်သူများ၏ ဂျပန်တော်လှန်ရေးစစ်ပွဲနှင့် ကမ္ဘာ့ဖက်ဆစ်ဆန့်ကျင်ရေးစစ်ပွဲအောင်နိုင်ခြင်း နှစ်(၈၀) ပြည့်အထိမ်းအမှတ်အခမ်းအနားသို့ တက်ရောက်ပါရန် တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတ မစ္စတာရှီကျင့်ဖျင်၏ဖိတ်ကြားချက်အရ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သော မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့တရားဝင်အလုပ်သဘောခရီးသွားရောက်ခဲ့သည်။

အဆိုပါ မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင် ယာယီသမ္မတ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် တရုတ်နိုင်ငံသို့ ရောက်ရှိနေချိန်တွင် ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်မှုအဖွဲ့(SCO) ထိပ်သီးအစည်းအဝေး တက်ရောက်ခြင်း၊ ဖက်ဆစ်ဆန့်ကျင်ရေးစစ်ပွဲအောင်နိုင်ခြင်း နှစ်(၈၀)ပြည့်အထိမ်းအမှတ် အခမ်းအနားသို့တက်ရောက်ခြင်း၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတအပါအဝင် အခမ်းအနားသို့ တက်ရောက်လာသော နိုင်ငံခေါင်းဆောင်များနှင့် တွေ့ဆုံဆွေးနွေးခြင်း၊ တီယန်ကျင်းမြို့နှင့် ချန်ဒုံးမြို့တို့၌ တရုတ်နိုင်ငံမှ စီးပွားရေးလုပ်ငန်းရှင်များနှင့်တွေ့ဆုံပြီး မြန်မာ-တရုတ် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေး တွေ့ဆုံဆွေးနွေးမှုများ ပြုလုပ်ခဲ့သည်။

တွေ့ဆုံမှုများ၌ မြန်မာနိုင်ငံ၏ ယာယီသမ္မတ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က တရုတ်နှင့်မြန်မာနှစ်နိုင်ငံတို့သည် အေးအတူပူအမျှ အသိုက်အဝန်းကို ဖော်ဆောင်ထားသော ဆွေမျိုးပေါက်ဖော်နိုင်ငံ၊ မဟာဗျူဟာမိတ်ဖက်နိုင်ငံများဖြစ်ပြီး မြန်မာနိုင်ငံသည် တရုတ်နိုင်ငံအတွက် ယုံကြည်စိတ်ချရသည့် မိတ်ဆွေရင်းနိုင်ငံဖြစ်သကဲ့သို့ တရုတ်နိုင်ငံသည်မြန်မာနိုင်ငံအတွက် ယုံကြည်စိတ်ချရသည့် မိတ်ဆွေရင်းနိုင်ငံဖြစ်သည့်အတွက် ရဲရဲတင်းတင်းလာရောက်ရင်းနှီးမြှုပ်နှံကြရန်လည်း တရုတ်စီးပွားရေးလုပ်ငန်းရှင်များအား ဖိတ်ခေါ်ခဲ့သည်ကိုတွေ့ရှိရသည်။

မိတ်ရင်းဆွေရင်းဖြစ်ခြင်း၊ ယုံကြည်စိတ်ချခြင်းတို့သည် ချက်ချင်းဆောင်ရွက်၍မရဘဲ ရေရှည်တည်ဆောက်လာခြင်းဖြင့်သာရရှိနိုင်သည်။ မိုင်ပေါင်း ၁၃၀၀ ကျော် နယ်နိမိတ်ချင်းထိစပ်နေသည့် တရုတ်နှင့် မြန်မာ နှစ်နိုင်ငံတို့သည် လွန်ခဲ့သော နှစ်ပေါင်း ၁၄၀၀ ကျော် အေဒီ ၇ ရာစုခန့်ကတည်းက မြန်မာနိုင်ငံ ပျူမင်းဆက်များနှင့်တရုတ်နိုင်ငံ တန်(Tang) မင်းဆက်ခေတ်များမှစ၍ သံတမန်ဆက်ဆံရေးထူထောင်ခဲ့ကြပြီး ကုန်သွယ်ရေး၊ စီးပွားရေး၊ ယဉ်ကျေးမှုတို့တွင် ထိတွေ့ဆက်ဆံမှုများ ရှိကြောင်း သမိုင်းအထောက်အထားများ တွေ့ရှိရသည်။ ပုဂံခေတ်အေဒီ ၁၁ ရာစုတွင်လည်း ရှင်ဒီသာပါမောက် ဦးဆောင်သည့် မြန်မာသံတမန်အဖွဲ့ တရုတ်နိုင်ငံသို့ သွားရောက်ခဲ့ကြောင်း သမိုင်းမှတ်တမ်းအထောက်အထားများရှိခဲ့ရာ နှစ်နိုင်ငံ၏ နှစ်ကာလရှည်ကြာစွာ တည်ဆောက်ထားသည့် သံတမန်ဆက်ဆံရေးများရှိကြောင်းကိုတွေ့ရှိနိုင်သည်။ ၁၉၄၉ ခုနှစ်၌ တရုတ်ပြည်သူ့သမ္မတနိုင်ငံထူထောင်မှုကိုလည်း မြန်မာနိုင်ငံက အာရှတိုက်တွင် ပထမဆုံး အသိအမှတ်ပြုခဲ့သည့် နိုင်ငံဖြစ်သည်။ ၁၉၅၀ ပြည့်နှစ် ဇွန်လ ၈ ရက်မှစ၍ တရားဝင် သံတမန်ဆက်ဆံရေးအား ထူထောင်ခဲ့သဖြင့် ယခုနှစ် ဇွန်လ ၈ ရက်တွင် ၇၅ နှစ်ပြည့် စိန်ရတုသို့တိုင် ရောက်ရှိခဲ့ပြီဖြစ်သည်။

တရုတ်နှင့်မြန်မာ နှစ်နိုင်ငံတို့သည် သံတမန်ဆက်ဆံရေး ပိုမိုတိုးတက်ခိုင်မာ စေရန်အတွက် နိုင်ငံခေါင်းဆောင်များ၏ အပြန်အလှန် ချစ်ကြည်ရေးခရီးများ သွားရောက်ခဲ့ကြရာ တရုတ်ဝန်ကြီးချုပ် ချူအင်လိုင်းသည်မြန်မာနိုင်ငံသို့ ချစ်ကြည်ရေးခရီးစဉ် ကိုးကြိမ်လာရောက်ခဲ့ပြီး မြန်မာ့ဆိုရှယ်လစ် လမ်းစဉ်ပါတီဥက္ကဋ္ဌ ဦးနေဝင်းသည်လည်း တရုတ်နိုင်ငံသို့ ချစ်ကြည်ရေးခရီးစဉ် ၁၂ ကြိမ်သွားရောက်ခဲ့သည်ကိုတွေ့ရှိရသည်။ ယခုလက်ရှိ မြန်မာနိုင်ငံ၏ ယာယီသမ္မတ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည်ပင် တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ ၁၂ ကြိမ် တိုင်တိုင် ချစ်ကြည်ရေးခရီးလာရောက်ခဲ့ပြီးဖြစ်ကြောင်းခရီးစဉ်တွင် ထည့်သွင်းပြောကြားခဲ့သဖြင့် တရုတ်နှင့်မြန်မာနိုင်ငံတို့အကြား ကောင်းမွန်တိုးတက်ခိုင်မာသော ရင်းနှီးသည့်ဆက်ဆံရေးကို တည်ဆောက်ထားကြောင်း တွေ့ရှိရသည်။

သမိုင်းကြောင်း ရှည်လျားလှသည့် တရုတ်-မြန်မာဆက်ဆံရေးကို အခြေခံပြီး ၁၉၅၄ ခုနှစ်တွင် ဒေါ်မင်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေး မူကြီး(၅)ရပ်ကို သဘောတူစာချုပ်ချုပ်ဆိုခဲ့ကြရာ အဆိုပါ စာချုပ်သည် မျက်မှောက်ခေတ်နိုင်ငံတကာ ဆက်ဆံရေးတွင် စံနမူနာတစ်ခုဖြစ်လာစေခဲ့သည်။ မြန်မာနိုင်ငံသည် တရုတ် တစ်နိုင်ငံတည်းမူဝါဒ(One China Policy) ကို ယနေ့အချိန်အထိ မပြောင်းလဲဘဲ ခိုင်ခိုင်မာမာ လက်ခံကျင့်သုံးလျက်ရှိသည်။ အိမ်နီးချင်းထက်စိတ်ချရသည့် မိတ်ဆွေနိုင်ငံဆိုတာ မရှိပါဆိုသည့်အတိုင်းပင် ၁၉၇၁ ခုနှစ်တွင်ကျင်းပသည့် (၂၆)ကြိမ်မြောက် ကမ္ဘာ့ကုလသမဂ္ဂအထွေထွေညီလာခံတွင်တရုတ်ပြည်သူ့သမ္မတနိုင်ငံကို ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံဖြစ်စေရေးအတွက် မြန်မာနိုင်ငံက ထောက်ခံပေးခဲ့ပြီး အိမ်နီးချင်းကောင်းပီသစွာ တရုတ်နိုင်ငံဘက်မှ အပြည့်အဝရပ်တည်ခဲ့သည်။

နှစ်နိုင်ငံ၏ ရှိရင်းစွဲဆက်ဆံရေးအား ၂၀၁၁ ခုနှစ်တွင် ဘက်စုံမဟာဗျူဟာမြောက်မိတ်ဖက်ဆက်ဆံရေးအဖြစ်အဆင့်မြှင့်တင်ခဲ့ပြီး ပြည်သူများအကြား အပြန်အလှန်ဖလှယ်မှုများနှင့်ကဏ္ဍစုံတွင်အနီးကပ်ပူးပေါင်းဆောင်ရွက်ခဲ့ကြသည်။ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတ မစ္စတာရှီကျင့်ဖျင်၏ ၂၀၂၀ ပြည့်နှစ် မြန်မာနိုင်ငံခရီးစဉ်အတွင်း၌ တရုတ်-မြန်မာ အေးအတူပူအမျှ အသိုက်အဝန်းတည်ဆောက်ရေး သဘောတူညီခဲ့ကြပြီး နှစ်နိုင်ငံပြည်သူများအကျိုးအတွက် ရေရှည်တည်တံ့သည့် ဘုံအကျိုးစီးပွားကို မြှင့်တင်နိုင်ရေး ကြိုးပမ်းဆောင်ရွက်ခဲ့သည်ကို တွေ့ရှိရသည်။ တရုတ်နိုင်ငံက ဦးစီးဖော်ဆောင်နေသော ရပ်ဝန်းနှင့် ပိုးလမ်းမစီမံကိန်း (Belt and Road Initiative–BRI)နှင့် တရုတ်–မြန်မာစီးပွားရေးစင်္ကြံစီမံကိန်းများ (China– Myanmar Economic Corridor–CMEC) သည် နှစ်နိုင်ငံပြည်သူလူထုအတွက် များစွာအကျိုးဖြစ်ထွန်းနိုင်ပြီး စဉ်ဆက်မပြတ်သာယာဝပြောဖွံ့ဖြိုးတိုးတက်မှုကို ပေးစွမ်းနိုင်မည်ဖြစ်သဖြင့် အမြန်ဆုံးအကောင်အထည်ဖော်နိုင်ရေး ဆောင်ရွက်ကြရမည်ဖြစ်သည်။

မျက်မှောက်ခေတ်မြန်မာနိုင်ငံ၏အရေးကိစ္စများ၌ တရုတ်နိုင်ငံအနေဖြင့် နိုင်ငံတကာမျက်နှာစာတွင် မြန်မာနိုင်ငံဘက်မှ ရပ်တည်ထောက်ခံပေးလျက်ရှိသည်။ မြန်မာနိုင်ငံ၏ ပြည်တွင်းငြိမ်းချမ်းရေး လုပ်ငန်းစဉ်များ၊ အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေးလုပ်ငန်းစဉ်များနှင့် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များတွင် တရုတ်နိုင်ငံ၏ အားပေးကူညီမှု ထောက်ခံပေးနေမှုများအတွက်လည်း မြန်မာနိုင်ငံသားတစ်ဦးအနေဖြင့် ကျေးဇူးတင်ရှိပါသည်။ ယခုနှစ်မတ်လ ၂၈ ရက်က မန္တလေး ငလျှင်လှုပ်ခတ်မှုအပြီး ၂၄ နာရီအတွင်း ချက်ချင်းပင်ကူညီရှာဖွေကယ်ဆယ်ရေး အဖွဲ့များစေလွှတ်ပြီး ရှာဖွေကယ်ဆယ်ပေးခဲ့သည့်အတွက်လည်း တရုတ်နိုင်ငံ အစိုးရနှင့် ရှာဖွေရေးအဖွဲ့များကို မြန်မာပြည်သူများက လှိုက်လှဲစွာကျေးဇူးတင်ရှိရပါသည်။ ဆွေမျိုးပေါက်ဖော်ပီသစွာ ရိုင်းပင်းကူညီပေးမှုများသည် အိမ်နီးချင်းကောင်း မိတ်ဆွေကောင်းပီသမှု၏ ပြယုဂ်ပင်ဖြစ်သည်။

မကြာမီကျင်းပတော့မည့် မြန်မာနိုင်ငံ၏ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအတွက် ပြင်ဆင်နေမှုများအပေါ် တရုတ်နိုင်ငံက ထောက်ခံအားပေးလျက်ရှိသကဲ့သို့ လွတ်လပ်ပြီးတရားမျှတမှု အပြည့်အဝရှိသော ရွေးကောက်ပွဲဖြစ်စေရေးအတွက် အားပေးဆောင်ရွက်လျက်ရှိသည်ကို သိရှိရသည်။ ဒေသတွင်းနှင့် နိုင်ငံတကာမျက်နှာစာတွင် တရုတ်နိုင်ငံ အနေဖြင့် မြန်မာနိုင်ငံဘက်မှ ရပ်တည်ပေးလျက်ရှိသည့်အပြင် မြန်မာနိုင်ငံ၏ တည်ငြိမ်အေးချမ်းရေးအတွက် တရုတ်နိုင်ငံမှအပြုသဘောဆောင်သော ရပ်တည်ချက်များကို မြန်မာနိုင်ငံသားတစ်ဦး အနေဖြင့် ကျေးဇူးတင်လျက်ရှိသည်။

တရုတ်နိုင်ငံသည် မြန်မာနိုင်ငံ၏ ရင်းနှီးမြှုပ်နှံမှုအများဆုံး ကုန်သွယ်ဖက်နိုင်ငံဖြစ်သည်။ နှစ်နိုင်ငံအကြား ကုန်သွယ်မှုနှင့်ကုန်စည်စီးဆင်းမှုများတွင် အဓိကကျသည့် နယ်စပ်ဒေသကုန်သွယ်မှုများသည် လက်နက်ကိုင်သောင်းကျန်းမှုများကြောင့် များစွာထိခိုက်ခဲ့ရသည်။ နယ်စပ်ဒေသ တည်ငြိမ်အေးချမ်းမှုရှိရေးသည် နှစ်နိုင်ငံ ပြည်သူများ၏ လူမှုစီးပွားဘဝတိုးတက်ရေးကို တိုက်ရိုက်အထောက်အကူပြုနေသည့်အတွက် ယခုထက်ပိုမို၍ ပူးပေါင်းဆောင်ရွက်ရမည်ဖြစ်သည်။ နယ်စပ်ဒေသနှင့် ကုန်စည်စီးဆင်းရာ လမ်းကြောင်းတစ်လျှောက် နယ်မြေဒေသတည်ငြိမ်အေးချမ်းမှုပျက်ပြားအောင် ရည်ရွယ်ချက်ရှိရှိဖြင့်လုပ်ဆောင်နေသော အကြမ်းဖက်သောင်းကျန်းသူများကို နှစ်နိုင်ငံပူးပေါင်း၍ နှိမ်နင်းဆောင်ရွက်ကြရမည်ဖြစ်သည်။

မြန်မာနိုင်ငံရှိပြည်သူများ၏ လူမှုစီးပွားဘဝများ ပိုမိုအဆင်ပြေချောမွေ့စေရေး၊ မြန်မာနိုင်ငံ ဖွံ့ဖြိုးတိုးတက်မှု နောက်ကျမကျန်ခဲ့စေရေးအတွက် တရုတ်နိုင်ငံက လက်တွဲခေါ်ဆောင်လျက်ရှိနေသည်။ အတူတကွ ဖွံ့ဖြိုးတိုးတက်ရေးကို အကောင်အထည်ဖော်သည့် အေးအတူပူအမျှအသိုက်အဝန်းထူထောင်မှုကို တရုတ်နိုင်ငံကဖော်ဆောင်လျက်ရှိရာ အပြန်အလှန်အားဖြင့် ကျွန်တော်တို့ မြန်မာပြည်သူများကလည်း နှစ်နိုင်ငံပြည်သူများ၏ ဘုံအကျိုးစီးပွားအတွက် အပြည့်အဝ ပူးပေါင်းပါဝင်ဆောင်ရွက်ကြရမည်ဖြစ်သည်။ မြန်မာနိုင်ငံနှင့် မြန်မာပြည်သူတို့၏ အကျိုးစီးပွားအတွက် အစဉ်ကူညီဆောင်ရွက်ပေးလျက်ရှိသော တရုတ်နိုင်ငံသည် ကျွန်တော်တို့နိုင်ငံအတွက် ယုံကြည်စိတ်အချရဆုံးသော အိမ်နီးချင်းနိုင်ငံပင်ဖြစ်ကြောင်း ဖော်ပြလိုက်ရပါသည်။ ။

(၁)

"ကဲ ကဲ ကိုဘတုတ်ရေ ရေစစ်တော့မယ် မြစ်ဆင်းကြစို့"

"အေးဟေ့ အေး လာပြီ လာပြီ"

အောင်ကျော်လှမ်းခေါ်လိုက်ရာ ဘတုတ်ရေနွေးကြမ်းသောက်နေရာမှ ဖျပ်ခနဲထရပ်လိုက်သည်။ အောင်ကျော် ဓားမတိုလေးတစ်ချောင်းနှင့် ကြိုးကွင်းတပ်သောက်ရေအိုးကလေးကို လက်ဆွဲထွက်သွားသလို ဘတုတ်ကလည်း လှော်တက်နှစ်ချောင်းကို ပခုံးပေါ်ထမ်းတင်ရင်း အောင်ကျော်နောက် သို့လိုက်သည်။

"ဂလွမ်း ဂလွမ်း ဂလွမ်း"

ဘတုတ်လှော်တက်နှစ်ချောင်းကို လှေဝမ်းဗိုက်ထဲပစ်ချလိုက်၏။ ရေစစ်ခါနီးပြီဖြစ်၍ မြစ်ကမ်းခြေ ရွှံ့သောင်ပြင်ပေါ်တင်ကျန်နေသော ပိုက်ဖော်လှေကို တွန်းချလိုက်ကြ၏။ ပိုက်သမားနှစ်ယောက်တွန်းအားကြောင့် ပိုက်ဖော်လေကလေးမှာ ရွှံ့သောင်ပြင်ပေါ် လင်းမြွေတစ်ကောင်နှယ် လျှောခနဲ ပြေးသွားနေပေ၏။ မြစ်ရေပြင်ထဲ အောင်ကျော်လှမ်းကြည့်လိုက်သည်။ ရေစစ်ချိန်မို့ မြစ်ရေပြင်ပေါ် ပေါ်နေကြသော ခြောက်လံဝကျားပါးစပ်ပိုက်များမှာ ဟိုနားသည်နား ပြန့်ကျဲကာ မည်းမည်းလှုပ်လှုပ်ပေါ်နေကြသည်။ အချို့ပိုက်များပေါ်တွင် ပင်လယ်စင်ရော်များ အစာမျှော်နေကြဟန်တူသည်။ တန်းစီနားနေကြ၏။ အချို့က ဟိုပိုက်သည်ပိုက် ကူးလူးပျံသန်းနေကြ၏။

စစ်ရေဖော်မည့် ပိုက်ဖော်လှေကလေးများကတော့ ကိုယ့်ပိုက်ဝန်းရှိရာသို့ ဦးတည်လှော်ခတ်နေကြ၏။ ဦးဦးဖျားဖျားရောက်သူတချို့ ပိုက်တောင်ဖော်နေကြပေပြီ။ အောင်ကျော်နှင့် ဘတုတ်တို့ ကိုယ်ပိုင်ကျားပါးစပ်ပိုက်နားသို့ ရောက်သွားကြပေပြီ။ ပိုက်အဝကို ထောက်ထားသော အာထောက်ဝါးကို ဖြုတ်လိုက်ကြ၏။ ပိုက်အဝပါးစပ်ပေါက်ကြီးစေ့သွားပေပြီ။ ပိုက်ဝမ်းဗိုက်ထဲသို့ ဝင်နေသမျှသော ငါး၊ ပုစွန်တို့ကို ထွက်ပြေးလွတ်မြောက်စရာလမ်း လုံးဝမရှိတော့ပေ။ ဤပိုက်ကို ကျားပါးစပ်ကြီးဟဖြဲထားသလိုမျိုးဖြစ်နေတာကြောင့် ကျားပါးစပ်ပိုက်ဟူ၍လည်းကောင်း၊ ပိုက်အာခံတွင်းအဝကို ဝါးလုံးကြီးဖြင့် ထောက်ကန်ထားတာကြောင့် အာထောက်ပိုက်ဟူ၍လည်းကောင်း၊ ပိုက်ပါးစပ်ပေါက်အပေါ်အောက် ခြောက်လံအရှည်ရှိသဖြင့် ခြောက်လံဝပိုက်ဟူ၍လည်းကောင်း၊ ပင်လယ်ဒီရေတက်လျှင်တစ်ကြိမ်၊ ဒီရေကျလျှင်တစ်ကြိမ် ပြောင်းပြန်လှန်ပြီး ထောင်ဖမ်းရသဖြင့် ကျွမ်းပြန်ပိုက်ဟူ၍လည်းကောင်း ဒေသအလိုက် ခေါ်ကြသည်။

"ကဲ ကိုဘတုတ်ရေ ပိုက်အမြီးဘက်လှော်ပေး"

ပိုက်ဖော်လှေသည် ပိုက်အမြီးဖျားပိုင်းသို့ရောက်လာ၏။ ပိုက်မှာ နောက်ဘက်ပိုင်းအမြီးဖျားသို့ အရောက်တွင် တစ်ပေခွဲခန့်သာ ပိုက်ဝအကျယ်ရှိတော့သည်။ ပိုက်ရှေ့ပိုင်းအဝကနေ ဝင်လာသမျှသော ငါး၊ ပုစွန်တို့မှာ ချေးအိတ်ခေါ် ပိုက်အမြီးဖျားတွင် အတောင့်လိုက် စုပုံနေကြ၏။

အောင်ကျော် ပိုက်ချေးအိတ်ပိုင်းကို ရေပေါ်သို့ ဆွဲတင်လိုက်သည်။ အားကောင်းမောင်းသန် လူညီထွားကြီး ပိုက်သမားအောင်ကျော်တော်တော်ကြိုးစားပြီး ဆွဲတင်လိုက်ရသည်။ ပိုက်အမြီးပိုင်းချေးအိတ်လေပေါ်သို့ရောက်လျှင် ပိုက်ဖင်ဝကို သီထိုးထားသော ဝါးချွန်စို့ကြီးကြီးကို ဆွဲနုတ်လိုက်၏။

"ဖွမ်း ဖွမ်း ဖွမ်း ဖွမ်း ဖွမ်း"

တဖွမ်းဖွမ်းအသံပေးကာ ပိုက်ချေးအိတ်ထဲမှ ထွက်ကျလာသော ပုစွန်အကြီး၊ အသေး အရွယ် အလတ်ပုစွန်မျိုးစုံ လှေဝမ်းဗိုက်ထဲ စုပြုံသွားကြသည်။ အောင်ကျော်တို့လင်မယားတွင် ပိုက်လေးလုံးရှိသည်။ အောင်ကျော်နှင့်ဘတုတ်တို့ တစ်လုံးပြီးတစ်လုံး လိုက်ဖော်လိုက်ကြသည်။ ပိုက်ဖော်လှေဝမ်းဗိုက်ထဲတွင် ပုစွန်ပုံကြီးဖြစ်သွား၏။ ပုစွန်ဖြူ၊ ပုစွန်တုပ်၊ ငါးပိ ထောင်းမျှင်နှင့် ကြက်စာ၊ ဘဲစာတွေကအစ အမျိုးစုံသည်။ ပုစွန်တွေနှင့်အတူ ရုန်းအားကန်အားနည်းကြသည့် ငါးနုပ်တို့လို ပျော့စိပျော့ဖတ်ငါးတွေလည်း ရောနှောပါလာကြသည်။

ကျားပါးစပ်ပိုက်ကို ရေကြီးရေထနေ့ရက်များတွင် ထောင်ဖမ်းလေ့ရှိတတ်ကြသည်။ ရေကြီးရေထရက်များတွင် ရေတက်ချိန်ရော ရေကျချိန်ပါ ရေဆွဲအားပြင်းလွန်းလှသည်။ ဤလိုနေ့ရက်တွင် ကျားပါးစပ်ပိုက်ထဲသို့ ရောက်ရှိလာသော ငါး၊ ပုစွန်များတွင် ရုန်းအားကန်အားရှိသော ငါးအကောင်ကြီးများမှာ ရေဆန်တိုးပြီး ကူးခပ်နိုင်သဖြင့် ပိုက်တွင်းမှလွတ်မြောက်သွားတတ်ကြသည်။ အင်အားနည်းသောငါး သေးငါးနုပ်များနှင့် ပုစွန်များလောက်သာ ပိုက်ထဲမှာ လှောင်ပိတ်ခံကြရခြင်းဖြစ်ပေသည်။ သို့ဖြစ်၍ ငါး အကြီးဟူ၍ မတွေ့ရဘဲ ပုစွန်နှင့် ငါးသေးငါးနုပ်များသာ ရရှိခြင်းဖြစ်လေသည်။ ပုစွန်တွေကို အစားစားခွဲပြီး ရွှေပုစွန်လုပ်ငန်း၊ ငါးပိလုပ်ငန်း၊ ကြက်စာ၊ ဘဲစာလုပ်ငန်း စသည်ဖြင့် ကုန်ချောထုတ်ပြီး ပြည်မသို့ပို့ကာ ကျားပါးစပ်ပိုက်သမားတို့ စီးပွားဖြစ်ကြသည်။

(၂)

"အောင်ကျော်တို့က ကြီးပွားချင်တော့လဲ ချက်ချင်းပဲကွာ။ ပိုက်ကလေးတစ်လုံး စအုပ်ကြည့်ရာက အခုဆို လေးလုံးလောက်ဖြစ်သွားပြီ"

"ကြိုးစားမှုပေါ့ ကိုဘတုတ်ရယ်"

"ခုလဲကြည့်။ ပိုက်တွေဖော်လိုက်တိုင်း ပုစွန်တွေ တောင်ပုံယာပုံပါပဲ"

"ဒါကြောင့် လူတွေက ကျွန်တော့်ကို အကုသိုလ်နဲ့ ထွန်းတယ်လို့ စကြတာလေ။ ကျွန်တော်အောင်မြင်တော့ ကိုဘတုတ်လဲ ဘောက်ဆူးရတာပေါ့ဗျာ"

"ဟုတ်ပါ့ ငါ့ညီလိမ္မာပါတယ်"

အောင်ကျော်နှင့် ဘတုတ် ပိုက်ဖော်လှေကလေးကို တစ္စတ်စ္စတ်ဖိလှော်လိုက်ကြ၏။ ပိုက်ဖော်လှေကလေး မြစ်လယ်ကျောက်ပုံအနီးသို့ ရောက်လာကြ၏။ ကျောက်ဖျာကြီးမှာ မြစ်လယ်တွင် ထီးထီးမားမား တည်ရှိနေ၏။ ကျောက်ကြိုကျောက်ကြားများတွင် ခက်ခဲစွာတွယ်ကပ်ပေါက်ရောက်နေကြသော ဒီရေတောသစ်တစ်ပင်စနှစ်ပင်စ ကြိုးတိုးကြဲတဲသာရှိကြသည်။ ကျားပါးစပ်ပိုက်သမားတွေကတော့ ကျောက်ကြိုကျောက်ကြားများတွင် သစ်သားတိုင်ကလေးတွေ ညှပ်ထောင်ကာ တံငါတဲကလေးဆောက်ဖြစ်ကြ၏။ ဤတံငါတဲကလေးတွေကို အမှီပြုပြီး ပိုက်ထောင်ငါးဖမ်းခြင်းဖြင့် လူမွေးလူတောင် ပြောင်ကြသည်။ တဲကလေးများအတွင်း တီဗီဖန်သားပြင်မှ ကမ္ဘာ့သတင်း၊ မြန်မာ့သတင်း၊ ရုပ်ရှင်၊ ဗီဒီယို၊ ပရီးမီးယားဘောလုံးပွဲကအစ ဖမ်းယူကြည့်ရှုနိုင်ကြပေပြီ။

ကျားပါးစပ်ပိုက်တစ်လုံး၏ ဖွဲ့စည်းပုံမှာ ပိုက်တစ်ဖောင်လုံး၏အလျားသည် ခေါင်းပိုင်းအာထောက်ထားသည့်ပိုက်ထိပ်ဝမှနေ ပိုက်အဖျားပိုင်း ဖင်ဝ(ချေးအိတ်)သို့ထိ ၇၂ တောင်တိတိအရှည်ရှိပေသည်။ ပိုက်ပါးစပ်ပေါက်ဝ ပိုက်ခေါင်းပိုင်း ပိုက်ကွက်မှာ နှစ်လက်မခွဲ အကျယ်ရှိပြီး အမြီးပိုင်းဘက်သို့ တဖြည်းဖြည်းပိုက်ကွက်စိပ်သွားသည်။ အမြီးပိုင်းချေးအိတ်သို့ အရောက်မှာတော့ မျှင်ကောင်သေးသေးနုပ်နုပ်ကလေးတွေ ထွက်မရောက်နိုင်သည့် အနေအထားပင်ဖြစ်ပေသည်။ မျှင်သေးနုပ်နုပ်ကလေးများမှာ အကောင်ဟူ၍မမြင်ရတော့ဘဲ မုန့်ဖတ်လိုသာ အနည်အနှစ်ဖြစ်နေပေတော့သည်။

ကန်ချောထုတ်လုပ်မှုတွင် မျှင်နှင့်ငါးသေးငါးနုပ်များကို နေလှန်း၊ ငါးပိထောင်းပြီး ပုတ်၊ ရိုင်ပတ်တို့ဖြင့် သိုလှောင်ထားတတ်ကြသည်။ ပုစွန်ခြောက်လုပ်ခြင်းဖြင့် ပုစွန်ဖြူများကို အစိမ်းလတ်လတ် ဒယ်အိုး၊ စည်ပိုင်းတို့ဖြင့် ပွက်ပွက်ဆူအောင်ထိ ထည့်ပြုတ်ကြသည်။ ကျက်လောက်သည့်အချိန်တွင် အရည်ညှစ်သွန်ပြီး ပုစွန်ကောင်များကို အခြောက်လှန်းရသည်။ မိုးတွင်းရာသီများဆို သွပ်ပြားပေါ်တင်ပြီး အောက်ကမီးအပူပေးခြင်းဖြင့် သွေ့ခြောက်စေ၏။ ကြွပ်ကြွပ်ခြောက်နေသောပုစွန်ကောင်များကို မြွေရေခွံအိတ်ဖြင့်အနေတော်ထည့်ပြီး အိတ်အဝကို လက်နှစ်ဖက်ဖြင့်စုကိုင်ကာ ကျောက်ပုံ သို့မဟုတ် မာကျောသော အရာတွင် ဘယ်ပြန်ညာပြန်ရိုက်သည်။ အိတ်ထဲထည့်ပြီး တင်းပုတ်ဖြင့်လည်း ထုရိုက်ကြသည်။

ပုစွန်ကောင်များမှာ ကြွပ်ကြွပ်ခြောက်နေပြီဖြစ်၍ ထုရိုက်လိုက်ချိန်တွင် အခွံမာများကြေညက်သွားပြီး ပုစွန်အသားတုံးအကောင်ကလေးများသာ ကျန်တော့သည်။ ရွှေရောင်အဆင်းလို ဝါဝင်းနေသဖြင့် ရွှေပုစွန်ဟုလည်း တင်စားခေါ်ဝေါ်ကြသည်။ အရောင်အဆင်းလှပသကဲ့သို့ အရသာလည်းချိုနေသည်။ ပလတ်စတစ်အိတ်ကလေးများဖြင့် ချိန်တွယ်ထုပ်ပြီး ရောင်းကြ၏။ လက်ဆောင်ပေးကြ၏။

(၃)

ကျားပါးစပ်ပိုက်ခံဖြစ်ရန်အတွက် မြစ်ရေပြင်အောက်ကြမ်းခင်းပြင်တွင် အိမ်ဆောက်သကဲ့သို့ ဆောက်ရသည်။ ရေကြီးရေထရက် ရေစစ်ချိန်တွင် ၁၀ တောင်အရှည်ရှိသော သစ်သားတိုင်နှစ်လုံးကို ၁၀ လံအကွာစီထားပြီး မြစ်ရေပြင်အောက် မြေသားကြမ်းခင်းပြင်ထဲ ထိုးစိုက်ရသည်။ ပိုက်တိုင်စိုက်ပုံမှာ အပေါ်ပိုင်းရှိနေမည့်သစ်သားတိုင်ထိပ်ဝတွင် ကန်တော့သဏ္ဌာန် အခေါင်းပြုလုပ်ထားသောသစ်သားကို ဖိစွပ်ကာ လှေနှစ်စီးလူရှစ်ယောက်ဖြင့် ဖိကာဖိကာဆောင့်ထောင်းချရသည်။

"ဟေးဟေး လာပြီ"

"ဟေးဟေး လာပြီ"

"ဟေးဟေး လာပြီ"

တစ်ယောက်နှင့်တစ်ယောက် ဟန်ချက်ညီစေရန် ငြာသံပေးပြီး ပြိုင်တူထိုးစိုက်ချရသည်။ သစ်သားတိုင်တွေ ၁၀ တောင်အရှည်တွင် ကိုးတောင်လောက်ထိ မြေပြင်ထဲဝင်အောင် ထိုးစိုက်ချရသည်။ ခက်ခဲပင်ပန်းစွာလုပ်ရသောအလုပ်ပင်ဖြစ်သည်။ တိုင်နှစ်လုံးထိုးစိုက်ပြီးချိန်တွင် ရေအောက်မြေသားကြမ်းခင်းပြင်၌ တိုင်နှစ်တိုင်ထိပ်ဖျားမှာ အပေါက်ဖောက်ကာ သစ်သားကလန့်တစ်ချောင်းကို ကန့်လန့်ဖြတ်ထည့်ပေးထားရသည်။ ထိုသစ်သားတိုင်ကလန့်တွင် ၁၂ မီတာ အဏ္ဏဝါကြိုးဖြင့်ချည်ပြီး ကျားပါးစပ်ပိုက်ကို တွဲပေးလိုက်ခြင်းဖြင့် ကျားပါးစပ်ပိုက်ထောင်ပြီးသားဖြစ်သွားတော့သည်။

ရေကြမ်းကြမ်းတက်ချိန် ရေကြမ်းကြမ်းကျချိန်တွင် ရေဆွဲအားပြင်းသဖြင့် ပိုက်သည် ရေပြင်အောက်တွင် စင်းစင်းကြီးဖြစ်နေ၏။ ရေတိုင်ချိန် ရေစစ်ချိန်များတွင်သာ ရေဆွဲအားမရှိ ရေငြိမ်နေချိန်ဖြစ်၍ ရေပြင်ပေါ်တက်လာခြင်းဖြစ်သည်။ ဤအချိန်များတွင် ပိုက်အိတ်ထဲမှ ငါး၊ ပုစွန်များကို ဖွင့်ထုတ်ယူခြင်းဖြစ်ပေသည်။

(၄)

"ခင်ဖြူရေ ဒီနားခဏလာပါအုံးဟာ"

"ဒီလောက်အလုပ်များနေတဲ့အထဲ ဘာလဲ"

"မိန်းမကလဲ အကင်းမပါးဘူး။ တိုးတိုးလေး ခေါ်နေတဲ့ဥစ္စာ"

စာမျက်နှာ ၂၅ သို့ á

မော်လိုက်ခရိုင်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မြေထောက်ပဲ ဧက ၉၁၇၀ စိုက်ပျိုးမည်

ယခင်နှစ် မြေထောက်ပဲစိုက်ခင်းကို တွေ့ရစဉ်။

မော်လိုက် စက်တင်ဘာ ၉

စစ်ကိုင်းတိုင်းဒေသကြီး မော်လိုက်ခရိုင်တွင် လာမည့် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မြေထောက်ပဲ ဧက ၉၁၇၀ စိုက်ပျိုးမည်ဖြစ်ကြောင်း မော်လိုက်ခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မော်လိုက်ခရိုင်တွင် မြေထောက်ပဲစိုက်ပျိုးရန်အတွက် မြို့နယ်အလိုက် လျာထားမှုအနေဖြင့် မော်လိုက်မြို့နယ်တွင် ၂၁၃၅ ဧကနှင့် ဖောင်းပြင်မြို့နယ်တွင် ၇၀၃၅ ဧက စုစုပေါင်း ဧက ၉၁၇၀ တို့ဖြစ်ကြောင်းနှင့် အဆိုပါစိုက်ပျိုးမှုကို လာမည့်အောက်တိုဘာလမှစတင်၍ စိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ မော်လိုက်ခရိုင်မှာ မြေထောက်ပဲ ဧက ၉၀၀၀ ကျော် စိုက်ပျိုးဖို့အတွက် လျာထားပါတယ်။ လျာထားဧကပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့အတွက် ဆောင်ရွက်သွားမယ်။ မြေထောက်ပဲ အထွက်နှုန်းနဲ့ အရည်အသွေးကောင်းမွန်ဖို့အတွက် လိုအပ်တဲ့မျိုးကောင်းမျိုးသန့်တွေ၊ သွင်းအားစုတွေ၊ ရိတ်သိမ်းချိန်လွန် နည်းပညာပေးတာတွေကို တောင်သူတွေနဲ့ ပူးပေါင်းပြီးတော့ ဆောင်ရွက်ပေးသွားမယ်"ဟု မော်လိုက်ခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ကြွယ်ကြွယ်လှိုင်က ပြောပြသည်။

ယခုနှစ် မော်လိုက်ခရိုင်တွင် မြေထောက်ပဲစိုက် တောင်သူများ အနေဖြင့် စိုက်ဧကများ တိုးချဲ့စိုက်ပျိုးနိုင်ရေး၊ အထွက်နှုန်းကောင်းမွန်ရေး၊ GAPနည်းစနစ်ဖြင့် စိုက်ပျိုးရေး၊ မျိုးကောင်းမျိုးသန့်များစိုက်ပျိုးရေး၊ အထွက်နှုန်းကောင်းမွန်သည့်မျိုးများကို စိုက်ပျိုးနိုင်ရေးအတွက် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

မြေထောက်ပဲ အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်းစားသုံးမှု ဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိကာ လူမှုစီးပွားဘဝများ မြင့်မားတိုးတက်လာမည်ဖြစ်သောကြောင့် မြေထောက်ပဲကို ဒေသမရွေး ပိုမိုတိုးချဲ့ စိုက်ပျိုးသင့်ကြောင်း မော်လိုက်ခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ကြွယ်ကြွယ်လှိုင်က ပြောပြ၍ သိရသည်။

(၂၀၆)

လပွတ္တာမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ သြဂုတ်လအတွင်း ရောဘဝဲပိသာချိန်အများအပြား တင်ပို့ရောင်းချနိုင်ခဲ့

လပွတ္တာ စက်တင်ဘာ ၉

ဧရာဝတီတိုင်းဒေသကြီး လပွတ္တာမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ သြဂုတ်လအတွင်း ရောဘဝဲပိသာချိန် အများအပြား တင်ပို့ ရောင်းချနိုင်ခဲ့ကြောင်း လပွတ္တာမြို့နယ် ရေထွက်ကုန် ပစ္စည်းများရောင်းဝယ်ရေး ပွဲရုံ ပိုင်ရှင် ဒေါ်သန်းသန်းဌေးက ပြောပြသည်။

လပွတ္တာမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇူလိုင်လအတွင်းက ရောဘဝဲပိသာချိန် ၄၅၀၀၀ သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး သြဂုတ်လအတွင်းရောဘဝဲပိသာချိန် ၆၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း၊ အဆိုပါဒေသမှ ရောဘဝဲများကို ရန်ကုန်ဈေးကွက်က အဝယ်လိုက်နေကြောင်း သိရသည်။

"ဒေသထွက် ရေထွက်ကုန်တွေကို ရန်ကုန်ဈေးကွက်ကိုပဲ အများဆုံး တင်ပို့ရောင်းချနေပါတယ်။ ပြီးခဲ့တဲ့ သြဂုတ်လအတွင်း ရောဘဝဲ ပိသာချိန် ၆၅၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရပါတယ်။ တင်ပို့ရောင်းချခဲ့တဲ့ ရောဘဝဲတွေရဲ့ လတ်ဆတ်မှု၊ အရွယ်အစားနဲ့ အလေးချိန်ပေါ်မူတည်ပြီး ဈေးအပြောင်းအလဲရှိပါတယ်။ လက်ရှိမှာလဲ ရောဘဝဲတွေ အဝယ်လိုက်နေပါတယ်။ ဒီဘက်ကနေတင်ပို့တဲ့ ရောဘဝဲတွေကို ဒေသဈေးကွက်အပြင် အခြားဒေသတွေကို ပြန်လည်တင်ပို့ ရောင်းချနေပါတယ်" ဟု လပွတ္တာမြို့နယ် ရေထွက်ကုန်ပစ္စည်းများရောင်းဝယ်ရေး ပွဲရုံ ပိုင်ရှင် ဒေါ်သန်းသန်းဌေးက ပြောပြသည်။

လပွတ္တာမြို့နယ်မှတင်ပို့ရောင်းချခဲ့သည့်ရောဘဝဲလက်တိုတစ်ကီလိုလျှင် ငွေကျပ် ၂၄၅၀၀၊ ရောဘဝဲလက်ရှည် တစ်ကီလိုလျှင်ငွေကျပ် ၂၇၀၀၀ ထိ ပေါက်ဈေးရှိကြောင်း သိရသည်။ **ကျော်ကျော်လင်း**

á **စာမျက်နှာ ၂၄ မှအဆက်**

"ယောက်ျားကလဲ ပြောမှာသာပြောစမ်းပါ။ နေလှန်းထားတဲ့ ပုစွန်တွေ ကလော်ပေးရအုံးမယ်လေ"

ခင်ဖြူပြောရင်း လင်တော်မောင် အောင်ကျော်အနီးသို့ ရောက်လာ၏။

"ကဲ ပြောမယ် နားထောင်။ မိန်းမဝမ်းကြာတိုက်က ကလေးလေးဟာ လာဘ်ကောင်လေးကွ သိလား"

"ဒါလေး မင်းဗိုက်ထဲရောက်ကတည်းက ပိုက်ဖော်လိုက်တိုင်း ပုစွန်တွေချည်း လှေအပြည့်ပဲ"

"ယောက်ျားက တော်တာကိုး"

ယောက်ျားတွေသည်းခြေကြိုက် ဇနီးမယားဏ၀ စကားတစ်ခွန်း အောင်ကျော် နှလုံးအိမ်ထဲ အပြိုလိုက်ဝင်သွားသည်။ အောင်ကျော် ကျေနပ်လိုက်သည့်ဖြစ်ခြင်း။

"ငါကွ"

အောင်ကျော် လက်သီးကို ခေါင်းပေါ်မြှောက်တင်လိုက်ပြီး လှိုက်မောသံကြီးနဲ့ အော်ပစ်လိုက်သည်။

"ဟေ့ကောင် အောင်ကျော် ဘာအရူးထနေတာလဲ။ မင်းဟာမင်း မဟုတ်လို့ ဘယ်သူဖြစ်နေမှာမို့လဲ"

အောင်ကျော်အသံကြောင့် ဘတုတ် ကြက်စာလှန်းနေရာမှ မော့ကြည့်ရင်းပြောလိုက်သည်။

"ကိုဘတုတ် ခင်ဗျား မသိပါဘူး"

"ဒါဖြင့် ဘယ်သူသိတာလဲ"

"ခင်ဖြူ သိတယ်"

"ဟား ဟား ဟား ဟား ဟား"

"ဟိ ဟိ ဟိ ဟိ ဟိ"

အောင်ကျော်စကားကြောင့် ငါးရွေး၊ ငါးပိထောင်း၊ ပုစွန်နေလှန်း ပိုက်အလုပ်သမားများ ဟား ဟား ဟိ ဟိရယ်သံများ လွှမ်းသွားပေတော့သည်။

"တော်ကြပါစို့ဗျာ။ အကုန်လုံးကို ကျေးဇူးတင်ပါတယ်။ အကုန်လုံးကိုလဲ ဒီရေမှာ ဘောက်ဆူးပေးမယ်ဗျာ"

အောင်ကျော်စကားကြောင့် ဘဝတူအလုပ်သမများ မျက်နှာပြင် အသီးသီးတွင် ကျေနပ်ရိပ်များ ဖုံးလွှမ်းသွားကြလေတော့သည်။

စမ်းရေနဲ့ အဆိပ်

- အချစ်ဆိုတာ စမ်းရေအေးပါပဲ
  အပန်းဖြေဆေး တစ်ခွက်နှယ်၊
  များသူငါ သုံးသောက်တိုင်း
  ပြီးလောက်ပေတယ်၊
  သုံးသမျှ အမြဲကွယ်
  အသည်းဝယ် အေးမြလိမ့်၊
  အချစ် မေတ္တာ ထုံးဖွဲ့ ပေသမို့
  သုံးတဲ့သူ အမှားမတွေ့
  အားပြည့်ပါချိမ့်။

- အမုန်းဆိုတာ နိမိတ်မလှ
  အဆိပ်တမျှ ဘေးရန်တည်၊
  အမုန်းကို သုံးကြတိုင်း
  ရှုံးရပေမည်၊
  သုံးသူတိုင်း ရှင်မကြည်
  ရင်ဆီမှာ ပူလောင်လိမ့်၊
  အာဃာတ အငြိုးဖွဲ့မို့
  အဆိုးချဲ့ကာ အမြတ်မကိန်းဘဲ
  ဇာတ်သိမ်းရချိမ့်။

- အချစ်တစ်ခွက်နဲ့ အမုန်းတစ်ခု
  အသုံးပြုဖို့ တို့ရွေးချယ်၊
  စမ်းရေနဲ့ အဆိပ်ခဲပမာမို့
  စိတ်ထဲမှာ အသိမမှားအောင်
  သတိထားရမယ်၊
  အချစ်ပဲ သုံးကြကွယ်
  အမုန်းစရယ် ဖြတ်စေတော့၊
  အချစ်စမ်းရေ သုံးသမျှ
  အညစ်အနွမ်းတွေ သုဉ်းပလို့
  အိုကွယ်...
  ပြုံးရမှာပေါ့။ ။

လွမ်းလေးကို(သရက်)

ဘားအံမြို့နယ် တဝန်တာကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

ဘားအံ စက်တင်ဘာ ၉

ကရင်ပြည်နယ် ဘားအံခရိုင် ဘားအံမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက မြစိမ်းရောင်ကျေးရွာ စီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် တဝန်တာကျေးရွာ၌ ပဉ္စမအကြိမ် မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ထုတ်ချေးခြင်းကို စက်တင်ဘာ ၈ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ဘားအံမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်တင်ဇာလီထွန်းက ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့် မြစိမ်းရောင်ကျေးရွာစီမံကိန်းကို ကျေးလက်နေပြည်သူများ ဆင်းရဲမှုလျော့ကျစေရန်နှင့် တစ်နိုင်တစ်ပိုင် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ၊ အခြားမိသားစုဝင်ငွေတိုးပွားရေး လုပ်ငန်းများ ဆောင်ရွက်နိုင်စေရန် ရည်ရွယ်၍ အကောင်အထည်ဖော်ဆောင်ရွက်ခြင်းဖြစ်ကြောင်း သိရသည်။

ထို့နောက် ဘားအံမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိနှင့် ဝန်ထမ်းများက တဝန်တာကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၁၀ ဦး၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၁၇ ဦး၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ၁၄ ဦး၊ အခြားလုပ်ငန်းလုပ်ကိုင်သူ ခြောက်ဦး စုစုပေါင်း အသင်းသား၊ အသင်းသူ ၄၇ ဦးကို စီမံကိန်းရန်ပုံငွေကျပ် သိန်း ၄၂၀ ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။ **ကိုသက်**

စနစ်သစ်နှင့် ရွေးကောက်ပွဲဆီသို့ (၃)

မဲဆန္ဒရှင်တစ်ဦး

နိဒါန်း

ရွေးကောက်ပွဲများတွင် ဥပဒေနှင့်အညီ မဲပေးခွင့်နှင့် လွှတ်တော်ကိုယ်စားလှယ်လောင်းအဖြစ် ဝင်ရောက်ယှဉ်ပြိုင်ခွင့်သည် ဖွဲ့စည်းပုံအခြေခံဥပဒေက ပေးအပ်ထားသည့် အခွင့်အရေးဖြစ်သလို ဒီမိုကရေစီအခြေခံအခွင့်အရေးလည်း ဖြစ်ပါသည်။ ဤအခွင့်အရေးကို ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၃၈ (က)၊ ပုဒ်မ ၃၆၉ (က) နှင့် ပုဒ်မ ၃၉၅ တို့တွင် ပြဋ္ဌာန်းပေးထားပါသည်။ ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကြီးကို ၂၈-၁၂-၂၀၂၅ ရက်တွင် စတင်ကျင်းပမည်ဖြစ်ရာ ရွေးကောက်ပွဲတွင် လွှတ်တော်မဲဆန္ဒနယ်အလိုက် နိုင်ငံရေးပါတီကိုယ်စားပြုလွှတ်တော်ကိုယ်စားလှယ်လောင်းများနှင့် တစ်သီးပုဂ္ဂလ လွှတ်တော်ကိုယ်စားလှယ်လောင်းများ ဝင်ရောက်ယှဉ်ပြိုင်ကြမည်ဖြစ်ပါသည်။ ဤဆောင်းပါးတွင် လွှတ်တော်ကိုယ်စားလှယ်လောင်းအမည်စာရင်း တင်သွင်းခြင်းဆိုင်ရာ သိသင့်သိထိုက်သည်များကို ရေးသားတင်ပြသွားမည်ဖြစ်ပါသည်

စနစ်သစ်နှင့်ရွေးကောက်ပွဲ

ရွေးကောက်ပွဲဥပဒေ၊ နည်းဥပဒေများအရ ပြည်သူ့လွှတ်တော်အတွက် ယခင်အတိုင်း FPTP စနစ်၊ အမျိုးသားလွှတ်တော်နှင့် တိုင်းဒေသကြီး၊ ပြည်နယ်လွှတ်တော်များအတွက် FPTP စနစ်နှင့် PR စနစ်ကို ပေါင်းစပ်ထားသည့် MMP စနစ်ဖြင့် ကျင်းပသွားမည်ဖြစ်ပါသည်။ MMP စနစ်ဆိုသည်မှာ ရောနှောထားသည့်စနစ်များအုပ်စုတွင် ပါဝင်သည့် ရွေးကောက်ပွဲစနစ်တစ်မျိုးဖြစ်ပါသည်။ မတူညီသော ရွေးကောက်ပွဲစနစ်နှစ်မျိုးကို ကျင့်သုံးခြင်းဖြစ်သည်။ သာမန်အားဖြင့် ဗဟုအများစုကိုယ်စားပြုစနစ်နှင့် အချိုးကျကိုယ်စားပြုစနစ်တို့ကို ပေါင်းစပ်ကျင့်သုံးခြင်းဖြစ်သည်။ အဓိကအားဖြင့် FPTP စနစ်နှင့် PR စနစ်တို့ကို ပေါင်းစပ်ပြီး မဲဆန္ဒနယ်နှင့် ရွေးကောက်ရမည့် လွှတ်တော်ကိုယ်စားလှယ်အရေအတွက်ခွဲခြား၍ ကျင့်သုံးခြင်းဖြစ်ပါသည်။ ရွေးကောက်ပွဲစနစ်နှစ်မျိုး ပေါင်းစပ်ကျင့်သုံးမည်ဖြစ်သဖြင့် လွှတ်တော်ကိုယ်စားလှယ်လောင်း အမည်စာရင်းတင်သွင်းခြင်း လုပ်ငန်းစဉ်လည်း အနည်းငယ် ကွဲပြားသွားမည်ဖြစ်ပါသည်။

လွှတ်တော်မဲဆန္ဒနယ်များ

ရွေးကောက်ပွဲတွင် ပြည်သူ့လွှတ်တော်အတွက် FPTP မဲဆန္ဒနယ် ၃၃၀ နယ်မှ ကိုယ်စားလှယ် ၃၃၀ ဦး၊ အမျိုးသားလွှတ်တော်အတွက် FPTP မဲဆန္ဒနယ် ၈၄ နယ်မှ ကိုယ်စားလှယ် ၈၄ ဦးနှင့် PR မဲဆန္ဒနယ် ၂၄ နယ်မှ ကိုယ်စားလှယ် ၈၄ ဦး၊ တိုင်းဒေသကြီးလွှတ်တော်၊ ပြည်နယ်လွှတ်တော်များအတွက် FPTP မဲဆန္ဒနယ် ၃၂၂ နယ်မှ ကိုယ်စားလှယ် ၃၂၂ ဦး၊ PR မဲဆန္ဒနယ် ၄၂ နယ်မှ ကိုယ်စားလှယ် ၃၂၂ ဦးနှင့် တိုင်းရင်းသားလူမျိုးမဲဆန္ဒနယ် ၂၉ နယ်မှ ကိုယ်စားလှယ် ၂၉ ဦး၊ စုစုပေါင်း မဲဆန္ဒနယ် ၈၃၃ နယ်မှ ကိုယ်စားလှယ် ၁၁၇၁ ဦး ရွေးကောက်တင်မြှောက်မည်ဖြစ်ပါသည်။ (တိုင်းဒေသကြီး၊ ပြည်နယ်အလိုက် မဲဆန္ဒနယ်စာရင်းနှင့် လွှတ်တော်ကိုယ်စားလှယ်အရေအတွက်စာရင်းကို ဇယားဖြင့် ဖော်ပြထားပါသည်။)

လွှတ်တော်ကိုယ်စားလှယ်လောင်းအရည်အချင်းကိုက်ညီရန်လို

ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၉၅ တွင် ဤဖွဲ့စည်းပုံအခြေခံဥပဒေပြဋ္ဌာန်းချက်များအရသော် လည်းကောင်း၊ ရွေးကောက်တင်မြှောက်ခြင်းဆိုင်ရာ ဥပဒေပါ အရည်အချင်း ပျက်ယွင်းသူမဟုတ်ပါက နိုင်ငံသားတိုင်းသည် လွှတ်တော်တစ်ရပ်ရပ်သို့ ရွေးကောက်တင်မြှောက်ခံပိုင်ခွင့်ရှိသည်ဟု ပြဋ္ဌာန်းထားပါသည်။ လွှတ်တော်ကိုယ်စားလှယ်လောင်းတစ်ဦးသည် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၁၂၀၊ ပုဒ်မ ၁၅၂၊ ပုဒ်မ ၁၆၉ တို့နှင့် ယင်းပုဒ်မများက ဆင်းသက်သည့် လွှတ်တော်ရွေးကောက်ပွဲဥပဒေပုဒ်မ ၈ ပါ အရည်အချင်းများနှင့် ပြည့်စုံသူဖြစ်ရမည်။ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၂၁ နှင့် ယင်းပုဒ်မက ဆင်းသက်သည့် လွှတ်တော်ရွေးကောက်ပွဲ ဥပဒေပုဒ်မ ၁၀ ပါ ပြဋ္ဌာန်းချက်များနှင့် ငြိစွန်းသူမဖြစ်ရန်လည်း လိုအပ်သည်။ ထို့ပြင် လွှတ်တော်ရွေးကောက်ပွဲဥပဒေအရ ရွေးကောက်တင်မြှောက်ခံပိုင်ခွင့်မရှိသည် အရည်အချင်းပျက်ယွင်းသူ မဖြစ်ရန်လည်း အရေးကြီးသည်။ မတရားအသင်းများ၊ အကြမ်းဖက်အဖွဲ့အစည်းများ၊ သောင်းကျန်းသူအဖွဲ့အစည်းများ၊ ယင်းအဖွဲ့အစည်းဝင်များနှင့် အဆက်အသွယ်ရှိနေသူများ မပါစေရန် သတိပြုစိစစ်ရပါမည်။

သက်ဆိုင်ရာမဲဆန္ဒနယ်၏ မဲစာရင်းတွင် အမည်ပါဝင်ရန်လို

လွှတ်တော်ရွေးကောက်ပွဲဥပဒေများကို ဆဋ္ဌမအကြိမ် ပြင်ဆင်သည့်ဥပဒေတွင် ရွေးကောက်တင်မြှောက်ခံပိုင်ခွင့်ရှိသူ ပြဋ္ဌာန်းချက် ပုဒ်မ ၈ တွင် အချက် ၃ ချက် ထပ်မံဖြည့်စွက်ထားကြောင်း သတိပြုရပါမည်။

ပုဒ်မ ၈(က) (၃) အရ လွှတ်တော်ကိုယ်စားလှယ်လောင်းသည် မိမိရွေးကောက်ပွဲဝင်ရောက် ယှဉ်ပြိုင်မည့် မဲဆန္ဒနယ်၏ မဲစာရင်းတွင် အမည်ပါဝင်ရန်လိုအပ်သည်။ ရည်ရွယ်ချက်နှင့် အနှစ်သာရမှာ မဲဆန္ဒနယ်တွင် နေထိုင်သူဖြစ်ပြီး ဒေသအကျိုးကို နီးနီးကပ်ကပ် ဆောင်ရွက်ပေးနိုင်ရန်ဖြစ်သည်။ လွှတ်တော်ကိုယ်စားလှယ်လောင်းသည် မိမိမဲဆန္ဒနယ်တွင် ဆန္ဒမဲပေးကြမည့် မဲဆန္ဒရှင်များနှင့်အတူ တကွ မဲပေးနိုင်မည့်အခွင့်အရေးလည်း ဖြစ်သည်။

MMP စနစ်အရ လွှတ်တော်အလိုက် မဲဆန္ဒနယ်အမျိုးအစား နှစ်မျိုးရှိသည်။ ကိုယ်စားလှယ်တစ်ဦးစီ ရွေးကောက်တင်မြှောက်ရမည့် FPTP မဲဆန္ဒနယ်များနှင့် တစ်ဦးထက်ပိုသော ကိုယ်စားလှယ်များကို ရွေးကောက်တင်မြှောက်ရမည့် PR မဲဆန္ဒနယ်များ ဖြစ်သည်။ မဲဆန္ဒနယ်များ၏ ပုံသဏ္ဌာန်သုံးမျိုး ရှိသည်။ မြို့နယ်တစ်မြို့နယ်လျှင် မဲဆန္ဒနယ်တစ်နယ်သတ်မှတ်သည့်ပုံစံ၊ တစ်ဆက်တစ်စပ်တည်း ရှိသော မြို့နယ်များကို စုစည်း၍ မဲဆန္ဒနယ်တစ်နယ်သတ်မှတ်သည့်ပုံစံ၊ တိုင်းဒေသကြီး၊ ပြည်နယ် တစ်ခုလုံးကို မဲဆန္ဒနယ် တစ်နယ် သတ်မှတ်သည့်ပုံစံ တို့ဖြစ်သည်။

လွှတ်တော်ကိုယ်စားလှယ်လောင်းသည် ယခင်ကတည်းက အိမ်ထောင်စုလူဦးရေစာရင်း ပုံစံ (၆၆/၆) ဖြင့် မဲဆန္ဒနယ်အတွင်းရှိမြို့နယ်တစ်ခုခုတွင် နေထိုင်သူဖြစ်ပါက မူလကတည်းက မဲစာရင်းတွင် ပါဝင်ပြီး ဖြစ်ပါမည်။ မဲဆန္ဒနယ်ပြင်ပ အခြားမြို့နယ်မှ ပုဂ္ဂိုလ်ဖြစ်ပါက လွှတ်တော်ကိုယ်စားလှယ်လောင်း အမည်စာရင်း မတင်သွင်းမီ လုပ်ထုံးလုပ်နည်းနှင့် အညီ ပုံစံ (၆၆/၆) ပြောင်းရွှေ့ပြီး မဲစာရင်းတွင် ပါဝင်အောင် အချိန်မီဆောင်ရွက်သွားရန် လိုအပ်သည်။ မဲစာရင်းတွင်ပါဝင်ကြောင်း သက်ဆိုင်ရာ ကော်မရှင်အဖွဲ့ခွဲ၏ထောက်ခံချက်ကို အမည်စာရင်းတင်သွင်းလွှာပုံစံ (၆) တွင် ရယူထားရန်လည်း လိုအပ်သည်။

❖ ရွေးကောက်ပွဲဥပဒေ၊ နည်းဥပဒေများအရ ပြည်သူ့လွှတ်တော်အတွက် ယခင်အတိုင်း FPTP စနစ်ကို အမျိုးသားလွှတ်တော်နှင့် တိုင်းဒေသကြီး၊ ပြည်နယ်လွှတ်တော်များအတွက် FPTP စနစ်နှင့် PR စနစ်ကို ပေါင်းစပ်ထားသည့် MMP စနစ်ဖြင့် ကျင်းပသွားမည်ဖြစ်ပါသည်။ MMP စနစ်ဆိုသည်မှာ ရောနှောထားသည့်စနစ်များအုပ်စုတွင် ပါဝင်သည့် ရွေးကောက်ပွဲစနစ်တစ်မျိုးဖြစ်ပါသည်။ မတူညီသော ရွေးကောက်ပွဲစနစ်နှစ်မျိုးကို ကျင့်သုံးခြင်းဖြစ်သည်။ သာမန်အားဖြင့် ဗဟုအများစုကိုယ်စားပြုစနစ်နှင့် အချိုးကျကိုယ်စားပြုစနစ်တို့ကို ပေါင်းစပ်ကျင့်သုံးခြင်းဖြစ်သည်။ အဓိကအားဖြင့် FPTP စနစ်နှင့် PR စနစ်တို့ကို ပေါင်းစပ်ပြီး မဲဆန္ဒနယ်နှင့် ရွေးကောက်ရမည့် လွှတ်တော်ကိုယ်စားလှယ်အရေအတွက်ခွဲခြား၍ ကျင့်သုံးခြင်းဖြစ်ပါသည်။ ရွေးကောက်ပွဲစနစ်နှစ်မျိုး ပေါင်းစပ်ကျင့်သုံးမည်ဖြစ်သဖြင့် လွှတ်တော်ကိုယ်စားလှယ်လောင်း အမည်စာရင်းတင်သွင်းခြင်း လုပ်ငန်းစဉ်လည်း အနည်းငယ် ကွဲပြားသွားမည်ဖြစ်ပါသည်။ ❖

အခြေခံပညာအထက်တန်းဆင့် ပြီးမြောက်သူ ဖြစ်ရမည်

ရွေးကောက်ပွဲဥပဒေ ပုဒ်မ ၈ (ဂ) အရ လွှတ်တော်ကိုယ်စားလှယ်လောင်းတစ်ဦးသည် အနိမ့်ဆုံး ပညာအရည်အချင်း အခြေခံပညာအထက်တန်းဆင့် ပြီးမြောက်သူဖြစ်ရပါမည်။ ရှင်းလင်းချက် အခြေခံပညာအထက်တန်းဆင့် ပြီးမြောက်သူဆိုသည်မှာ တက္ကသိုလ်ဝင်စာမေးပွဲ အောင်မြင်ခြင်းမရှိသော်လည်း အခြေခံပညာအထက်တန်းဆင့် ဘာသာရပ်အားလုံးကို သင်ယူပြီးမြောက်ခဲ့သူကို ဆိုပါသည်။ ဤပြဋ္ဌာန်းချက်နှင့် တိုက်ဆိုင်နေသူဖြစ်ပါက သက်ဆိုင်ရာ ကျောင်း/ဌာန၏ ထောက်ခံချက် သို့မဟုတ် အခြေခံပညာအထက်တန်းဆင့် သင်ယူပြီးမြောက်ကြောင်းလက်မှတ် တင်ပြရန် လိုအပ်သည်။ တက္ကသိုလ်ဝင်တန်း အောင်မြင်ပြီးသူများ၊ တက္ကသိုလ် အတန်းတစ်ခုခုတွင် တက်ရောက်နေသူများ၊ တက်ရောက်ဖူးသူများ၊ အစိုးရအသိအမှတ်ပြု တက္ကသိုလ်၊ ကောလိပ်မှ ဘွဲ့ရသူများအတွက် မိမိ၏ပညာအရည်အချင်း လက်မှတ်တစ်ခုခု တင်ပြရန် လိုအပ်ပါသည်။

နိုင်ငံတော်နှင့် ပုဂ္ဂလိကသို့ မသင့်လျော်သည့် ပေးရန်တာဝန်များ ကင်းရှင်းသူ

ရွေးကောက်ပွဲဥပဒေပုဒ်မ ၈ (ဃ) အရ လွှတ်တော်ကိုယ်စားလှယ်လောင်းတစ်ဦးသည် နိုင်ငံတော်နှင့် ပုဂ္ဂလိကသို့ မသင့်လျော်သည့် ပေးရန်တာဝန်များ ကင်းရှင်းသူဖြစ်ရန် လိုပါသည်။ အထူးသတိပြုရန်လိုအပ်ပါသည်။ လွှတ်တော်ကိုယ်စားလှယ်လောင်း အမည်စာရင်း တင်သွင်းလွှာနှင့်အတူ လွှတ်တော်ကိုယ်စားလှယ်လောင်းကိုယ်တိုင်က နိုင်ငံတော်နှင့် ပုဂ္ဂလိကသို့ မသင့်လျော်သည့် ပေးရန်တာဝန်များ ကင်းရှင်းသူ ဖြစ်ကြောင်း ကိုယ်တိုင်ဝန်ခံချက် ပူးတွဲတင်ပြရပါမည်။ လွှတ်တော်ကိုယ်စားလှယ်လောင်း အမည်စာရင်း စိစစ်ချိန်တွင် ဤပုဒ်မနှင့်ငြိစွန်းကြောင်း ကန့်ကွက်ခံရပြီး မှန်ကန်ပါက လွှတ်တော်ကိုယ်စားလှယ်လောင်း အရည်အချင်း ပျက်ယွင်းသွားမည်ဖြစ်ပါသည်။ လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခံရပြီးမှ ဤပုဒ်မနှင့်ငြိစွန်းကြောင်း တိုင်ကြားခံရလျှင်လည်း ရွေးကောက်ပွဲခုံအဖွဲ့ဖြင့် စစ်ဆေးချိန်တွင် မှန်ကန်ကြောင်း ပေါ်ပေါက်ပါက လွှတ်တော်ကိုယ်စားလှယ်အဖြစ် ဆက်လက်ရပ်တည်ပိုင်ခွင့် ရှိမည်မဟုတ်ကြောင်း သတိချပ်စေလိုပါသည်။

အမည်စာရင်းတင်သွင်းရမည့်သတ်မှတ်နေ့ရက်

မဲဆန္ဒနယ်အသီးသီးအတွက် ကိုယ်စားလှယ်လောင်းအမည်စာရင်း စတင်တင်သွင်းနိုင်သည့် ရက်မှာ ၈-၉-၂၀၂၅ ရက်ဖြစ်ပြီး နောက်ဆုံးတင်သွင်းရမည့်ရက်မှာ ၁၇-၉-၂၀၂၅ ရက်ထိ ၁၀ ရက်ဖြစ်ပါသည်။ အမည်စာရင်းတင်သွင်းလွှာကို ရုပ်သိမ်းလိုက ရုပ်သိမ်းနိုင်သည့်နောက်ဆုံးရက်မှာ ၁၂-၉-၂၀၂၅ ရက်ဖြစ်ပါသည်။ PR မဲဆန္ဒနယ်များအတွက် အမည်စာရင်းရုပ်သိမ်းပါက ပြန်လည်အစားထိုး တင်သွင်းရမည့်ရက်မှာ ၁၃-၉-၂၀၂၅ ရက်မှ ၁၇-၉-၂၀၂၅ ရက်ထိ ဖြစ်ပါသည်။

ကော်မရှင်က သတ်မှတ်ကြေညာလိုက်သည့်ရက်အတွင်း ကိုယ်စားလှယ်လောင်း အမည်စာရင်း တင်သွင်းခြင်း ဆောင်ရွက်ရမည်ဖြစ်ပါသည်။ လွှတ်တော်ကိုယ်စားလှယ်လောင်းများ အမည်စာရင်း တင်သွင်းခြင်းအတွက် သက်ဆိုင်ရာကော်မရှင်အဖွဲ့ခွဲများ၊ သက်ဆိုင်ရာမြန်မာ့စီးပွားရေးဘဏ်ခွဲများနှင့် တရားရုံးများကို ရုံးပိတ်ရက်တွင်း ဖွင့်လှစ်ပေးရန် ညှိနှိုင်းဆောင်ရွက်ပေးသွားမည်ဖြစ်ပါသည်။

အမည်စာရင်းတင်သွင်းရမည့်ကော်မရှင်အဖွဲ့ခွဲများ

ပြည်သူ့လွှတ်တော် FPTP မဲဆန္ဒနယ်တွင် ဝင်ရောက်ယှဉ်ပြိုင်မည့် ကိုယ်စားလှယ်လောင်းသည် မဲဆန္ဒနယ်နှင့်သက်ဆိုင်သည့် ပြည်ထောင်စုနယ်မြေကော်မရှင်အဖွဲ့ခွဲ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း၊ ဒေသကော်မရှင်အဖွဲ့ခွဲ၊ ခရိုင်ကော်မရှင်အဖွဲ့ခွဲတွင် အမည်စာရင်း တင်သွင်းရမည်။

အမျိုးသားလွှတ်တော် FPTP နှင့် PR မဲဆန္ဒနယ်များအတွက် သက်ဆိုင်ရာတိုင်းဒေသကြီး၊ ပြည်နယ်ကော်မရှင်အဖွဲ့ခွဲတွင် အမည်စာရင်း တင်သွင်းရပါမည်။ အထူးသတိပြုရန်မှာ FPTP မဲဆန္ဒနယ်တွင် ပါတီကိုယ်စားပြု ကိုယ်စားလှယ်လောင်း ဝင်ရောက်ယှဉ်ပြိုင်သည့် ပါတီများသည် ယင်း FPTP မဲဆန္ဒအကျုံးဝင်သည့် PR မဲဆန္ဒနယ်အတွက်လည်း ရွေးကောက်တင်မြှောက်ရမည့် ကိုယ်စားလှယ်အရေအတွက်အတိုင်း တစ်ဆက်တည်းအမည်စာရင်း တင်သွင်းရပါမည်။ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း၊ဒေသ တစ်ခုစီအတွက် FPTP မဲဆန္ဒနယ်တစ်နယ်စီသီးခြား ပါဝင်ပြီး ယင်း FPTP မဲဆန္ဒနယ်တွင် ဝင်ရောက်

စာမျက်နှာ ၂၇ သို့ á

á စာမျက်နှာ ၂၆ မှအဆက်

ယှဉ်ပြိုင်ကြမည့် ကိုယ်စားလှယ်လောင်းများသည် သက်ဆိုင်ရာကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း၊ ဒေသ ရရှိထားသည့် တိုင်းရင်းသားလူမျိုးများ ဖြစ်သင့်ပါသည်။

တိုင်းဒေသကြီး၊ ပြည်နယ်လွှတ်တော် FPTP နှင့် PR မဲဆန္ဒနယ်များအတွက် ကော်မရှင်က သတ်မှတ်ပေးသည့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း၊ ဒေသ ကော်မရှင်အဖွဲ့ခွဲ သို့မဟုတ် ခရိုင်ကော်မရှင်အဖွဲ့ခွဲတွင် အမည်စာရင်းတင်သွင်းရပါမည်။ အမျိုးသားလွှတ်တော်နည်းတူ FPTP မဲဆန္ဒနယ်နှင့် PR မဲဆန္ဒနယ်များအတွက် သတ်မှတ်ထားသည့်နည်းလမ်းအတိုင်း အမည်စာရင်းတင်သွင်းရပါသည်။ တိုင်းရင်းသားလူမျိုး FPTP မဲဆန္ဒနယ်များအတွက် သက်ဆိုင်ရာ တိုင်းဒေသကြီး၊ ပြည်နယ်ကော်မရှင်အဖွဲ့ခွဲတွင် အမည်စာရင်း တင်သွင်းရပါမည်။

ယခုအခါ ပြည်ထဲရေးဝန်ကြီးဌာန၏ ခရိုင်များ တိုးချဲ့ပြင်ဆင်ဖွဲ့စည်းခြင်းအရ မူလခရိုင်များအပြင် တိုးချဲ့ပြင်ဆင်ဖွဲ့စည်းသည့် ခရိုင်အသစ်များလည်း ပေါ်ပေါက်လာပါသည်။ ခရိုင်များတိုးချဲ့ဖွဲ့စည်းလိုက်သဖြင့် လွှတ်တော်ကိုယ်စားလှယ်လောင်း အမည်စာရင်းတင်သွင်းရမည့် ခရိုင်ကော်မရှင်အဖွဲ့ခွဲများ သတ်မှတ်ချက်အား ကော်မရှင်က ၂၆-၈-၂၀၂၅ ရက်တွင် နိုင်ငံရေးပါတီများသို့ အသိပေးအကြောင်းကြားစာ ပေးပို့ခဲ့ပါသည်။ ကော်မရှင်က သတ်မှတ်သည့်ခရိုင်များတွင် ကိုယ်စားလှယ်လောင်း အမည်စာရင်းများ တင်သွင်းရမည်ဖြစ်ပါသည်။ ကိုယ်စားလှယ်လောင်း အမည်စာရင်းတင်သွင်းရာတွင် ကော်မရှင်က သတ်မှတ်ကြေညာလိုက်သည့် မဲဆန္ဒနယ်အားလုံးအတွက် တင်သွင်းနိုင်မည်ဖြစ်ပါသည်။ ရွေးကောက်ပွဲကို အပိုင်းလိုက်ခွဲ၍ ဆောင်ရွက်ခြင်းမှာ ဆန္ဒမဲပေးရမည့်ရက်ကိုသာ ခွဲခြားသတ်မှတ်ခြင်းဖြစ်ပြီး အပိုင်း (၁) ရွေးကောက်ပွဲရက်မတိုင်မီ ရွေးကောက်ပွဲလုပ်ငန်းစဉ်များ စုံလင်အောင် ဆောင်ရွက်ထားရခြင်းဖြစ်ပါသည်။

ကိုယ်စားလှယ်လောင်းအမည်စာရင်းတင်သွင်းခြင်း

လွှတ်တော်ကိုယ်စားလှယ်လောင်းသည် အမည်စာရင်းတင်သွင်းလွှာပုံစံ (၆) မူရင်း ၂ စောင်နှင့် အတူ အိမ်ထောင်စုလူဦးရေစာရင်းပုံစံ (၆၆/၆) မိတ္တူ တစ်စောင်၊ ကော်မရှင်က သတ်မှတ်သည့် ကိုယ်ရေးမှတ်တမ်း မူရင်း ၂ စောင်၊ ရွေးကောက်ပွဲဝင်ခွင့်အတွက် ပေးသွင်းငွေကျပ် ၅ သိန်း ပေးသွင်းပြီးကြောင်း ချလန်ဖြတ်မူရင်း၊ ရွေးကောက်ပွဲကိုယ်စားလှယ်တစ်ဦး ခန့်အပ်ခြင်းအတွက် ကိုယ်တိုင်ဆောင်ရွက်ပါက ခန့်စာပုံစံ (၇) ၂ စောင် သို့မဟုတ် အခြားသူတစ်ဦးဦးအား ခန့်အပ်ပါက ပုံစံ (၇-က) ၂ စောင်၊ ပညာအရည်အချင်းအတွက် ထောက်ခံချက်လက်မှတ် အခွန်ကင်းရှင်းကြောင်း သက်ဆိုင်ရာ အခွန်ဦးစီးမှူးရုံး ထောက်ခံချက်၊ နိုင်ငံသားစိစစ်ရေးကတ်မိတ္တူ၊ ပါတီကိုယ်စားပြု လွှတ်တော်ကိုယ်စားလှယ်လောင်းဖြစ်ကြောင်း ပါတီဌာနချုပ်၏ ထောက်ခံချက်၊ တစ်သီးပုဂ္ဂလ ကိုယ်စားလှယ်လောင်းဖြစ်ပါက မိမိအသုံးပြုမည့် သင်္ကေတအမှတ်အသား Hard Copy နှင့် Soft Copy တို့ကို ပူးတွဲတင်ပြရပါမည်။

လွှတ်တော်ရွေးကောက်ပွဲဥပဒေပုဒ်မ ၃၀ (က) အရ လွှတ်တော်ကိုယ်စားလှယ်လောင်းသည် ရွေးကောက်ပွဲကိုယ်စားလှယ်အဖြစ် အခြားသူတစ်ဦးဦးကို ခန့်အပ်မည်ဆိုပါက လွှတ်တော်ကိုယ်စားလှယ်လောင်းအရည်အချင်းများနှင့် ပြည့်စုံသူကိုသာခန့်အပ်ရန် သတိပြုရပါမည်။ အမည်စာရင်းတင်သွင်းလွှာ စိစစ်ချိန်တွင် ရွေးကောက်ပွဲကိုယ်စားလှယ် ကန့်ကွက်ခံရပါက ဖြေရှင်းနိုင်ရန်နှင့် အငြင်းမပွားရစေရန် ရွေးကောက်ပွဲကိုယ်စားလှယ်အတွက်လည်း အထောက်အထား၊ စာရွက်စာတမ်းများ ရယူထားရန်လိုပါသည်။

အမည်စာရင်းတင်သွင်းလွှာတွင် လွှတ်တော်ကိုယ်စားလှယ်လောင်းသည် မြို့နယ်တရားသူကြီး အဆင့်ထက် မနိမ့်သော တရားသူကြီးတစ်ဦးဦး ရှေ့မှောက်၌ လက်မှတ်ရေးထိုးကြောင်း တရားသူကြီးက ထပ်ဆင့်လက်မှတ်ရေးထိုး၍ ရုံးတံဆိပ်ရိုက်နှိပ်ပေးရမည်။ အမည်စာရင်းတင်သွင်းလွှာနှင့် ကိုယ်ရေးမှတ်တမ်းတွင် လိမ်လည်ဖြည့်သွင်းထားကြောင်း သို့မဟုတ် ပူးတွဲပါရှိရမည့် စာရွက်စာတမ်းများကို အတုပြုလုပ်တင်သွင်းထားကြောင်း စစ်ဆေးတွေ့ရှိရပါက ပုဒ်မ ၈၈-က အရ တရားစွဲဆိုခံရနိုင်ပါသည်။

MMP စနစ်အရ PR မဲဆန္ဒနယ်အတွက် အမည်စာရင်းတင်သွင်းခြင်း

လွှတ်တော် ၃ ရပ် FPTP မဲဆန္ဒနယ်အတွက် ကိုယ်စားလှယ်လောင်းအမည်စာရင်း တင်သွင်းရာတွင် ကိုယ်စားလှယ်လောင်းကိုယ်တိုင်ဖြစ်စေ၊ ယင်း၏ကိုယ်စား ဆောင်ရွက်သူတစ်ဦးဦးကဖြစ်စေ သတ်မှတ်ထားသည် ကော်မရှင်အဖွဲ့ခွဲတွင် တင်သွင်းရပါမည်။

အမျိုးသားလွှတ်တော်နှင့် တိုင်းဒေသကြီး၊ ပြည်နယ်လွှတ်တော် PR မဲဆန္ဒနယ်အတွက် ပါတီကိုယ်စားပြု ကိုယ်စားလှယ်လောင်း အမည်စာရင်းတင်သွင်းခြင်းကို ပါတီကဖြစ်စေ၊ ပါတီကိုယ်စားဆောင်ရွက်သူတစ်ဦးဦးကဖြစ်စေ သက်ဆိုင်ရာ ကော်မရှင်အဖွဲ့ခွဲတွင် တင်သွင်းရပါမည်။ ဤနေရာတွင် MMP စနစ်အရ FPTP နှင့် PR စနစ်ကို ချိတ်ဆက်ထားခြင်းဖြစ်သဖြင့် FPTP မဲဆန္ဒနယ် (အမျိုးသားလွှတ်တော်အတွက် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း၊ ဒေသ FPTP မဲဆန္ဒနယ် ၆ နယ်မပါ) တွင် ပါတီကိုယ်စားပြု ကိုယ်စားလှယ်လောင်း ဝင်ရောက်ယှဉ်ပြိုင်ကြသည့် ပါတီများက ယင်း FPTP မဲဆန္ဒနယ်အကျိုးဝင်သည့် PR မဲဆန္ဒနယ်အတွက်လည်း ရွေးကောက်ရမည့် ကိုယ်စားလှယ်အရေအတွက် အတိုင်း တစ်ဆက်တည်း အမည်စာရင်းတင်သွင်းရန် ဖြစ်ပါသည်။ ကိုယ်စားလှယ်လောင်း အရေအတွက် လျှော့ပေါ့တင်သွင်း၍ မရပါ။ MMP စနစ်အတွက် အဓိကအချက်ဖြစ်ပါသည်။ PR မဲဆန္ဒနယ်အတွက် ကိုယ်စားလှယ်လောင်းအမည်စာရင်းတင်သွင်းခြင်းနှင့်အတူ ပါတီဌာနချုပ်က PR မဲဆန္ဒနယ် တစ်နယ်စီအတွက် ကိုယ်စားလှယ်လောင်း ဦးစားပေးအစဉ်လိုက် အမည်စာရင်းကို ကော်မရှင်နှင့် တိုင်းဒေသကြီး၊ ပြည်နယ်ကော်မရှင်အဖွဲ့ခွဲသို့ Closed List PR စနစ်အရ တင်ပြရပါမည်။

FPTP မဲဆန္ဒနယ်တွင် ကိုယ်စားလှယ်လောင်းကရရှိသည့် ဆန္ဒမဲကို PR မဲဆန္ဒနယ်အတွက် ပါတီကရရှိသည့် ဆန္ဒမဲအဖြစ် စုစည်းတွက်ချက်သွားမည်ဖြစ်ပါသည်။ PR မဲဆန္ဒနယ်အတွက် ပါတီအသီးသီးက စုစည်းရရှိသည့် ဆန္ဒမဲများအပေါ်မူတည်ပြီး ပါတီအများသိပ်ပြီးဖြစ်သော ရိုးရှင်းလွယ်ကူသည့် Closed List PR စနစ်၊ အနည်းဆုံးရရှိရမည့် အခြေခံမဲ Hare Quota တွက်နည်း၊ ကြွင်းကျန်မဲ အများဆုံးနည်းလမ်း (The Largest Remainder Method) တို့ဖြင့် ပါတီအချိုးကျ PR ကိုယ်စားလှယ်များကို ဥပဒေအတိုင်း တွက်ချက်သွားမည်ဖြစ်ပါသည်။

ထိုသို့ တွက်ချက်ရာတွင် PR မဲဆန္ဒနယ်များသည် ပါတီအချိုးကျကိုယ်စားလှယ်များအတွက် သတ်မှတ်ခြင်းဖြစ်သဖြင့် FPTP မဲဆန္ဒနယ်မှ တစ်သီးပုဂ္ဂလများ ရရှိသောခိုင်လုံမဲများကို PR မဲဆန္ဒနယ်တွင် ထည့်သွင်းတွက်ချက်ခြင်း မပြုကြောင်း သိရှိထားရန်လိုပါသည်။ တစ်သီးပုဂ္ဂလကိုယ်စားလှယ်လောင်းများ အနေဖြင့် လွှတ်တော် ၃ ရပ်စလုံးအတွက် FPTP မဲဆန္ဒနယ်များတွင် ဝင်ရောက်ယှဉ်ပြိုင်နိုင်သည့် အခွင့်အရေးရှိမည်ဖြစ်ပါသည်။

ကိုယ်စားလှယ်လောင်း ဦးစားပေး အစဉ်လိုက် အမည်စာရင်းဆိုသည်မှာ-

PR မဲဆန္ဒနယ် တစ်နယ်ချင်းစီအတွက် ပါတီဌာနချုပ်က ကိုယ်စားလှယ်လောင်း ဦးစားပေးအစဉ်လိုက် အမည်စာရင်းကို ကော်မရှင်နှင့် တိုင်းဒေသကြီး၊ ပြည်နယ်ကော်မရှင်အဖွဲ့ခွဲသို့ နည်းဥပဒေ ၁၈ အရ ပုံစံ (၆-၁) မူရင်းဖြင့် တင်ပြရပါမည်။ Closed List PR စနစ်အရ ဖြစ်ပါသည်။ ထိုအမည် စာရင်းသည် ရွေးကောက်ပွဲရလဒ်အရ ထွက်ပေါ်လာမည့် လွှတ်တော်သက်တမ်းအတွင်း အသက်ဝင်နေမည်ဖြစ်သည်။ PR မဲဆန္ဒနယ်တွင် ပါတီတစ်ခု ရွေးကောက်တင်မြှောက်ခံထားရသည့်ကိုယ်စားလှယ် အကြောင်းတစ်စုံတစ်ရာကြောင့် လစ်လပ်ပါက ထိုအမည်စာရင်းပါ ဦးစားပေးအစီအစဉ်အတိုင်း အစဉ်လိုက်အစားထိုးဖြည့်စွက်ပြီး လွှတ်တော်ကိုယ်စားလှယ်အဖြစ် သတ်မှတ်ကြေညာပေးရမည့် လုပ်ထုံးလုပ်နည်းအရ ဖြစ်ပါသည်။ အထူးသတိပြုရန်မှာ ထိုအမည်စာရင်းတွင် ကျန်ရှိနေသော လွှတ်တော်ကိုယ်စားလှယ်လောင်းများသည် လွှတ်တော်ကိုယ်စားလှယ်လောင်း အရည်အချင်း မပျက်ယွင်းရန် လိုအပ်ပါသည်။

အမည်စာရင်းတင်သွင်းလွှာရုပ်သိမ်းခြင်း

လွှတ်တော်ကိုယ်စားလှယ်လောင်း အမည်စာရင်းတင်သွင်းလွှာရုပ်သိမ်းလိုပါက FPTP မဲဆန္ဒနယ်အတွက် ကိုယ်စားလှယ်လောင်းက ပုံစံ (၉) ဖြင့် လည်းကောင်း၊ PR မဲဆန္ဒနယ်အတွက် သက်ဆိုင်ရာ ပါတီက ပုံစံ (၉-က) ဖြင့်လည်းကောင်း အမည်စာရင်းတင်သွင်းခဲ့သည့် ကော်မရှင်အဖွဲ့ခွဲသို့ ၁၂-၉-၂၀၂၅ ရက်အတွင်း တင်ပြရပါမည်။ ထိုနေ့ကျော်လွန်ပါက ရုပ်သိမ်းခွင့်မရှိတော့ပါ။ PR မဲဆန္ဒနယ်အတွက် အမည်စာရင်းတင်သွင်းလွှာ ရုပ်သိမ်းခြင်းဖြစ်ပါက သက်ဆိုင်ရာပါတီက အစားထိုး ပြန်လည်တင်သွင်းခြင်းကို ၁၃-၉-၂၀၂၅ ရက်မှ ၁၈-၉-၂၀၂၅ ရက်အတွင်း ဆောင်ရွက်ရပါမည်။

အမည်စာရင်းတင်သွင်းလွှာစိစစ်ခြင်း

သက်ဆိုင်ရာကော်မရှင်အဖွဲ့ခွဲများက အမည်စာရင်းတင်သွင်းလွှာများ စိစစ်ခြင်းကို ၁၈-၉-၂၀၂၅ ရက်မှ ၄-၁၀-၂၀၂၅ ရက်အတွင်း ဆောင်ရွက်ပါမည်။ လွှတ်တော် ကိုယ်စားလှယ်လောင်းများက မိမိ၏ အမည်စာရင်း တင်သွင်းလွှာစိစစ်မည့်နေ့ရက်ကို အမည်စာရင်း တင်သွင်းခဲ့သည့် ကော်မရှင်အဖွဲ့ခွဲတွင် စုံစမ်းထားရန် လိုအပ်ပါသည်။ ကော်မရှင်အဖွဲ့ခွဲကလည်း အသိပေးကြေညာထားမည် ဖြစ်ပါသည်။ စိစစ်ရန် သတ်မှတ်ထားသည့်နေ့ရက်၊ အချိန်နှင့် နေရာသို့ အောက်ပါပုဂ္ဂိုလ်များ လာရောက်ခွင့်ရှိပါသည် -

(က) သက်ဆိုင်ရာ လွှတ်တော်ကိုယ်စားလှယ်လောင်းများ၊

(ခ) သက်ဆိုင်ရာ ရွေးကောက်ပွဲ ကိုယ်စားလှယ်များ၊

(ဂ) လွှတ်တော်ကိုယ်စားလှယ်လောင်းအသီးသီးက ဤကိစ္စအလို့ငှာ စာဖြင့်တာဝန်လွှဲအပ်ထားသူ၊

(ဃ) ပြည်ထောင်စုနယ်မြေ ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသ ကော်မရှင်အဖွဲ့ခွဲ သို့မဟုတ် ခရိုင် ကော်မရှင်အဖွဲ့ခွဲကို ကူညီရန်အတွက် ယင်းအဖွဲ့ခွဲက တာဝန်ပေးအပ်ခြင်း ခံရသူများ၊

(င) သက်ဆိုင်ရာ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများ။

အမည်စာရင်းတင်သွင်းလွှာများကို စိစစ်ချိန်တွင် ကော်မရှင်အဖွဲ့ခွဲက စိစစ်တွေ့ရှိ၍ဖြစ်စေ ယှဉ်ပြိုင်အရွေးခံသည့် လွှတ်တော်ကိုယ်စားလှယ်လောင်း တစ်ဦးဦးကဖြစ်စေ၊ လုံလောက်သော အထောက်အထားတင်ပြ၍ ကန့်ကွက်ပါက ကန့်ကွက်ချက်ကို စုံစမ်းစစ်ဆေးရသည်။ မှန်ကန်ကြောင်း ခိုင်လုံသော အထောက်အထားစစ်ဆေးတွေ့ရှိရပါက အမည်စာရင်းတင်သွင်းလွှာ အပယ်ခံရနိုင်ပါသည်။

ကော်မရှင်အဖွဲ့ခွဲသည် သတ်မှတ်ထားသော နေ့တွင် အမည်စာရင်းတင်သွင်းလွှာ စိစစ်ခြင်းကို ပြီးပြတ်အောင် ဆောင်ရွက်ရပါသည်။ ကန့်ကွက်ချက်ရှိလျှင် ထိုကန့်ကွက်ချက်အပေါ် စုံစမ်းစစ်ဆေးခြင်းနှင့် အမိန့်ချမှတ်ခြင်းကို ၇ ရက်အတွင်း ပြီးပြတ်အောင် ဆောင်ရွက်ရသည်။

အယူခံဝင်ခြင်း

လွှတ်တော်ကိုယ်စားလှယ်လောင်းသည် ကန့်ကွက်ချက်နှင့်စပ်လျဉ်း၍ ကော်မရှင်အဖွဲ့ခွဲ၏ အမိန့်ကို မကျေနပ်လျှင် အမိန့်ချမှတ်သည့်ရက်မှစ၍ ၇ ရက်အတွင်း အယူခံနိုင်သည်။ ပြည်သူ့လွှတ်တော်နှင့် တိုင်းဒေသကြီး၊ ပြည်နယ်လွှတ်တော် မဲဆန္ဒနယ်များအတွက်ဖြစ်လျှင် သက်ဆိုင်ရာ တိုင်းဒေသကြီး၊ ပြည်နယ်ကော်မရှင်အဖွဲ့ခွဲသို့ အယူခံတင်သွင်းရပါမည်။ အမျိုးသားလွှတ်တော် မဲဆန္ဒနယ်နှင့် တိုင်းရင်းသားလူမျိုး မဲဆန္ဒနယ်အတွက်ဖြစ်ပါက ကော်မရှင်သို့ အယူခံတင်သွင်းရပါမည်။ အယူခံလွှာများကို လိုအပ်သလိုစစ်ပြီး အယူခံလွှာရရှိသည့်ရက်မှ ၇ ရက်အတွင်း သင့်လျော်သောအမိန့်ကို ချမှတ်ရမည်ဖြစ်ပါသည်။

ကိုယ်စားလှယ်လောင်း အမည်စာရင်း ကြေညာခြင်း

လွှတ်တော်ကိုယ်စားလှယ်လောင်းအမည်စာရင်းများ စိစစ်ပြီးပါက ကော်မရှင်က သတ်မှတ်သည့်နေ့ရက်တွင် လွှတ်တော်ကိုယ်စားလှယ်လောင်းအမည်စာရင်းကြေညာချက်ကို FPTP မဲဆန္ဒနယ်များအတွက် ပုံစံ (၁၀) တွင် ကိုယ်စားလှယ်လောင်းများ၏ အမည်စာရင်းကို အက္ခရာစဉ်အလိုက်ပြုစု၍ လည်းကောင်း၊ PR မဲဆန္ဒနယ်များအတွက် ပုံစံ (၁၀-က) တွင် ပါတီအမည်နှင့် ပါတီကိုယ်စားပြုကိုယ်စားလှယ်လောင်းအမည်တို့ကို အက္ခရာစဉ်အလိုက် ပြုစု၍ လည်းကောင်း ကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့်က ကြေညာပေးသွားမည်ဖြစ်ပါသည်။ FPTP ကိုယ်စားလှယ်လောင်းကိုသာ မဲပေးရသည့်စနစ်ဖြစ်သဖြင့် လွှတ်တော်ကိုယ်စားလှယ်လောင်း အမည်စာရင်းကြေညာချက်ပုံစံ (၁၀) တွင်ပါရှိသည့် အစီအစဉ်အတိုင်း ကြိုတင်ဆန္ဒမဲလက်မှတ်များနှင့် အီလက်ထရောနစ်မဲပေးစက်၏ ဆန္ဒပြုစက် (Ballot Unit) တွင် ဖော်ပြပေးသွားမည်ဖြစ်ပါသည်။ ကြိုတင်ဆန္ဒမဲလက်မှတ်ဖြင့် ကြိုတင်ဆန္ဒမဲပေးခြင်းဖြစ်စေ၊ မဲရုံတွင် အီလက်ထရောနစ်မဲပေးစက်ဖြင့် ဆန္ဒမဲပေးခြင်းဖြစ်စေ မဲဆန္ဒရှင်က နှစ်သက်ရာကိုယ်စားလှယ်လောင်းကို တစ်ကြိမ်သာ ဆန္ဒပြုမဲပေးရမည် ဖြစ်ပါသည်။

နိဂုံး

သို့ဖြစ်ပါ၍ ရွေးကောက်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ကြမည့် နိုင်ငံရေးပါတီကိုယ်စားပြုလွှတ်တော်ကိုယ်စားလှယ်လောင်းများနှင့် တစ်သီးပုဂ္ဂလ လွှတ်တော်ကိုယ်စားလှယ်လောင်းများသည်

စာမျက်နှာ ၂၈ သို့ á

á စာမျက်နှာ ၂၇ မှအဆက်

ရွေးကောက် တင်မြှောက်ခြင်းဆိုင်ရာဥပဒေအရ သတ်မှတ်အရည်အချင်းများနှင့် ပြည့်စုံရမည့်အပြင် အရည်အချင်း ပျက်ယွင်းသူမဖြစ်ရန် လိုပါသည်။ လွှတ်တော်ကိုယ်စားလှယ်လောင်းတစ်ဦးအတွက် ဥပဒေအရ ဆောင်ရွက်ရမည့် တာဝန်များရှိသလို ဥပဒေကပေးအပ်ထားသည့် အခွင့်အရေးများလည်း ရှိပါသည်။ နိုင်ငံရေးပါတီများနှင့် လွှတ်တော် ကိုယ်စားလှယ်လောင်းများသည် ရွေးကောက်ပွဲ အတွက် အမည်စာရင်းတင်သွင်းခြင်း လုပ်ထုံး လုပ်နည်းအဆင့်ဆင့်ကို သိရှိနားလည်ထားရန်လည်း လိုအပ်ပါသည်။ ရွေးကောက်ပွဲကြီး အဆင်ပြေချောမွေ့စွာ ကျင်းပနိုင်ရေးအတွက် အရေးကြီးသည့် လုပ်ငန်းစဉ် တစ်ရပ်အဖြစ် အထောက်အကူပြုနိုင်ရန် လေ့လာ မိသမျှ ရေးသားတင်ပြလိုက်ရပါသည်။

တိုင်းဒေသကြီး/ပြည်နယ်အလိုက် မဲဆန္ဒနယ်နှင့် လွှတ်တော်ကိုယ်စားလှယ်အရေအတွက်စာရင်း

စဉ်	တိုင်းဒေသကြီး/ပြည်နယ်	ပြည်သူ့လွှတ်တော်		အမျိုးသားလွှတ်တော်				တိုင်းဒေသကြီး/ပြည်နယ်လွှတ်တော်						မှတ်ချက်
		FPTP မဲဆန္ဒနယ်	ကိုယ်စားလှယ်ဦးရေ	FPTP မဲဆန္ဒနယ်	ကိုယ်စားလှယ်ဦးရေ	PR မဲဆန္ဒနယ်	ကိုယ်စားလှယ်ဦးရေ	FPTP မဲဆန္ဒနယ်	ကိုယ်စားလှယ်ဦးရေ	PR မဲဆန္ဒနယ်	ကိုယ်စားလှယ်ဦးရေ	တိုင်းရင်းသားလူမျိုး FPTP မဲဆန္ဒနယ်	တိုင်းရင်းသားလူမျိုး ကိုယ်စားလှယ်ဦးရေ	
၁	ကချင်	၁၈	၁၈	၆	၆	၂	၆	၁၈	၁၈	၂	၁၈	၄	၄	
၂	ကယား	၇	၇	၆	၆	၁	၆	၇	၇	၁	၇	၁	၁	
၃	ကရင်	၇	၇	၆	၆	၁	၆	၇	၇	၁	၇	၃	၃	
၄	ချင်း	၉	၉	၆	၆	၁	၆	၉	၉	၁	၉			
၅	စစ်ကိုင်း	၃၇	၃၇	၆	၆	၂	၆	၃၇	၃၇	၃	၃၇	၂	၂	
၆	တနင်္သာရီ	၁၀	၁၀	၆	၆	၁	၆	၁၀	၁၀	၁	၁၀	၁	၁	
၇	ပဲခူး	၂၈	၂၈	၆	၆	၂	၆	၂၈	၂၈	၅	၂၈	၁	၁	
၈	မကွေး	၂၅	၂၅	၆	၆	၂	၆	၂၅	၂၅	၄	၂၅	၁	၁	
၉	မန္တလေး	၃၆	၃၆	၆	၆	၃	၆	၂၈	၂၈	၅	၂၈	၁	၁	
၁၀	မွန်	၁၀	၁၀	၆	၆	၁	၆	၁၀	၁၀	၁	၁၀	၃	၃	
၁၁	ရခိုင်	၁၇	၁၇	၆	၆	၂	၆	၁၇	၁၇	၂	၁၇	၁	၁	
၁၂	ရန်ကုန်	၄၅	၄၅	၆	၆	၃	၆	၄၅	၄၅	၆	၄၅	၂	၂	
၁၃	ရှမ်း	၅၅	၅၅	၆	၆	၃	၆	၅၅	၅၅	၆	၅၅	၇	၇	
၁၄	ဧရာဝတီ	၂၆	၂၆	၆	၆	၂	၆	၂၆	၂၆	၄	၂၆	၂	၂	
	စုစုပေါင်း	၃၃၀	၃၃၀	၈၄	၈၄	၂၆	၈၄	၃၂၂	၃၂၂	၄၂	၃၂၂	၂၉	၂၉	

မှတ်ချက်။ ။ ပြည်သူ့လွှတ်တော် FPTP မဲဆန္ဒနယ် ၃၃၀ နယ်၊ အမျိုးသားလွှတ်တော် FPTP မဲဆန္ဒနယ် ၈၄ နယ်နှင့် PR မဲဆန္ဒနယ် ၂၆ နယ်၊ တိုင်းဒေသကြီး/ပြည်နယ်လွှတ်တော် FPTP မဲဆန္ဒနယ် ၃၂၂ နယ်၊ PR မဲဆန္ဒနယ် ၄၂ နယ်နှင့် တိုင်းရင်းသားလူမျိုး FPTP မဲဆန္ဒနယ် ၂၉ နယ်၊ စုစုပေါင်း မဲဆန္ဒနယ် ၈၃၃ နယ်၊ လွှတ်တော်ကိုယ်စားလှယ် ၁၁၇၁ ဦး။

ကျောင်းကုန်းမြို့နယ်တွင် ဖူးစားပြောင်းများ အရောင်းအဝယ်ကောင်းမွန်နေ

ကျောင်းကုန်း စက်တင်ဘာ ၉

ဧရာဝတီတိုင်းဒေသကြီး ကျောင်းကုန်းမြို့နယ်တွင် ဖူးစားပြောင်းများ အရောင်းအဝယ် ကောင်းမွန်နေကြောင်း ကျောင်းကုန်းမြို့နယ် လယ်ယာထွက်ကုန် ရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်ရီရီထွန်းက ပြောပြသည်။

ကျောင်းကုန်းမြို့နယ်တွင် ယခုနှစ် စက်တင်ဘာ ၁ ရက် မှယနေ့ထိ ဖူးစားပြောင်းများ ဝယ်လိုအားကောင်းပြီး အရောင်းအဝယ် ကောင်းမွန်နေကြောင်း၊ အဆိုပါ ဖူးစားပြောင်းများ ဝယ်လိုအားကောင်းလာခြင်းသည် ဒေသထွက် ဖူးစားပြောင်းကို ပုသိမ်အပါအဝင် အခြားဒေသစျေးကွက်များက ဝယ်ယူအားကောင်းလာခြင်းကြောင့်ဖြစ်ကြောင်း သိရသည်။

"ဒေသထွက်ကုန် ဖူးစားပြောင်းတွေကို ဒေသတွင်းစျေးကွက်အပြင် အခြားဒေသ စျေးကွက်တွေကပါ အဝယ်လိုက်နေပါတယ်။ အခုလ ပထမပတ် လောက်ကနေပြီး သိသိသာသာကို အဝယ်လိုက်လာတာဖြစ်ပါတယ်။ အခု အဝယ်လိုက်နေတဲ့အပြင် စျေးလဲ အနည်းအငယ်ကောင်းလာပါတယ်။ ဒေသထွက် ဖူးစားပြောင်းတွေကို ရန်ကုန်စျေးကွက်ကလဲ မှာယူမှုများနေပါတယ်။ ဖူးစားပြောင်း အထွက်နည်းလာတာနဲ့ အဝယ်လိုက်ပြီး အရောင်းသွက်နေတာ ဖြစ်ပါတယ်''ဟု ကျောင်းကုန်းမြို့နယ် လယ်ယာထွက်ကုန် ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ရီရီထွန်းက ပြောပြသည်။

ကျောင်းကုန်းမြို့နယ်မှ လယ်ယာထွက်ကုန် ရောင်းဝယ်ရေး ပွဲရုံပိုင်ရှင်များသည် ဒေသထွက် ဖူးစားပြောင်းများကို ရန်ကုန်စျေးကွက်သို့ ဖြန့်ဖြူးရောင်းချလျက်ရှိကြောင်း၊ အဆိုပါ ဒေသထွက် ဖူးစားပြောင်းများသည် ပိုးမွှားကင်းရှင်းပြီး ဖူးစားပြောင်း အဖူးရေ ၁၀၀ လျှင် ငွေကျပ် ၃၂၀၀၀ မှ ၃၄၀၀၀ ထိ ပေါက်စျေးရှိကြောင်း သိရသည်။

ကျောင်းကုန်းမြို့နယ်တွင် ဖူးစားပြောင်းများ အရောင်းအဝယ် ကောင်းလာသောကြောင့် ဖူးစားပြောင်းစိုက် တောင်သူများ၊ ကုန်သည်များ၊ ကုန်တင်ကုန်ချ လုပ်သားများ၊ ကုန်တင်ယာဉ်အင့ှားလိုက်သူများအလုပ်အကိုင်အဆင်ပြေနေကြောင်း လယ်ယာထွက်ကုန် ရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်ရီရီထွန်းက ဆက်လက်ပြောပြ၍ သိရသည်။ **ကျော်ကျော်လင်း**

တိုက်ကြီးမြို့နယ် အင်းယက်ကြီးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

တိုက်ကြီး စက်တင်ဘာ ၉

ရန်ကုန်တိုင်းဒေသကြီး တိုက်ကြီးခရိုင် တိုက်ကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေ ပြည်သူများ ဆင်းရဲမှု လျော့ကျစေရန်နှင့် တစ်နိုင်တစ်ပိုင် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းနှင့် အခြားစီးပွားရေးလုပ်ငန်းများ ဆောင်ရွက်နိုင်စေရန်၊ ငွေကြေးအရင်းအနှီးရရှိပြီး မိသားစု စားဝတ်နေရေးကို အထောက်အကူပြုနိုင်ရန်အတွက် အင်းယက်ကြီးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေ ဒုတိယအကြိမ် ထုတ်ချေးခြင်းကို စက်တင်ဘာ ၈ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာဘုန်းကြီးကျောင်း၌ ကျင်းပပြုလုပ်ခဲ့သည်။

ရှေးဦးစွာ တိုက်ကြီးခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးလှမျိုးအောင်က မြစိမ်းရောင်ကျေးရွာ စီမံကိန်း၏ ရည်ရွယ်ချက်၊ အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူး ဒေါ်ဌမ္မာရွှေက အတိုး၊ အရင်းပေးဆပ်ရန် ကာလနှင့်အတိုးနှုန်းသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ခရိုင်ဦးစီးမှူးနှင့် တာဝန်ရှိသူများက စီမံကိန်းရန်ပုံငွေကျပ် ၃၃ ဒသမ ၅ သန်းကို အင်းယက်ကြီးကျေးရွာ မြစိမ်းရောင် စီမံကိန်းလုပ်ငန်းအဖွဲ့ထံသို့ လွှဲပြောင်းပေးအပ်ခဲ့သည်။

ထို့နောက် စီမံကိန်းတာဝန်ခံ ဝန်ထမ်းများ၏ ကြီးကြပ်မှုဖြင့် မြစိမ်းရောင်ကျေးရွာ စီမံကိန်းအဖွဲ့ဝင်များက အင်းယက်ကြီးကျေးရွာရှိ စိုက်ပျိုးရေး၊ မွေးမြူရေး၊ အရောင်းအဝယ်လုပ်ငန်းနှင့် အသက်မွေးဝမ်းကျောင်း လုပ်ငန်းလုပ်ကိုင်သူ စီမံကိန်း အသင်းဝင် အသင်းသား၊ အသင်းသူ ၇၉ ဦးအား ငွေကျပ် ၃၃ ဒသမ ၅ သန်းကို အတိုးနှုန်းသက်သာစွာဖြင့် တစ်ဦးချင်း လက်ဝယ်အရောက်ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

အထွေး

ဒုတိယအယူခံရုံး၏ စီရင်ဆုံးဖြတ်ပိုင်ခွင့်

စိန်လှိုင်ဝိုလ်

တရားမမှုများတွင် မူလရုံး၏ ဆုံးဖြတ်ချက်အပေါ် မကျေနပ်သူသည် အထက်အဆင့်မြင့်တရားရုံး အသီးသီးသို့ အယူခံဝင်ရောက်ကြသည်။ ထိုသို့အယူခံဝင်ရောက်သည့်အခါ ပထမအယူခံရုံး၏ ဆုံးဖြတ်ချက်နှင့်စပ်လျဉ်း၍ မကျေနပ်သူသည် ထပ်မံ၍ အထက်ရုံးသို့ ဒုတိယအယူခံဝင်ရောက်ကြပြန်သည်။ ထိုအခါတွင် ပထမအယူခံရုံးက ဆုံးဖြတ်ချက်ချမှတ်သည့်အမိန့်သည် အကြောင်းချင်းရာပြဿနာနှင့် ပတ်သက်သော ဆုံးဖြတ်ချက်ဖြစ်ပါက ဒုတိယအယူခံရုံးက ဝင်ရောက်စွက်ဖက်နိုင်ခြင်း၊ မစွက်ဖက်နိုင်ခြင်းနှင့်ပတ်သက်၍ မရှင်းလင်းသည်များရှိကြသည်။ လမ်းညွှန်စီရင်ထုံးတစ်ခုကို အကြောင်းပြု၍ ရေးသားတင်ပြပါဦးမည်။

အမှုဖြစ်စဉ်အကျဉ်း

တံတားဦးမြို့ မြို့နယ်တရားရုံး ၁၉၆၁ ခုနှစ် တရားမကြီးမှုအမှတ်-၃ တွင် မူလရုံးတရားလိုများဖြစ်ကြသော မန္တနှင့် မကြည်တို့က မောင်ကောက်ကြီးနှင့် မန်းဆယ်တို့အပေါ်တွင် အခင်းဖြစ်မြေများကို လက်ရောက်ပေးစေလိုမှု တရားစွဲဆိုခဲ့သည်။ တရားလိုများက ထိုမြေများသည် မိမိတို့၏ ကွယ်လွန်သူမိဘများဖြစ်ကြသော ဦးစံအုံ- မအေးခင်တို့မှ အမွေဆက်ခံရရှိပြီး လက်ရှိလုပ်ကိုင်ခဲ့သည့်မြေများဖြစ်ကြောင်း ၁၃၂၅ ခုနှစ်ကစ၍ မောင်ကောက်ကြီးတို့သည် ထိုမြေများပေါ်တွင် ကျူးကျော်ဝင်ရောက်လုပ်ကိုင်ခဲ့ကြောင်း၊ ထိုမြေမှထွက်ခွာသွားရန် အကြိမ်ကြိမ်ပြောကြားသော်လည်း မရရှိသောကြောင့် တရားစွဲဆိုရခြင်းဖြစ်ပါသည်ဟု အဆိုပြုခဲ့ပါသည်။

မောင်ကောက်ကြီးတို့က တရားလိုများ၏ အဆိုပြုချက်များကို ငြင်းဆိုသည်။ ချေပလွှာအရ ဆိုသော် မိမိတို့သည် အခင်းဖြစ်မြေပေါ်ရှိ တောခြုံများကို ရှင်းလင်းပြီး လွန်ခဲ့သော နှစ်ပေါင်း ၄၀ ကျော်လောက်ကစ၍ လုပ်ကိုင်လာခဲ့ခြင်းဖြစ်သောကြောင့် ထိုမြေသည် မိမိတို့၏ ဓားမဦးချလုပ်ကိုင်သောမြေဖြစ်ကြောင်း တရားလိုများပိုင်ဆိုင်သောမြေပေါ်သို့ ကျူးကျော်ဝင်ရောက်၍ လုပ်ကိုင်ခြင်းမဟုတ်ပါကြောင်းချေပခဲ့သည်။ မူလရုံး တရားသူကြီးက အောက်ပါကောက်နှုတ်ချက်တစ်ရပ်ကို ထုတ်ခဲ့သည်။

"အခင်းဖြစ်မြေသည် တရားလိုတို့က ကွယ်လွန်သူ မိဘများထံမှ အမွေဆက်ခံပိုင်ဆိုင်ပြီး လက်ရှိလုပ်ကိုင်နေသည်ဆိုခြင်းမှာ မှန်ပါသလား။ သို့တည်းမဟုတ် မောင်ကောက်ကြီးတို့က တောခြုံရှိသော မြေကွက်ကိုဓားမဦးချ တီထွင်လုပ်ကိုင်ပိုင်ဆိုင်ခြင်းဆိုတာမှန်သလား။

မူလရုံးတရားသူကြီးသည် အထက်ဖော်ပြပါ ကောက်ချက်နှင့်ပတ်သက်၍ မောင်ကောက်ကြီးတို့သည် ထိုမြေမှာ ဓားမဦးချလုပ်ကိုင်လာသည့်မြေဖြစ်ကြောင်း သက်သေထင်ရှားပြနိုင်သည်ဟု ယူဆကာ တရားလိုများစွဲဆိုသောအမှုကို စရိတ်နှင့်တကွ ပလပ်လိုက်သည်။ ထိုအမိန့်နှင့် စီရင်ချက်ကို မကျေနပ်သဖြင့် မမ္ပဲတို့က ကျောက်ဆည်မြို့ ခရိုင်တရားရုံး ၁၉၆၂ ခုနှစ် တရားမအယူခံမှုအမှတ်-၇ တွင် အယူခံဝင်ရာ ခရိုင်တရားမ တရားသူကြီးက အောက်ရုံး၏စီရင်ချက်နှင့် ဒီကရီကို ပယ်ဖျက်လိုက်ပြီး တရားလိုများစွဲဆိုသောအမှုကို စရိတ်နှင့်တကွ ဒီကရီချမှတ်ပေးလိုက်သည်။ ထို့ကြောင့် မောင်ကောက်ကြီးတို့က နိုင်ငံတော်တရားရုံးချုပ်သို့ ဒုတိယအယူခံလွှာကို တင်သွင်းခဲ့သည်။

နိုင်ငံတော်တရားရုံးချုပ်၏ စီစစ်သုံးသပ်ဆုံးဖြတ်ချက်

ဤအမှုတွင် အခင်းဖြစ်မြေသည် လယ်ယာမြေဖြစ်သောကြောင့် ၁၉၆၃ ခုနှစ် လယ်ယာမြေနိုင်ငံပိုင်ပြုလုပ်ရေးအက်ဥပဒေအရ ပြည်သူပိုင်ပြုလုပ်ပြီး ဖြစ်၊ မဖြစ်နှင့် ၁၉၆၃ ခုနှစ် သီးစားချထားရေးအက်ဥပဒေအရ သီးစားချထားရေးအဖွဲ့က ထိုမြေကို သီးစားချထားခြင်းပြု၊ မပြုနှင့် စပ်လျဉ်း၍ ရှင်းလင်းရန် လိုအပ်သောကြောင့် အဆိုပါအချက်များနှင့်ပတ်သက်၍ ကောက်ချက်များထုတ်ကာ အမှုတွဲကို တရားမကျင့်ထုံးအမိန့်-၄၁၊ နည်းဥပဒေ-၂၄ အရ အောက်ရုံးသို့ပြန်၍ပေးပို့ခဲ့သည်။

မူလရုံးတရားသူကြီးသည် လိုအပ်သည့် စုံစမ်းစစ်ဆေးခြင်းများပြုလုပ်ပြီးနောက် အခင်းဖြစ်မြေသည် ပြည်သူပိုင်ပြုလုပ်ထားသည့်မြေများမဟုတ်၊ လယ်ယာမြေနိုင်ငံပိုင် ပြုလုပ်ရေးအက်ဥပဒေပုဒ်မ-၆(၁)အရလည်း ကင်းလွတ်ခွင့်ပေးထားခြင်းမရှိ၊ သီးစားချထားရေးအဖွဲ့ကလည်း သီးစားချထားခြင်းမရှိ အစရှိသဖြင့် ကောက်ချက်များကို ဖြေဆိုထားရာ ခရိုင်တရားမရုံးမှတစ်ဆင့် တရားရုံးချုပ်သို့ တင်ပို့ခဲ့ပြီးဖြစ်ကြောင်း ခရိုင်တရားမ တရား သူကြီးကလည်း အဆိုပါရုံး၏ ထင်မြင်ယူဆချက်များကို အတည်ပြုပြီးဖြစ်ကြောင်း၊ ထို့ကြောင့်အခင်းဖြစ်မြေနှင့် ပတ်သက်၍ တရားမရုံးများက ဝင်ရောက်စွက်ဖက်အမိန့်ချမှတ်ခြင်းမှ တားမြစ်ထားသည့်အမိန့်မျိုးများ မရှိဟု ယူဆရမည်ဖြစ်ကြောင်း တရားရုံးချုပ်က စိစစ်သုံးသပ်ခဲ့သည်။

အယူခံတရားခံ (တရားပြိုင်)များအတွက် လိုက်ပါဆောင်ရွက်သည့် ရှေ့နေကြီးက **မဖြူနှင့် ကေစီမစ်တရအမှု ရန်ကုန်စီရင်ထုံးအတွဲ-၄ စာမျက်နှာ-၅၈၆ ကို အားကိုးအားထားပြု၍ အကြောင်းချင်းရာ ပြဿနာနှင့်ပတ်သက်သည့် ပထမအယူခံရုံး၏ ဆုံးဖြတ်ချက်သည် အပြီးအပြတ်ဖြစ်ပါသည်ဟု လျှောက်လဲခဲ့သည်။ တစ်နည်းအားဖြင့် ဆိုသော် အကြောင်းချင်းရာပြဿနာနှင့်ပတ်သက်၍ ချမှတ်ခဲ့သည့် ပထမအယူခံရုံး၏ ဆုံးဖြတ်ချက်ကို ဒုတိယအယူခံရုံးသည် ဝင်ရောက်စွက်ဖက်ခြင်းမပြုနိုင်ဟူ၍ဖြစ်သည်။**

သို့ရာတွင် ယခုကျွန်ုပ်တို့ရှေ့ရှိ (အယူခံလွှာမှာ တရားမကျင့်ထုံးပုဒ်မ-၁၀၀(၁)(ဃ)အရ တင်သွင်းသည့် အယူခံလွှာဖြစ်ကြောင်း ထိုပုဒ်မ၏အပိုဒ်ငယ်(ဃ)သည် ၁၉၄၅ ခုနှစ် မြန်မာနိုင်ငံအက်ဥပဒေ အမှတ်-၁၇ အရ ဖြည့်စွက်ထားသည့် အပိုဒ်ငယ်ဖြစ်သည်) အထက်တွင် ဖော်ပြခဲ့သည့် မဖြူ၏ အမှုကို စီရင်ဆုံးဖြတ်ခဲ့စဉ်က ပုဒ်မ-၁၀၀(၁) တွင် ထိုအပိုဒ်ငယ်ကို ဖြည့်စွက်ထားခြင်းမရှိသေးချေ။ ထို့ကြောင့် ပထမအယူခံရုံးက ဆုံးဖြတ်ချက်ချမှတ်သည့် အကြောင်းခြင်းရာ ပြဿနာနှင့်ပတ်သက်သော ဆုံးဖြတ်ချက်ကို ဒုတိယအယူခံရုံးသည် အထက်ဖော်ပြပါအပိုဒ်ငယ်အရ ဝင်ရောက်စွက်ဖက်နိုင်မည်ဖြစ်ကြောင်း တရားရုံးချုပ်က စိစစ်သုံးသပ်ခဲ့သည်။

အဆိုပါမဖြူတို့ အမှုစီရင်ထုံးကို ၁၉၄၅ ခုနှစ် နောက်ပိုင်းတွင် ဆုံးဖြတ်ခဲ့သည့် **စွိုရှမ်ဘီးဆန်စက်ကုမ္ပဏီနှင့် မုကရူးနဟတ်အမှု မြန်မာနိုင်ငံစီရင်ထုံး ၁၉၅၅ ခုနှစ် စာမျက်နှာ-၂၉၁** တွင် ရည်ညွှန်းထားသည်ကား မှန်၏။ သို့ရာတွင် ထိုအမှုစီရင်ထုံး၌ မူလရုံးက အကြောင်းချင်းရာပြဿနာနှင့်ပတ်သက်သည့် ဆုံးဖြတ်ချက်ကို ပထမအယူခံရုံးကလည်း တစ်သဘောတည်း ဆုံးဖြတ်ချက်ချမှတ်ခြင်းဖြစ်သည်။

ထို့ကြောင့် ထိုစီရင်ထုံးသည် အထက်ဖော်ပြပါ တရားမကျင့်ထုံးပုဒ်မ-၁၀၀ (၁)(ဃ) ဖြည့်စွက်ပြီးသည့်နောက်ပိုင်းမှ စီရင်ဆုံးဖြတ်သော စီရင်ထုံးဖြစ်လင့်ကစား အဆိုပါအပိုဒ်ငယ် (ဃ)နှင့် အကျုံးဝင်သည့် စီရင်ထုံးမဟုတ်ကြောင်း၊ ထို့ကြောင့် ယခုကျွန်ုပ်ရှေ့ရှိ ဒုတိယ အယူခံမှုတွင် ပထမအယူခံရုံး၏ ဆုံးဖြတ်ချက်ကို ပယ်ဖျက်ကာ ပြန်လည်စီရင်ဆုံးဖြတ်ပေးခြင်းမပြုနိုင်ကြောင်း ပေါ်ပေါက်ကြောင်း ဦးထွန်းမီ (လိုပြ-၂) ကိုညိုတုပ် (လိုပြ-၃)တို့ကိုယ်စား ရှေ့နေ ဦးဘိုးချောင်ဆိုသူ၏ ဒုတိယမယားဖြစ်သည်။ ဒေါ်သင်ဇာနှင့် ဦးဘိုးချောင်တို့ သေဆုံးပြီးနောက် အမွေစားအမွေခံအဖြစ် ကျန်ရစ်သူများမှာ ဦးဘိုးချောင်၏မြေးများဖြစ်ကြသော အယူခံတရားခံများ ဖြစ်ကြသည်။ ဦးဘိုးချောင် သေဆုံးပြီးနောက် အယူခံတရားခံများ၏ မိခင် ဒေါ်အေးခင်သည် ထိုမြေကို လုပ်ကိုင်ခဲ့ဖူးကြောင်း သက်သေခံအထောက်အထားများ လုံလောက်စွာရရှိခဲ့သည်ဟု တရားရုံးချုပ်က ရှုမြင်သုံးသပ်ခဲ့သည်။

ဒေါ်အေးခင်သည် ထိုမြေပေါ်သို့ ယခင်ကဝင်ရောက်လုပ်ကိုင်ခဲ့ဘူးသော ဦးဘတုပ် (ခံပြ-၁)နှင့် ၎င်း၏ညီဦးဘချစ်တို့ကို မြေမှထွက်ခွာသွားရန် တရားစွဲဆိုရာ တရားရုံး၌ ဒီကရီရဖူးကြောင်းမှာ

> **❖ အောက်ရုံးတရားသူကြီးက ဦးထွန်းမီ (လိုပြ-၂) ကိုညိုတုပ် (လိုပြ-၃)တို့၏ အစစ်ခံချက်များကို အားကိုးအားထားပြုကာ အခင်းဖြစ်မြေကို အယူခံတရားလို မောင်ကောက်ကြီးတို့က ဓားမဦးချလုပ်ကိုင်လာခဲ့ကြောင်း ထင်ရှားသည်ဟုယူဆခဲ့သည်။ သို့ရာတွင် အဆိုပါသက်သေများ၏ ထွက်ချက်အရ ဆိုသော် အယူခံတရားလို မောင်ကောက်ကြီးတို့သည် ထိုကဲ့သို့ ဓားမဦးချ လုပ်ကိုင်လာခဲ့သည်ဆိုသည်မှာ လွန်ခဲ့သော ရှစ်နှစ်ခန့်ကဖြစ်ကြောင်း ပေါ်လွင်သည်ဟု တရားရုံးချုပ်က ထောက်ရှုဝေဖန်စိစစ်ခဲ့သည်။**

ပထမအယူခံရုံး တရားသူကြီးညွှန်ပြထားသည့် အတိုင်း ဓါးမဦးချပိုင်ဆိုင်ခွင့်ရရှိရန်မှာ ထိုမြေသည် မူလက အစိုးရမြေဖြစ်ပြီး ဝင်ရောက်လုပ်ကိုင်သူသည် ထိုမြေကို မိမိနာမည်ဖြင့် အခွန်တော်ဆောင်နိုင်ရန် လိုအပ်သည့် ဆောင်ရွက်ချက်များကို ပြုလုပ်ရမည်ဖြစ်ကြောင်း၊ အောက်ရုံးအမှုတွဲတွင်ရရှိသည့် သက်သေခံချက်များအရ ထိုမြေ၏ မူလပိုင်ရှင်မှာ ဒေါ်သင်ဇာဖြစ်ကြောင်း၊ မမ္ပဲတို့သည် ဒေါ်သင်ဇာမှ ဆင်းသက်သည့် အမွေစားအမွေခံများဖြစ်သည်မှာ ပေါ်လွင်ကြောင်း၊ ထို့ကြောင့် မူလရုံးက အခင်းဖြစ်မြေသည် အယူခံတရားလိုများ၏ ဓားမဦးချလုပ်ကိုင်ခဲ့သည့်မြေဖြစ်သည်ဟု ကောက်ယူဆုံးဖြတ်ခြင်းမှာ မှားယွင်းကြောင်း တရားရုံးချုပ်က စိစစ်ဖော်ထုတ်ခဲ့သည်။

အထက်တွင်ဖော်ပြခဲ့သည့်အတိုင်း အခင်းဖြစ်မြေ၏မူလပိုင်ရှင်မှာ ဒေါ်သင်ဇာဖြစ်သည်။ ဒေါ်သင်ဇာသည် ဦးဘိုးချောင်ဆိုသူ၏ ဒုတိယမယားဖြစ်သည်။ ဒေါ်သင်ဇာနှင့် ဦးဘိုးချောင်တို့ သေဆုံးပြီးနောက် အမွေစားအမွေခံအဖြစ် ကျန်ရစ်သူများမှာ ဦးဘိုးချောင်၏မြေးများဖြစ်ကြသော အယူခံတရားခံများ ဖြစ်ကြသည်။ ဦးဘိုးချောင် သေဆုံးပြီးနောက် အယူခံတရားခံများ၏ မိခင် ဒေါ်အေးခင်သည် ထိုမြေကို လုပ်ကိုင်ခဲ့ဖူးကြောင်း သက်သေခံအထောက်အထားများ လုံလောက်စွာရရှိခဲ့သည်ဟု တရားရုံးချုပ်က ရှုမြင်သုံးသပ်ခဲ့သည်။

ဒေါ်အေးခင်သည် ထိုမြေပေါ်သို့ ယခင်ကဝင်ရောက်လုပ်ကိုင်ခဲ့ဘူးသော ဦးဘတုပ် (ခံပြ-၁)နှင့် ၎င်း၏ညီဦးဘချစ်တို့ကို မြေမှထွက်ခွာသွားရန် တရားစွဲဆိုရာ တရားရုံး၌ ဒီကရီရဖူးကြောင်းမှာ

> **❖ အောက်ရုံးတရားသူကြီးက ဦးထွန်းမီ (လိုပြ-၂) ကိုညိုတုပ် (လိုပြ-၃)တို့၏ အစစ်ခံချက်များကို အားကိုးအားထားပြုကာ အခင်းဖြစ်မြေကို အယူခံတရားလို မောင်ကောက်ကြီးတို့က ဓားမဦးချလုပ်ကိုင်လာခဲ့ကြောင်း ထင်ရှားသည်ဟုယူဆခဲ့သည်။ သို့ရာတွင် အဆိုပါသက်သေများ၏ ထွက်ချက်အရ ဆိုသော် အယူခံတရားလို မောင်ကောက်ကြီးတို့သည် ထိုကဲ့သို့ ဓားမဦးချ လုပ်ကိုင်လာခဲ့သည်ဆိုသည်မှာ လွန်ခဲ့သော ရှစ်နှစ်ခန့်ကဖြစ်ကြောင်း ပေါ်လွင်သည်ဟု တရားရုံးချုပ်က ထောက်ရှုဝေဖန်စိစစ်ခဲ့သည်။ ❖**

အကြောင်းခြင်းရာ ပြဿနာနှင့်ပတ်သက်သည့် ဆုံးဖြတ်ချက်ကို ဒုတိယအယူခံရုံးအနေဖြင့် ဆင်ခြင်စဉ်းစားရမည်သာဖြစ်ကြောင်း တရားရုံးချုပ်က စိစစ်ဝေဖန်သုံးသပ်ခဲ့သည်။

အောက်ရုံးတရားသူကြီးက ဦးထွန်းမီ (လိုပြ-၂) ကိုညိုတုပ် (လိုပြ-၃)တို့၏ အစစ်ခံချက်များကို အားကိုးအားထားပြုကာ အခင်းဖြစ်မြေကို အယူခံတရားလို မောင်ကောက်ကြီးတို့က ဓားမဦးချလုပ်ကိုင်လာခဲ့ကြောင်း ထင်ရှားသည်ဟုယူဆခဲ့သည်။ သို့ရာတွင် အဆိုပါသက်သေများ၏ ထွက်ချက်အရ ဆိုသော် အယူခံတရားလို မောင်ကောက်ကြီးတို့ လည်းပေါ်လွင်ကြောင်း၊ ထို့ကြောင့် အခင်းဖြစ်မြေသည် အယူခံတရားခံများ၏ အမွေဆက်ခံရရှိခဲ့သော မြေများဖြစ်ကြောင်း အထက်ဖော်ပြပါအကြောင်းများကြောင့် ယခုကျွန်ုပ်ရှေ့ရှိ အယူခံလွှာကို စရိတ်နှင့်တကွ ပလပ်လိုက်သည်။ ဤအမှုတွင် ပထမအယူခံရုံး၏ စီရင်ဆုံးဖြတ်ချက်အတိုင်းသာ ဒုတိယအယူခံရုံးက လက်ခံပြုခဲ့ခြင်းဖြစ်သည်ကို တွေ့မြင်ရသည်။ မောင်ကောက်ကြီးပါ ၂ (အယူခံတရားလိုများ)နှင့် မမ္ပဲပါ ၃ (အယူခံတရားခံများ) ၁၉၆၃ ခုနှစ် တရားမဒုတိယအယူခံမှုအမှတ်-၆ စီရင်ထုံးကို ရည်ညွှန်းကိုးကား ရေးသားတင်ပြလိုက်ရပါသည်။

ဗြိတိန်နိုင်ငံတွင် ရေဘေးအန္တရာယ် ကာကွယ်ရေးအတားအဆီးများ အဆင့်မြှင့်တင်သွားရန် FRT က အစည်းအဝေးပြုလုပ်

လန်ဒန် စက်တင်ဘာ ၉

ဗြိတိန်နိုင်ငံတွင် ၂၀၂၅ ခုနှစ်အတွင်း ရေကြီးရေလျှံမှုများနှင့် မကြာခဏ ရင်ဆိုင်နေရသဖြင့် ရေကြီးရေလျှံမှု အန္တရာယ် ကာကွယ်ရေးအတွက် အတားအဆီးများ တည်ဆောက်ပြင်ဆင်ထားသော်လည်း လုံလောက်မှုမရှိသည့်အတွက် အတားအဆီးများကို အဆင့်မြှင့်တင်သွားရန် ဗြိတိန်အစိုးရ၏ Floods Resilience Taskforce(FRT) မှ တာဝန်ရှိသူများက စက်တင်ဘာ ၈ ရက်တွင် အစည်းအဝေးပြုလုပ်ခဲ့ကြောင်း FRT က ထုတ်ပြန်သွားခဲ့သည်ဟု ယနေ့သတင်းများတွင် ဖော်ပြထားသည်။

အစည်းအဝေးမှာ ပြီးခဲ့သည့် ၁၂ လတာ ကာလအတွင်း လေးကြိမ်မြောက် ပြုလုပ်သည့် အစည်းအဝေးပွဲဖြစ်ပြီး ၁၂ လတာ ကာလအတွင်း ရင်ဆိုင်ခဲ့ရသော ရေဘေးအန္တရာယ် အခြေအနေများကို ပြန်လည်သုံးသပ်ကာ ရေဘေးအန္တရာယ် ကာကွယ်ရေး အတားအဆီးများကို အဆင့်မြှင့်သွားမည့်နေရာများကို ရွေးချယ်သတ်မှတ်ရန် ဆွေးနွေးခဲ့သည်။

"ရေဘေးအန္တရာယ်ဟာ ပြည်သူတွေရဲ့ အသက်အိုးအိမ်စည်းစိမ်တွေကို ထိခိုက်ပျက်စီးစေနိုင်တဲ့ သဘာဝဘေးဒဏ် ဖြစ်ပါတယ်။ တစ်ခါတစ်လေမှာ ထင်မှတ်မထားတဲ့ ဆုံးရှုံးမှုတွေကို ဖြစ်ပေါ်စေပါတယ်။ ဝန်ကြီးဌာနအနေနဲ့ Floods Resilience Taskforce (FRT) ကို ဖွဲ့စည်းခဲ့ပြီးတဲ့နောက် ရေဘေးအန္တရာယ် ကာကွယ်ရေး အတားအဆီးတွေကိုတည်ဆောက်လာနိုင်ခဲ့သလို ရေဘေးအန္တရာယ် ထိခိုက်ပျက်စီးမှုတွေကို သိသိသာသာ လျှော့ချလာနိုင်ခဲ့ပါတယ်။ ရေဘေးအန္တရာယ် ကာကွယ်ရေး စီမံချက်အသစ်တွေအရ ရေကြီးရေလျှံမှု အတားအဆီးတွေကိုလည်း အဆင့်မြှင့်တင်တည်ဆောက်သွားမှာဖြစ်ပါတယ်" ဟု Minister for Water and Flooding ဝန်ကြီးအမ်မာဟက်ဒီက ပြောကြားသွားခဲ့သည်။

Ref : Sputnik News

Trs : Sai Sat

ကမ္ဘာ့နိုင်ငံအသီးသီးတွင် စားသောက်ကုန်ထုတ်လုပ်မှုကဏ္ဍ ရာသီဥတုဖောက်ပြန်မှု၏ စိန်ခေါ်မှုဖြင့်ရင်ဆိုင်နေရ

ကင်ဘာရာ စက်တင်ဘာ ၉

ကမ္ဘာ့နိုင်ငံအသီးသီးတွင် စားသောက်ကုန် ထုတ်လုပ်မှုကဏ္ဍသည် ရာသီဥတုဖောက်ပြန်မှု၏ စိန်ခေါ်မှုဖြင့် ရင်ဆိုင်နေရကြောင်း ဩစတြေးလျှနိုင်ငံ မဲလ်ဘုန်းတက္ကသိုလ်မှ သုတေသီများ အဖွဲ့ခေါင်းဆောင် ပရော်ဖက်ဆာဖရမ်ဘယ်လာက ပြောကြားသွားခဲ့ကြောင်း ယနေ့သတင်းများတွင် ဖော်ပြထားသည်။

ကမ္ဘာ့နိုင်ငံများတွင် စားသောက်ကုန် ထုတ်လုပ်မှုကဏ္ဍ ရင်ဆိုင်နေရသည့် ရာသီဥတုဖောက်ပြန်မှု၏ ကြီးမားသော စိန်ခေါ်မှုကို ရင်ဆိုင်နိုင်ရေးအတွက် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး လုပ်ငန်းများသည် အဓိကကျသည့် ကဏ္ဍဖြစ်ကြောင်း ပရော်ဖက်ဆာ ဖရမ်ဘယ်လာက ပြောကြားသွားခဲ့သည်။

"ရာသီဥတုဖောက်ပြန်မှုဟာ တစ်ကမ္ဘာလုံး ရင်ဆိုင်နေရတဲ့ စိန်ခေါ်မှု တစ်ရပ်ဖြစ်ပါတယ်။ ကဏ္ဍအသီးသီးမှာ စားနပ်ရိက္ခာ လုံခြုံမှုအတွက် ရာသီဥတုဖောက်ပြန်မှုဟာ ကြီးမားတဲ့စိန်ခေါ်မှု ဖြစ်နေပါတယ်"ဟု ပရော်ဖက်ဆာဖရမ်ဘယ်လာက ပြောကြားခဲ့သည်။

ယခင်က ဩစတြေးလျှနိုင်ငံတွင် စားသောက်ကုန်ထုတ်လုပ်မှုမှာ သုံးစွဲနိုင်သည့်ပမာဏထက် ပိုလျှံစွာ ထုတ်လုပ်နိုင်သော်လည်း ရာသီဥတုဖောက်ပြန်မှု မြင့်မားလာပြီးနောက် စားသောက်ကုန်ထုတ်လုပ်နိုင်မှုနှုန်း သိသိသာသာ ကျဆင်းလာကြောင်း ပရော်ဖက်ဆာဖရမ်ဘယ်လာ ဦးဆောင်သည့် သုတေသီများအဖွဲ့က ထုတ်ပြန်ခဲ့ကြောင်း သိရသည်။

Ref : Russia Today

Trs : Sai Sat

အိုမန်နိုင်ငံတွင် မိုးသည်းထန်စွာရွာသွန်းခဲ့ပြီး ရေကြီးရေလျှံမှုဖြစ်ပေါ်လာနိုင်သည့်အတွက် CAA က ရေဘေးအန္တရာယ်သတိပေးချက် ထုတ်ပြန်

မတ်စ်ကတ် စက်တင်ဘာ ၉

အိုမန်နိုင်ငံ အရှေ့ဘက်ပိုင်းနှင့် မြောက်ဘက်ပိုင်းတို့တွင် စက်တင်ဘာ ၇ ရက်မှစတင်၍ မိုးသည်းထန်စွာ ရွာသွန်းခဲ့ပြီး စက်တင်ဘာ ၈ ရက်မှစတင်၍ အနိမ့်ပိုင်းနေရာများတွင် ရေလွှမ်းမှုများ ဖြစ်ပေါ်လာသည့်အတွက် Civil Aviation Authority (CAA) က ရေဘေးအန္တရာယ်သတိပေးချက် ထုတ်ပြန်သွားခဲ့ကြောင်း ယနေ့သတင်းများတွင် ဖော်ပြထားကြောင်း သိရသည်။

အိုမန်နိုင်ငံ အရှေ့ဘက်ပိုင်းနှင့် မြောက်ဘက်ပိုင်းတို့တွင် မိုးသက်လေပြင်း ကျရောက်ခဲ့သည့်အတွက် ရေကြီးရေလျှံမှုမှာ အန္တရာယ်ရှိသည့်အဆင့်သို့ ရောက်ရှိလာနိုင်ပြီး ရေလွှမ်းနေသည့် နေရာများကို မော်တော်ယာဉ်များ ဖြင့် ဖြတ်သန်းမောင်းနှင်ခြင်းကို သတိပြုသင့်ကြောင်း မိုးထပ်မံရွာသွန်းလာပါက ရေဘေးအန္တရာယ် အရေးပေါ်အခြေအနေကို ရောက်ရှိသွားနိုင်ကြောင်း CAA က သတိပေးချက် ထုတ်ပြန်ခဲ့ကြောင်း သိရသည်။

မိုးသက်လေပြင်း တိုက်ခတ်မှုကြောင့် လေပြင်းတိုက်ခတ်မှုနှင့်အတူ သဲကန္တာရမှ သဲမှုန့်များလည်း ရောနှောပါဝင်နေသည့်အတွက် ကျန်းမာရေးအရအပြင် သို့ထွက်၍ လေ့ကျင့်ခန်းပြုလုပ်ခြင်းကို ခေတ္တရပ်နားထားရန် မိုးရွာသွန်းမှုနှင့်အတူ မြူခိုးများ ပိတ်ဖုံးနေသည့်အတွက် မြင်ကွင်းမရှင်း၍ ယာဉ်မတော်တဆမှုများ ဖြစ်ပေါ် လာနိုင်သည့်အတွက် မော်တော်ယာဉ်များ အသုံးပြုခြင်းကို အထူးသတိပြုရန်လည်း CAA က ညွှန်ကြားချက် ထုတ်ပြန်ထားကြောင်း သိရသည်။

Ref : Russia Today

Trs : Sai Sat

အာဖဂန်နစ္စတန်နိုင်ငံတွင် ငလျင်ဒဏ်သင့်ပြည်သူများကို နေရပ်သို့ပြန်ခွင့်ပြုထားသော်လည်း မြေပြိုမှုများ ဖြစ်ပေါ်လာနိုင်သည့်အတွက် ပြည်သူများ ငြင်းဆန်

ကဘူးလ် စက်တင်ဘာ ၉

အာဖဂန်နစ္စတန်နိုင်ငံ ကူနာစီရင်စုတွင် သြဂုတ် ၃၁ ရက်မှ စတင်၍ ငလျင်သုံးကြိမ်လှုပ်ခတ်ခဲ့ပြီး ငလျင်အခြေအနေတည်ငြိမ်သွားပြီဖြစ်သဖြင့် စက်တင်ဘာ ၈ ရက်တွင် ငလျင်ဒဏ်သင့်ပြည်သူများကို နေရပ်သို့ပြန်ခွင့်ပြုထားသော်လည်း ဒေသခံပြည်သူများက မိုးရွာသွန်းမှုများရှိလာ၍ မြေပြိုမှုများ ဖြစ်ပေါ်လာနိုင်သည့်အတွက် နေရပ်သို့ပြန်ရန် ငြင်းဆိုနေကြောင်း တာလီဘန်အစိုးရက ထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများတွင် ဖော်ပြထားသည်။

အာဖဂန်နစ္စတန်နိုင်ငံတွင် ငလျင်လှုပ်ခတ်မှုကြောင့် သေဆုံးသူ ဦးရေ ၂၂၀၀ ကျော်ရှိခဲ့သလို ထိခိုက်ဒဏ်ရာရရှိသူ ဦးရေ ၃၆၀၀ ကျော်ထိရှိခဲ့ပြီး ဘေးလွတ်ရာရွှေ့ပြောင်းခဲ့ရသူ အမြောက်အမြားကို ယာယီကယ်ဆယ်ရေး စခန်းများတွင် နေရာချပေးထားကြောင်း၊ နိုင်ငံတကာ၏ အကူအညီကို ရယူထားပြီး ကူညီထောက်ပံ့ပေးမှုများ ပြုလုပ်လျက်ရှိသော်လည်း ယာယီကယ်ဆယ်ရေး စခန်းများတွင် နေရာမလုံလောက်မှုများ ရှိနေကြောင်း၊ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်တော့မည်ဖြစ်သည့်အတွက် ယာယီကယ်ဆယ်ရေးစခန်းများ နေရာချပေးထားသည့်ပြည်သူများ နေရပ်သို့ ပြန်နိုင်ပြီဖြစ်ကြောင်း တာလီဘန်အစိုးရက ထုတ်ပြန်သွားခဲ့သည်။

"ငလျင်လှုပ်ခတ်ခဲ့တဲ့ နေရာတွေမှာ မိုးရွာသွန်းမှုတွေရှိလာတဲ့အတွက် ငလျင်ဒဏ်ကြောင့် ဘေးလွတ်ရာ ရွှေ့ပြောင်းခဲ့ရတဲ့ ဒေသခံတွေဟာ နေရပ်ကိုပြန်ဖို့ စိုးရိမ်နေကြပါတယ်"ဟု တာလီဘန် အစိုးရအဖွဲ့မှ တာဝန်ရှိသူ တစ်ဦးက ပြောကြားသွားခဲ့သည်။

Ref : Russia Today

Trs : Sai Sat

ဗီယက်နမ်နိုင်ငံတွင် ဇီဝမျိုးစုံမျိုးကွဲများ မျိုးသုဉ်းမည့်အရေးနှင့် ရင်ဆိုင်လာရသည့်အတွက် ဇီဝမျိုးစုံမျိုးကွဲဆိုင်ရာဥပဒေကို ပြန်လည်စိစစ်မည်

ဟနွိုင်း စက်တင်ဘာ ၉

ဗီယက်နမ်နိုင်ငံတွင် ရာသီဥတုဖောက်ပြန်မှုကြောင့် ဇီဝမျိုးစုံမျိုးကွဲများ မျိုးသုဉ်းမည့်အရေးနှင့် ရင်ဆိုင်လာရသည့်အတွက် ဇီဝမျိုးစုံမျိုးကွဲဆိုင်ရာ ဥပဒေကို ပြန်လည်စိစစ် သွားမည်ဖြစ်ကြောင်း ဗီယက်နမ်စိုက်ပျိုးရေးနှင့် သဘာဝပတ်ဝန်းကျင် ဝန်ကြီးဌာနက ထုတ်ပြန်သွားခဲ့သည်ဟု ယနေ့သတင်းများတွင် ဖော်ပြထားသည်။

ဗီယက်နမ်နိုင်ငံတွင် ဇီဝမျိုးစုံမျိုးကွဲတချို့ မျိုးသုဉ်းမည့်အရေးမှ ကာကွယ်ပေးနိုင်ရေးအတွက် တင်းကြပ်သော ဇီဝမျိုးစုံမျိုးကွဲဆိုင်ရာဥပဒေများဖြင့် ထိန်းသိမ်းသွားမည်ဖြစ်ကြောင်း ဗီယက်နမ်စိုက်ပျိုးရေးနှင့် သဘာဝပတ်ဝန်းကျင် ဝန်ကြီးဌာနက ထုတ်ပြန်သွားခဲ့သည်။

"ဗီယက်နမ် နိုင်ငံအနေနဲ့ သဘာဝပတ်ဝန်းကျင် စိမ်းလန်းဖွံ့ဖြိုးတိုးတက်ရေး ရည်မှန်းချက်ကိုအောင်မြင်စွာ အကောင်အထည်ဖော်ဖို့ အရှိန်မြှင့်တင်ဆောင်ရွက်နေပါတယ်။ ဒီလိုဆောင်ရွက်တဲ့ နေရာမှာ တိကျခိုင်မာပြီး တင်းကြပ်တဲ့ နည်းဥပဒေတွေ ရှိနေဖို့ လိုအပ်တာကြောင့် လက်ရှိပြဋ္ဌာန်းထားတဲ့ ဇီဝမျိုးစုံမျိုးကွဲဆိုင်ရာ ဥပဒေကို ပြန်လည်စိစစ်သွားပါမယ်" ဟု ဗီယက်နမ်စိုက်ပျိုးရေးနှင့် သဘာဝပတ်ဝန်းကျင် ဝန်ကြီးဌာနမှ ဒုတိယဝန်ကြီးဖြစ်သူ ဖွန်ဒက်တင်က ပြောကြားသွားခဲ့သည်။

ရှားပါးဇီဝမျိုးစုံမျိုးကွဲတစ်ချို့မှာ ရာသီဥတုဖောက်ပြန်မှုကြောင့် မျိုးသုဉ်းမည့်အရေးဖြင့် ရင်ဆိုင်နေရသလို တချို့သော မျိုးစိတ်များမှာ လူသားတို့၏ လုပ်ရပ်ကြောင့် မျိုးသုဉ်းမည့်အရေးဖြင့် ရင်ဆိုင်နေရခြင်းကြောင့် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အရေးပါသည့် ဇီဝမျိုးစုံမျိုးကွဲများကို ကာကွယ် စောင့်ရှောက်ရေးသည် အရေးကြီးသည့် လုပ်ငန်းစဉ်ဖြစ်ကြောင်း ဗီယက်နမ် စိုက်ပျိုးရေးနှင့် သဘာဝပတ်ဝန်းကျင် ဝန်ကြီးဌာနမှ ဒုတိယဝန်ကြီးဖြစ်သူ ဖွန်ဒက်တင်က ပြောကြားသွားခဲ့သည်။

Ref : Sputnik News

Trs : Sai Sat

ရွှေဖီး BLACK TEA (နောင်တရား) ကို
Export Quality အဆင့်မီစွာ ထုတ်လုပ်ဖြန့်ဖြူးလျက်ရှိပါသည်။

သဘာဝအဝမ်းမို့ အရသာထူး မိတ်ရွှင်ကြည်နူး ....

(ASEAN-OSHNET AWARD) တွင်
BEST Practices Award ရရှိခဲ့သည့် ရွှေဖီး

ရွှေဖီး

ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၉ ၃၀၈၆၁၆၅၅၊ ၀၉ ၄၂၀၂၁၉၄၃၆
STARMART nine mile Showroom -(၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀
KHA YAE PIN MART-မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅
STARMART MANDALAY Wholesale-၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄
STARMART Nay Pyi Taw-ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇

အများသိစေရန် ကြေညာခြင်း

စစ်ကိုင်းတိုင်းဒေသကြီး၊ မြင်းမူမြို့နယ်၊ အာလ္လကပ္ပရွာနေ ဒေါ်ခင်ညို (ဘ) ဦးစိမ့်၊ နိုင်ငံသားစိစစ်ရေးကတ်အမှတ်(၅/မမတ(နိုင်)၀၁၈၇၄၈)ကိုင်ဆောင်သူက ခင်ပွန်းဦးအောင်ဆန်းဦး ကွယ်လွန်ပြီးနောက် ကျွန်မမှာ အသက်အရွယ်ကြီးရင့်သူဖြစ်သောကြောင့် ညီမဝမ်းကွဲတော်သူ၏သမီးဖြစ်သူ တူမဝမ်းကွဲ မအေးအေးမြင့် (ဘ) ဦးမောင်မောင်ကြီးကို လွန်ခဲ့သော (၃)နှစ်ခန့်က ကိတ္တိမသမီးအဖြစ် သက်သေများရှေ့တွင် အရပ်ကတိစာချုပ်ပြုလုပ်မွေးစားခဲ့ပါသည်။ မွေးစားခံရသူ မအေးအေးမြင့်မှာ ကိတ္တိမမွေးစား စာချုပ်ပြုလုပ်ပေးပြီးသည့်အချိန်မှစ၍ မွေးစားမိခင် ဒေါ်ခင်ညိုကို သားသမီး၀တ္တရားနှင့်အညီစောင့်ရှောက်ပြုစုခြင်းမရှိ ကျွေးမွေးထောက်ပံ့ခြင်းမရှိသည့်အပြင် ဒေါ်ခင်ညို လက်ရှိနေထိုင်ပိုင်ဆိုင်သောအိမ်ကို ရောင်းချခိုင်းခြင်း၊ ရောင်းမရသည့်အခါ ပေါင်ခိုင်းခြင်း၊ နယ်မြေမအေးချမ်း၍ ရောင်းခြင်း၊ပေါင်ခြင်းပြုလုပ်မရသောအခါ မွေးစားမိခင်အား ရန်သူကဲ့သို့ဆက်ဆံလာခြင်းနှင့် စိတ်ဆင်းရဲ ကိုယ်ဆင်းရဲဖြစ်အောင် အကြိမ်ကြိမ်ပြုလုပ်လာပါသောကြောင့် ကိတ္တိမ မွေးစားသမီးအဖြစ်မှ ပယ်ဖျက်လိုက်ကြောင်းကို မအေးအေးမြင့်နှင့် အများသိစေရန် ကြော်ငြာရခြင်းဖြစ်ပါသည်။ နောင်အခါ မအေးအေးမြင့်နှင့်ပတ်သက်သော ကိစ္စအ၀ဝမှန်သမျှသည်လည်းကောင်း၊ ဒေါ်ခင်ညိုနှင့်ပတ်သက်သော ကိစ္စအ၀ဝမှန်သမျှသည်လည်းကောင်း၊ တစ်ဦးနှင့်တစ်ဦး လုံး၀ပတ်သက်၊ စပ်ဆိုင်ခြင်းမရှိပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

စုံစမ်းမေးမြန်းခြင်းသည်းခံပါ။

ဒေါ်ခင်ညို (ဘ) ဦးစိမ့်
၅/မမတ(နိုင်)၀၁၈၇၄၈

ဖခင်အမည်မှန်

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ စိတ်ကူးသစ်ကိုယ်ပိုင်အထက်တန်းကျောင်း၊ Grade–5 တွင် ပညာသင်ကြားနေသော မောင်လီပီတာ၏ဖခင်အမည်မှန်မှာ အိမ်ထောင်စုလူဦးရေစာရင်းအရ ဦးဖူဆာလီ ဖြစ်ပါကြောင်း။

ဦးဖူဆာလီ(၁/တနန(နိုင်)၀၂၄၄၀၃)

တစ်ဦးတည်းဖြစ်ပါကြောင်း

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ သမန်းကုန်းရပ်ကွက်နေ မောင်ချစ်ကိုကိုလတ်(၅/ကလတ(နိုင်) ၁၀၄ ၀၁၄)၏ဖခင်အမည်မှာ ဦးစိုးဝင်း (ခ) ဦးမောင်စိုးမှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

ဦးစိုးဝင်း (ခ) ဦးမောင်စိုး(၅/ကလတ(နိုင်)၀၃၈၃၂၁)

ဖခင်အမည်မှန်

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ မဟာကိုယ်ပိုင်အထက်တန်းကျောင်း၊ Grade–9 တွင် ပညာသင်ကြားနေသော မအိန်ဂျယ်လင်း၏ဖခင်အမည်မှန်မှာ နိုင်ငံသားစိစစ်ရေးကတ်အရ ဦးလင်းလင်းဖြစ်ပါကြောင်း။

ဦးလင်းလင်း(၉/ခမစ(နိုင်)၀၁၈၀၈၅)

အမည်ပြောင်း

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ စံဟိန်းကိုယ်ပိုင်အထက်တန်းကျောင်း၊ Grade–4 တွင် ပညာသင်ကြားနေသော (ဘ) ဦးထွန်းနိုင်ဦး၏သား မောင်သက်တန့်ရောင်အား မောင်ဟန်သာဟိန်းဟု အမည်ပြောင်းလဲခေါ်ဆိုပါရန်။

မောင်ဟန်သာဟိန်း

မွေးသက္ကရာဇ်အမှန်

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ အမှတ်(၈) အခြေခံပညာအထက်တန်းကျောင်း၊ Grade–12 တွင် ပညာသင်ကြားနေသော (ဘ) ဦးသန်းထွန်း၏ သမီး မရှန်းလဲ့မိုး၏ မွေးသက္ကရာဇ်အမှန်မှာ နိုင်ငံသားစိစစ်ရေးကတ်နှင့် အိမ်ထောင်စုလူဦးရေစာရင်းအရ ၁၃-၂-၂၀၀၈ ဖြစ်ပါကြောင်း။

မရှန်းလဲ့မိုး၊ ၁၃-၂-၂၀၀၈

ပြောက်ဆုံးကြောင်း

ပုသိမ်ကြီးမြို့နယ်၊ အမှတ်(၁၂)၊ ထုံးဘိုကျေးရွာနေ မောင်မင်းသူ (ဘ) ဦးဇော်မိုး(၉/ပသက(နိုင်)၁၂၆၉၅၆)၏ နိုင်ငံကူးလက်မှတ်အမှတ်(M–915471)မှာ ပြောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ 09–980263613

ပြောက်ဆုံးကြောင်း

ညောင်ဦးမြို့နယ်၊ ဆည်ကျေးရွာနေ ဦးဆန်းလင်း (ဘ) ဦးသန်းထွန်း (၉/သရ(နိုင်)၀၀၂၆၇၈)၏ နိုင်ငံကူးလက်မှတ် အမှတ်(MA–903835)မှာ ပြောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ 09–446273376

သင့်သွေးဖြင့် အသက်ကယ်ပါ

❖ နိုင်ငံတစ်ခုဖွံ့ဖြိုးတိုးတက်ခြင်း၏အခြေခံသည် တည်ငြိမ်အေးချမ်းပြီး လက်နက်ကိုင်ပဋိပက္ခများ ကင်းဝေးရန်ပင်ဖြစ်...

❖ သို့မှသာ အခြေခံအဆောက်အအုံများ တည်ဆောက်နိုင်ပြီး ကုန်စည်ကူးသန်းရောင်းဝယ်မှုကောင်းမွန်လာမည်ဖြစ်...

❖ အလားတူ ဒေသခံများ၏ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးကဏ္ဍစုံ ကိုလည်း ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်မည်ဖြစ်...

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၅ ခုနှစ် ဇန်နဝါရီ ၄ ရက်တွင်ပြုလုပ်သော တပ်မတော်စွမ်းရည်သတ္တိဆိုင်ရာ ဂုဏ်ထူးဆောင် တံဆိပ်ချီးမြှင့်အပ်နှင်းခြင်းအခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

❖ နိုင်ငံတော်ရှေ့သီးဖို့ ကုန်ထုတ်လုပ်မှုအားပေးစို့။

❖ နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့။

❖ နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင်ထိန်းကြစို့။

မြန်မာနေရှင်နယ်လိဂ် ယူ-၂၁ ပြိုင်ပွဲ ပွဲစဉ်(၁၉)တွင် ရှမ်းယူနိုက်တက်၊ ရန်ကုန်ယူနိုက်တက်၊ ဒဂုံစတားအသင်းတို့ နိုင်ပွဲကိုယ်စီရရှိ

နေပြည်တော် စက်တင်ဘာ ၉

မြန်မာနေရှင်နယ်လိဂ် ယူ-၂၁ ပြိုင်ပွဲ ပွဲစဉ်(၁၉) ပွဲစဉ်များကို ယနေ့ညနေပိုင်းက ရန်ကုန်မြို့တွင် ကျင်းပခဲ့ရာ ရှမ်းယူနိုက်တက်၊ ရန်ကုန်ယူနိုက်တက်၊ ဒဂုံစတားအသင်းတို့ နိုင်ပွဲကိုယ်စီရရှိခဲ့ကြောင်း သိရသည်။

ယနေ့ညနေ ၃ နာရီခွဲက ရန်ကုန်မြို့ရှိ ဗဟန်းအားကစားကွင်းတွင် ရှမ်းယူနိုက်တက်အသင်းနှင့် Falcon အသင်းတို့ယှဉ်ပြိုင်ကစားကြရာ ရှမ်းယူနိုက်တက်အသင်းက နှစ်ဂိုး တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ပြီး ရှမ်းယူနိုက်တက်အသင်းအတွက် သွင်းဂိုးများကို ပွဲချိန်ရှစ်မိနစ်တွင် ထက်ရှိုင်းအောင်၊ ပွဲချိန် ၈၁ မိနစ်တွင် ခွန်မြင့်ဆွေ၊ Falcon အသင်းအတွက် သွင်းဂိုးကို ပွဲချိန် ၇၁ မိနစ်တွင် မြင့်မြတ်ကိုကိုက သွင်းယူပေးနိုင်ခဲ့သည်။

ဆက်လက်၍ YUSC အားကစားကွင်းတွင် ရန်ကုန်ယူနိုက်တက်အသင်းနှင့် ဒဂုံပေါ့အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ စာမျက်နှာ ၂၂ ကော်လံ ၁ ☆

တရားမဝင် သစ်မျိုးစုံ၊ လူသုံးကုန်ပစ္စည်း၊ လုပ်ငန်းသုံးပစ္စည်း၊ စားသောက်ကုန်ပစ္စည်းများ၊ လိုင်စင်မဲ့မော်တော်ယာဉ်များနှင့် လိုင်စင်မဲ့မော်တော်ဆိုင်ကယ်များ ဖမ်းဆီးရမိ

နေပြည်တော် စက်တင်ဘာ ၉

တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင် ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူ နိုင်ရေး ဆောင်ရွက်လျက်ရှိရာ စစ်ကိုင်းတိုင်းဒေသကြီး တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး အထူး အဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျ ပူးပေါင်းအဖွဲ့များက

စာမျက်နှာ ၂၂ ကော်လံ ၄ ❑

ပဲခူးတိုင်းဒေသကြီး၌ ဖမ်းဆီးရမိမှု မှတ်တမ်းဓာတ်ပုံ။

ပါတီစုံ ဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲများကို နှောင့်ယှက်ဟန့်တား ဖျက်ဆီးခြင်းမှ ကာကွယ်ပေးရေး ဥပဒေပုဒ်မ ၂၃ (က)အရ ပြစ်ဒဏ်ချမှတ်

စာမျက်နှာ - ၂၂